


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၆ အောက်တိုဘာလ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ဦးကံကောင်း
ကွန်ပျူတာ - ချယ်ရီမေ
အတွင်းဖလင် - ADORN၊
ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၀၃၇၄)
ဇင်ရတနာစာပေ
၂၀၉၊ က/၄ ထပ်၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မြင့်မိုး (မြ-၀၀၄၅၉)
မိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ကေနိမင်း ၊ ၃၉၈.၂
ကျွဲစီးသရဲ နဲ့ မဇဲဂါ / ကေနိမင်း။
ရန်ကုန်၊
ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။
၂၇၂-စာ၊ ၁၂ x ၁၈ စင်တီ

BURMESE CLASSIC

# ကျွဲစီးသရဲ နဲ့ မဇဲဂါ

ကေနိမင်း

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ ကျွဲစီးသရဲနှင့် မဖဲဝါ

၂။ ခြောက်လောင်းမြို့ဒီမိကြီး ၄

၃။ သုံးနာရီအချိန်မှန်နှိုးသည့်တာရွှေကြီး ၄

၄။ မကျွတ်မလွတ်သေးသည့် သရဲခြောက်ကောင် ၆

၅။ သရဲမျက်ရုံး ၁၃

၆။ ဝမ်းတွင်းပါတိုက်မြေ ၁၉


BURMESE CLASSIC

# ကျွဲစီးသရဲနှင့် မဖဲဝါ

ကဆုန်လပြည့်စာနီးမှ မိုးက တစ်ပြိုက်၊ နှစ်ပြိုက် ရွာလာသည်။ သာဓုရေးတစ်ယောက် တဲအဝမှာရပ်ပြီး တဲကျွန်းအမိုးတစ်ပင်တည်း စိုက်ထားသော ဗိတောက်ပင်ကြီးအတွက် ဝမ်းသာနေမိသည်။

တပေါင်း၊ တန်ခူးလများတုန်းက နေချစ်ချစ်တောက်လွှမ်းလှသည်။ တန်ခူးလ သင်္ကြန်ရောက်လျှင် ရွာနေကြမိုး သင်္ကြန်ကျချိန် ရွာတတ်သလို သင်္ကြန်ကျပြီးမှလည်း ရွာတတ်သည်။

သင်္ကြန်လက်ဆောင်မိုးလို့ ခေါ်ကြသည်။ ထိုမိုးလေး တစ်ပြိုက်နှစ်ပြိုက် ရွာလိုက်ပါမှ ပင်လုံးကျွတ်ဖူး ပူးနေသည့် ဗိတောက်တို့လည်း ပွင့်ကြမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့မှသာ ဝိတောက်နှင့်သင်္ကြန် သဘာဝတ ဖြစ်ပေလိ
မည်။

ဒီနှစ်မှာတော့ တန်ခူးလဆန်းကတည်းက သင်္ကြန်ကျပြီ
တန်ခူးလမှာ မိုးမရွာ။

တန်ခူးလဝင် ကုန်ခဲ့ပြီ၊ မိုးသားမိုးရိပ်တို့ တက်မလ
အမွှန်တို့က ဆိုးပြီးတက်နေသည်။ သင်္ကြန်ကတည်းက ပွင့်
တာရှည်နေသော ဝိတောက်ဖူးတို့ကလည်း မိုးရေမထိသဖြင့် ဖူးတံ
ရှင်ကာ မြေမှာတဖြုတ်ဖြုတ် ကြွေကျကုန်ပြီ။

အပွင့်အဖြစ် မရောက်တော့ဘဲ ဖူးတံတွဲတွဲသာ ကျ
တော့သည်။ မြေပေါ်မှာ ဝိတောက်ဖူးငုံလေးများ ကြွေကျထားသ
မြသားကမ္ဘလာ ခင်းထားသလို ဖြစ်နေသည်။

ကဆုန်လပြည့်စား နီးတော့ ဘင်္ဂလားပင်လယ်အော်
မုန်တိုင်း ဖြစ်နေသည်။ နှစ်ရက် သုံးရက်အတွင်း အောက်မြ
နိုင်ငံမှာ မိုးရွာမည်တဲ့ မိုးလေဝသဌာနက ကြေညာသည်။

မိုးရွာစေချင်သူတို့ ဝမ်းသာနေကြသည်။ ကြေညာသ
အတိုင်း ကဆုန်လပြည့်နေ့ မနက်ပိုင်းကစပြီး မိုးရွာပါတော့သ

ရွာမည့် ရွာတော့လည်း သဲသဲမဲမဲ ရွာပါတော့သ
နောက်နေ့လည်း ဆက်ရွာသည်။



ဝိတောက်ပင်မှ ဖူးငုံလက်ကျန်တို့ ပွင့်လာကြသည်။
အရောင်ကလည်း ဖျော့ဖျော့၊ အနံ့ကလည်း သင်းပျံ့ပျံ့သာ မွှေး
နိုင်တော့သည်။

မိုးမရွာ၍ တင်းခံနေသော ဝိတောက်ဖူးတို့ သူ့ထက်ငါ
အပြိုင်ပွင့်ပြီး ညနေအားလုံး အပင်ပေါ်မှ ကြွေကျကုန်သည်။

သာဌေးတစ်ယောက် မိုးဆက်တိုက်ရွာနေသဖြင့် တဲပေါ်မှာ
မှောက်လျက်အနေအထားမှ ကလားတံခါးကိုဖွင့်ပြီး ရေစီးကို
ကြည့်နေသည်။

ရေပေါ်မှာ ဝိတောက်ပွင့်ဖတ်လေးများ မျောပါနေသည်။
တဲတံစက်မြိတ်အောက် စီးဆင်းနေသော ရေစီးကြောင်းကို ကြည့်
ကောင်းကောင်းနှင့် ကြည့်နေစဉ် ...

"တာ"

"ငါးရစ်တွေ ... တက်နေတာပါလား"

သာဌေး စိတ်တွေ မရိုးမရွ ဖြစ်လာသည်။

ထို့ကြောင့် တဲနံရံမှာ ပလိုင်းနှစ်လုံး ချိတ်ထားရာ ပလိုင်း
အကောင်းကိုဖြုတ်ပြီး ကိုင်းခုတ်ဓါးတစ်ချောင်းဆွဲ၍ တဲအောက်သို့
ဆင်းခဲ့သည်။

မိုးကလည်း သဲသဲမဲမဲ ရွာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေစီးကြောင်းကို ဆန်တက်လာနေသော ငါးများကို လိုက်ဖမ်းနေသည်။

ဖမ်း၍ရသောငါးက ငါးမြေမ အရများသည်။

ဇာမှနေ၍ ရွာသစ်သို့ ဖမ်းလာခဲ့သည်။ ရေစီးကြောင်းများမှာ ရေက မြေမှုက်စိမ့်ရှိသော ငါးရှဉ့်ငါးများကို စပ်လှမ်းလှမ်းမှာပင် မြင်နေရသည်။

ရွာနားရောက်တော့ အကောင်နှစ်ဆယ်ကျော် သုံးဆယ်ခန့်ရနေပြီ။ အကုန်ဖမ်း၍ မရ၊ ဖမ်း၍သာရလျှင် ပလိုင်းတစ်ဝက်ကျော်မည်။

ရသော ငါးများကို အိမ်မှာ ဝင်ပေးရန် ရွာထဲ ဝင်လာခဲ့သည်။ အချိန်က ညနေ လေးနာရီခန့် ရှိပြီ။

မိုးဇာ ရွာတောင်းတုန်း။

ရွာထဲမှာလည်း ငါးရှဉ့်ငါးဖမ်းသူများကို တွေ့ရသည်။ သာဒွေးတစ်ယောက် ရွာထဲရောက်မှပင် ငါးရှဉ့်ငါးလေးကောင်ဖမ်း၍ ရခဲ့သေးသည်။

အိမ်သို့ရောက်ခဲ့သည်၊ အိမ်မှာ ယောက္ခမအဖိုးကြီး၊ အဘွားကြီးလင်မယားနှင့် ဇနီးသိန်းမေတို့ ရှိနေကြသည်။

"သိန်းမေ ... အငယ်ကောင် အရှားကျသွားပြီလား"



"အရှား ရောသွားပြီ၊ အခု ဆေးသောက်ပြီး အိပ်နေ

"လာ ... ထည့်စရာယူခဲ့၊ ငါးရှဉ့်ငါးတွေရလာလို့

တာ၊ အိုင်ပေါ် မတက်တော့ဘူး။ အဝတ်တွေ ရေရှိနေ

တဲ့မှာလည်း ဒီအတိုင်း ထားခဲ့တယ်၊ မြန်မှ ခြစ်မယ်"

"ထမင်းစားသွားလေ ... အဝတ်အစား လဲလို့ရ

"မစားတော့ဘူး မိန်းမ၊ မနက်က ထမင်းနဲ့ဟင်း

သေးတယ်။ နောက်နှစ်ရက်နေရင် လိုတာ ဝယ်ယူမယ်။ ဖြစ်

တို့၊ ဒီတို့ လူကြီးရင်လည်း ပေးလိုက်ဖို့"

"လူကြီးကတော့ ရှိပါတယ်၊ ရွာမနေနဲ့တော့

ပေးလိုက်မယ်။ ထမင်းမစားတော့ဘူးဆိုရင်လည်း မြန်တော့

ရောက်ချင်း အဝတ်အစားလဲပြီး နွေးနွေးထွေးထွေးနေနိုင်"

သာဒွေး ရွာကအပြန် မိုးတဖွဲဖွဲလေးသော ရွာတော

ငါးမြေမအကောင်ကြီးကြီး ချောက်ကောင် မြန်ယူခဲ့သည်။

ရွာက မြန်လာတော့ ငါးနာရီနီးပါးရှိပြီ၊ မိုး

တို့ကြောင့် မိုးမချုပ်သေးသော်လည်း မှောင်စပြုပြီ။

ရွာအထွက်မှာ စိုးညွန့်နှင့်တို့၍ အရက်ဆိုင်

မက ခေါ်သည်။

"လာပါဗျာ ... ငါတစ်ယောက်တည်းမို့လို့

www.burmeseclassic.com

www.burmeseclassic.com



ရှာနေတာ မင်းနဲ့တွေ့တာ ကံကောင်းတာပဲ ... ငါတိုက်မှာပါ”

သာဒွေးက မိုးရိုးတား၍ အနည်းငယ် ချမ်းစပြုပြီး မိုးညွန့် အိမ်ရှေ့ထွယ်လိုက်ရ။ ရွာမထွက်ခင် လမ်းဘေးမှာ ကိုလှရွှေ၏ အရက်ဆိုင်ရှိသည်။

ထိုဆိုင်မှာ အရက်တစ်ပုလင်းမှာပြီး သောက်ကြသည်။ တစ်ပုလင်းကုန်တော့ နှစ်ပုလင်းဖြစ်သွားသည်။ အချိန်က ခြောက်နာရီထိုးတော့မည်။

“ငါ တော်ပြီ၊ မှောင်လည်း မှောင်နေပြီ၊ တဲပြန်ရအုံးမယ်”

“တဲ ... ပြန်ချင်လည်း မတားတော့ဘူး၊ ရော့ ... ဒီ တစ်ခွက်တော့ သောက်လိုက်၊ ငါလည်း ဒီတစ်ခွက်သောက်ပြီး ပြန်တော့မယ်၊ မိုးလည်း ရပ်သွားပြီ”

“သာဒွေး ... မင်းပြန်ရင်း တောရိုက်သွားမှာလား။ ငါလည်း အိမ်ပြန်ပြီး တောရိုက်ထွက်အုံးမယ်”

“တောရိုက်လို့တော့ ရမှာမဟုတ်ဘူး၊ ငါ့ဝမ်းမိုးပါမှ ရိုက်လို့ရမှာ၊ တဲမှာ ခွေးတွေ ဒီအတိုင်းထားခဲ့ရတာ၊ အခု အချိန်ခွဲနေလို့ မဖြစ်တော့ဘူး။ ငါ ပြန်တော့မယ်ကွာ”

“အေး ... အေး။ နောက်ထပ်တင်းနေမှတော့ ပြန်ပေတော့”

မိုးညွန့် ငှဲ့ထည့်ထားသော ဖန်ခွက်ကို မော့သောက်



ချလိုက်ပြီး ဆိုင်ထဲမှ ထွက်ခဲ့သည်။

ဆိုင်ထဲမှာ မိုးညွန့် ကျန်ခဲ့သည်။ အကြွေးဝယ်တိုက်သည်လား၊ လက်ငင်းဝယ်တိုက်သည်လား မသိ၊ သာဒွေးကတော့ အရက်မူးမူးနှင့် တဲသို့ပြန်သည့် တောလမ်းပေါ် ရောက်နေပြီ။

လမ်းပေါ် လဲမကျစေရန် ကိုယ်ကိုထိန်းရင်း လျှောက်နေသည်။ မကြာခင် ရွာပြင်ရောက်လာသည်။

ရေစပ်စပ်တင်နေသော တောလမ်းပေါ် ဖိနပ်ချွတ်ကိုင်လျှောက်လျှောက်နေသဖြင့် ခြေချော်ကာ မိုင်းခနဲ ပစ်လဲကျလိုက်သေးသည်။

လမ်းပေါ်မှာ ရွံ့ဗွက်များကြောင့် ချော်နေသည်။ ရွာက ထွက်သည်မှ မကြာသေး၊ ပစ်လဲကျသည်မှာ နှစ်ခါရှိပြီ။ ဝရိုင်း အဝ ကျူးသဖြင့် ငါးများထွက်မကျခြင်းဖြစ်သည်။

ထိုစဉ် ရှေ့မှ မည်းမည်း ... မည်းမည်းကြီးလာနေသည်ကို အရက်ခိုးလျှံဝေနေသည့် မျက်လုံးက မြင်လိုက်သည်။

ထိုမည်းမည်းကြီးက အနီးသို့ ရောက်လာသည်။

ချိုကြီးနှစ်ချောင်း ကားနေသော ကျွဲကြီးတစ်ကောင်ပေါ်မှာ လူကြီးတစ်ယောက် စီးပြီး လာနေသည်။

သာဒွေးအရက်မူးနေသော်လည်း ကျွဲကြီး၏ ချိုမှ ရှောင် ဆောင် ထိန်းလျှောက်ရင်း ရှောင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လွတ်အောင် ရှောင်လိုက်ကာမှ ...

ကျွဲရိုင်းတစ်ပက်က သူ့ပခုံးမှာ လွယ်ထားသော ငါးထည့်ထားသည့် ပလိုင်းကို ချိတ်မိသွားသည်။

"အာ"

"ဟဲ့ကျွဲ ... ဟဲ့ကျွဲ"

"ဟာ ... ပါသွားပြီ"

"တော့လူ ... ခင်များရဲ့ ကျွဲချိုနဲ့ ကျုပ် ငါးထည့်ထားတဲ့ ပလိုင်း ... ချိတ်ပါသွားပြီ၊ ဖြုတ်ရအောင် ရပ်ပေးအုံး"

သာဌေး ပါးစပ်က အော်နေပေမယ့် ကျွဲက သူနှင့် အတော်လှမ်းလှမ်း ရောက်သွားပြီ။

ကျွဲပေါ်မှာ ထိုင်နေသည့် လူကြီးက ကျွဲပေါ်မှပင် ချိုမှာ ချိတ်နေသော ပလိုင်းကို ဆွဲဖြုတ်လိုက်သည်။

ပြီးနောက် ပလိုင်းထဲက ငါးများကို နှိုက်ယူ၍ တစ်ကောင် ပြီးတစ်ကောင် အရှင်လတ်လတ် ပါးစပ်ထဲ သွင်းကာ စားပစ်နေသည်။

သာဌေး ထိုအဖြစ်ကို မမြင်လိုက်။

အမှုးလွှမ်းနေသော သာဌေး ကျွဲနောက်လိုက်ဖို့ မဆိုထားနှင့် ရွံ့အိုင်များပေါ်မှာ ချော်ချော်ရင်း တမိုင်းမိုင်းလဲတော့ ကျန်ရစ်ခဲ့တော့



သည်။

"တောက် ... မိုးချုပ်ထဲ အချမ်းခံပြီး ဖမ်းထားတဲ့ ငါးတွေ ပါသွားပြီ။ ငါးပါတာထက် ပလိုင်းကို နမြောတယ်"

သောက်ထားသော အမူးရှိန်က တက်လာသည်။ လက်လျှော့ပြီး တဲသို့ပြန်လာစဉ် လမ်းမှာ ရွာသို့ပြန်လာသော အသိတစ်ယောက်နှင့် တိုးသည်။

"ဗျို့ ... ကိုသာဌေး၊ ရေချိုးကိုက်လာပါလား"

"ဟုတ်ပ။ ကိုတစ်ဝင်းရေ ... မိုးညှို့နဲ့တွေ့လို့ အရက်တိုက်လွှတ်လိုက်တာ၊ ကျုပ်က ငါးဖမ်းထွက်တာ ငါးထည့်ထားတဲ့ ပလိုင်းကို လမ်းမှာတွေ့တဲ့ ကျွဲတစ်ကောင်ရဲ့ ချိုနဲ့ ချိတ်ပြီး ပါသွားတယ်ဗျာ၊

မြန်တောင်းမလို့ မြင်တုန်း ကျွဲပေါ်ကလူက ရွာထဲ တောင်းမောင်းပြေးတယ်ဗျာ"

"ကျွဲကြီး ချိုနဲ့ ချိတ်သွားတယ် ဟုတ်လား"

"ဟုတ်တယ်ဗျာ၊ အုံ့ရော ... တမင်တကာ ချိတ်အောင် လုပ်ရင်တောင် ချိတ်ဖို့ မလွယ်ဘူး"

"နေပါအုံး၊ ခင်ဗျား အရက်မူးလွန်လို့ ကြောင်များ သွားလား"

www.burmeseclassic.com

“ဘာဖြစ်လို့လဲ … ခင်များစကားတာ အရင်းမရှိ အဖျား မရှိ”

“ကျုပ်တို့ရွာမှာ အိမ်ခြေလေးရာလောက် ရှိတယ်နော်၊ ကျွဲနဲ့ လယ်လုပ်တဲ့ရွာ ဘယ်မှာရှိလို့လဲ။ အားလုံး နွားတွေချည်းပဲ ခင်များ မျက်စိမှားတာဖြစ်မယ်”

“တာ … ကျုပ် မှားပေမယ့် ကျွဲနဲ့နွား မှားတဲ့အထိတော့ မမှားသေးပါဘူး … အခုမှ ရွာဝင်တာစ ရှိအုံးမယ်။ လူထွားကြီး တစ်ယောက်က ကျွဲကိုစီးထားတယ်”

“ရွာမှာတော့ ကျွဲတစ်ကောင်မှ မရှိပါဘူး”

“ဒီနှစ်ပိုးတွင်းမှာ နိုင်းမလို့ ဝယ်လာတာလားမှ မသိတာ”

“အင်း … တုတ်ချင်လည်း တုတ်မှာပေါ့။ နောက်တော့ သိမှာပေါ့၊

တဲ … ခင်များတဲနား ရောက်နေပြီ။ ကျုပ်လည်း ရွာကို လျှောက်ရအုံးမယ် … မှောင်လာည်း မှောင်နေပြီ။ ချော်မလဲ အောင် သတိထားပြီး ထိန်းလျှောက်နေရတယ်”

“ကျုပ်ကတော့ ချော်လဲတာ ငါးခါလောက်ရှိပြီ”

“ခင်များတို့ မြင်တာနဲ့ သိပါတယ် … တဲ … တဲ” သို့ဖြင့် နှစ်ယောက်သား လမ်းခွဲပြီး သာဒွေးလည်း



တဲသို့ မကြာခင် ပြန်ရောက်လာသည်။

တဲမှာ နွားများကို ကောက်ရိုးခွဲပြီး ထည့်ပေးလိုက်သည်။ တင်းကုပ်အတွင်း သန့်ရှင်းရေးလုပ်လိုက်သည်။ သန့်ရှင်းရေး လုပ်ပြီးတော့ ရေချိုးအဝတ်အစား လဲလိုက်သည်။

ပြီးနောက် ထမင်းပန်းကန်ထဲသို့ တင်းများလောင်းထည့် ကာ မှုးမှုးနှင့် အားပါးတရ စားနေလိုက်သည်။

လယ်က ငါးစော ရှိသည်။ ထိုလယ်ကို မိုးအခါ စပါး၊ နွေအခါ ပဲမျိုးစုံ ရောက်၊ ဇရဲ တစ်ယောက်တည်း တာဝန်ယူ ထွန်ယက် လုပ်ကိုင်ခဲ့သည်။

ဟားသောက်ပြီးစီးသည်နှင့် ဆေးကြောသိမ်းဆည်း၍ မကြာခင်မှာပင် အိပ်ရန် ပြင်လိုက်သည်။

ညပိုင်းက ကျွဲတစ်ကောင်နှင့် လူတစ်ယောက်အကြောင်း အတွေးထဲ ဝင်လာသည်။ ဒီရွာမှာ ကျွဲနှင့်နိုင်းတဲ့ လူတစ်ယောက်မှ မရှိဘူးဆိုသည်။ သူပြောသည့်အတိုင်းလည်း တုတ်သည်။

ဒါဆို လူမှ တုတ်ရဲ့လားဟု အတွေးထဲ ရောက်မိသည်။

ကျွဲပေါ်က လူကိုလည်း တစ်ခါမှ မမြင်ဖူးဘူး။ ပေါက်ပေါက် ရှာရှာတွေးပြီး အိပ်ချင်သည်နှင့် အိပ်လိုက်တော့သည်။

×××××××××

www.burmeseclassic.com

www.burmeseclassic.com



မိုးနှစ်ရက် သုံးရက်မျှ ဆက်တိုက်ရွာချလိုက်သော်လည်း လယ်တွက်များပေါ်မှာ ရေမတင်သေး။

တစ်နွေလုံး မြေပက်ကြားအက်အောင် ပူထားသဖြင့် နှစ်ရ သုံးရက်မျှ သဲကြီးမဲကြီး ရွာချထားသော်လည်း နောက်နေ့ လယ်ကွ မျက်နှာပြင်ပေါ် ရေမတင်သေး။

မြေသားမျက်နှာပြင်ကတော့ နူးနေပြီ။ သို့ကြောင့် သာဒ ထယ်စထိုးရန် ဆုံးဖြတ်လိုက်ပြီး အိပ်ရာမှ စောစောထ၍ မနက် ချက်ပြုတ်လိုက်သည်။

မနက်ခုနစ်နာရီမှ နေ့ဆယ့်တစ်နာရီအထိ ထယ်ထိုးလိုက သည်။

ထို့နောက် ထယ်သိမ်းပြီး ခဏနားကာ ရေချိုးသန့်ရှ လိုက်သည်။ ထမင်းစားရန် ရေနွေးတစ်အိုးတည်ထားပြီး အမြ လှန်ထားသော နွားနှစ်ကောင်ကို တင်းကုပ်ထဲ ဖွဲ့သွင်းလိုက်သည

ရေနွေးအိုးဆူသည်နှင့် လက်ဖက်ခြောက်ခပ်ကာ ထ ထည့်စားဖြစ်တော့သည်။

နောက်တစ်ပတ် သ [illegible] တ် ကလေးကျွန်းမာရေး စိတ် ရလျှင် ဝမ်းဖြစ်သူ တဲသို့ ပြန်လာမည်ဖြစ်သည်။ သို့မှ ချက် ပြုတ်ရေး ..ကိသာပေမည်။



မိုးတွင်း နွားများကို မနက်ပိုင်းသာခိုင်းပြီး ညနေပိုင်း အနားပေးထားသည်။

နွားကို အနားပေးထားပေမဲ့ လူက နားချိန်မရ၊ ကန်သင်း များ နွေအခါက ကျိုးပေါက်ပျက်စီးခြင်းကို ပြန်ဖို့ရသည်။ ယ်ကွက်ထဲ ရေဝင်လျှင် ပြန်မထွက်ရန်ဖြစ်သည်။

ကန်သင်းရိုးမျက်နှာပြင်ရှိ မြက်များကို ခုတ်ပစ်ရသည်။

ညနေပိုင်းရောက်တော့ မိုးသားမိုးတိမ်များ တက်လာပြီး ကြာခင်မှာပင် မိုးရွာချပါတော့သည်။

သာဒွေးလည်း လယ်ကွက်ထဲ ပေါက်ပြားတစ်လက်နှင့် န်သင်းဖို့ခနရာက ပြန်တက်ခဲ့ရတော့သည်။ မတက်၍လည်း ဖြစ်၊ မိုးက ဒလဟော ရွာချနေသည့်အတွက် အလုပ်က မတွင် လို အေးလည်းအေးလာခြင်းကြောင့် ဖြစ်သည်။

ကိုယ်လက်သန့်စင် ဆေးကြောပြီး အဝတ်အစား လဲလိုက် ည်။

ညခုနစ်နာရီခန့်။ မိုးက ဖွဲဖွဲလေးသာ ရွာတော့သည်။ ဒွေး ဓါတ်မီးယူပြီး ဖားရိုက်ထွက်ရန် နှတ်ခမ်းမြတ်နေသည် ုင်းကိုလွယ်၍ တဲမြင်းသို့ ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလို မိုးဖွဲဖွဲလေးရွာနေချိန် ဖားဖားကြီးများ လယ်ကွ ထဲမှ ထွက်ကြပြီ။

သာဒွေး တဲမှ ရွာဘက်ဆီသို့ တာပေါ်မှာ မီးထိုးရ ဖားရိုက်လာခဲ့သည်။

တာရိုးပေါ်မှာ ရိုက်သည့်အတွက် ဖားအရနည်းသော်လ မြွေအန္တရာယ် မကြောက်ရ။

လယ်ကွင်းထဲ ရေစပ်စပ်မှာ ဖားအရ များတတ်သည် သီပေမဲ့ မြွေဆိုးများနှင့် ဆုံတတ်သည်။

ဖားအော်သံ ဆူညံနေသော လယ်တွက်များကို ရှော တာလမ်းပေါ်မှာသာ ဖားရှာရိုက်ခဲ့သည်။

ယခုဆိုလျှင် ဖားဖားကြီး ငါးကောင်ရပြီ၊ ရွာစပ်မှ တဲ သို့ ပြန်လှည့်ခဲ့သည်။

“အုံး ... အွပ်”

“အုံး ... အွပ်”

ဖားအော်သံကြောင့် ဓါတ်မီးဖြင့် ထိုးရှာလိုက်ရာ ဖားဖ တစ်ကောင်ကို တွေ့လိုက်သည်။ မျက်နှာကို မီးဖြင့်ထိုးထ ဖားကြီးမှာ မလှုပ်ရှားနိုင်တော့။

သာဒွေး၏တုတ်ရိုက်ချက်အောက်မှာ ဖားကြီးသေပွဲဝ



ည်။ ဖားကြီးကို ကောက်ပြီး ပလိုင်းထဲ ထည့်လိုက်သည်။

“ဝုတ် ... ဝုတ် ... ဝုတ်”

“တင်”

ခွေးဟောင်သံကြောင့် ဖားအော်သံ နားစွင့်နေသော သာဒွေး သည်း ရုတ်တရက် နောက်သို့ လှည့်ကြည့်မိသည်။

သူမြင်လိုက်ရသည်က ...

လယ်ကွင်းဘက်မှ ရွာဆီသို့ လာနေသော ကျွဲမီးလားသော ကြီး။ ဒီနေ့တော့ ခွေးနက်ကြီးတစ်ကောင် အပိုပါလာသည်။

လူကြီးက မနေ့က အစတ်အစားအတိုင်းပင်ဖြစ်ကြောင်း သိလိုက်သည်။ အနားသို့ ရောက်လာပြီ ...

မနေ့ညကလည်း တိုးသည်၊ ဒီနေ့ညလည်း တိုးသည်။ ဘာ ခွေးရိုးသားရိုး မဖြစ်နိုင်တော့။

ဝုတ် ... ဝုတ် ... ဝုတ်

ခွေးကြီးက သာဒွေးကို သံကြီးမဲကြီး ထိုးဟောင်နေသည်။

“မင်းရဲ့ပလိုင်း ငါ့ကိုပေးစမ်း”

“ကျုပ် ဖားရိုက်ထားတာ မနေ့က ခင်ဗျားရဲ့ကျွဲ ... ပ်ရဲ့ပလိုင်းကို ချိုနဲ့ချိတ်သွားတယ်။ အခုတော့ ပေးလို့မဖြစ် ဘူး”

www.burmeseclassic.com

"လျှာမရှည်နဲ့ အဲဒီပလိုင်း ငါ့ကိုပေး"

"မပေးဘူးဗျာ"

"ဝုတ် ... ဝုတ် ... ဝုတ် ... ဝီး"

"ဝီး ... ဝီး ... ဝီး"

ခွေးနက်ကြီးက သာဒွေးကို ပတ်တောင်နေသည်။ သခင်ကသာ အချက်ပေးလိုက်လျှင် တစ်ခါတည်း ခုန်အုပ်မည့်ပုံဖြစ်သည်။

သာဒွေးက ဖားရိုက်သောဝါးလုံးကို တင်းတင်းဆုပ်ကိုင်ထားပြီး ဓာတ်မီးဖြင့် ခွေးကြီးကို ထိုးထားသည်။

"တော့ကောင် ... ပေးစမ်း"

"ဒီတစ်ခါတော့ မပေးတော့ဘူး"

သာဒွေးက အကြောက်အကန် ငြင်းနေသည်။

ထိုအခါ ကျွဲပေါ်ထိုင်နေသောလူကြီး ကျွဲပေါ်မှ ထရပ်လိုက်သည်။

သာမန်လူအရွယ်မှ တဖြည်းဖြည်းမြင့်တက်လာကာ ဆယ်ပေခန့် မြင့်သွားသည်။

လက်ကြီးကလည်း ရှည်ထွက်လာ၍ အံ့သြမင်သက်နေစဉ် သာဒွေး၏ ပခုံးမှာ လွယ်ထားသော ဖားထည့်ထားသည့် ပလိုင်းကို ဆွဲယူသွားသည်။



သာဒွေး ထိတ်လန့်သွားသဖြင့် ခြေလက်တို့ လှုပ်ရှား ...အောင် ကြက်သေ သေသွားသည်။ အကြောများ သေသွား ...သို့ ဖြစ်သွားသည်။

သူ့လက်ထဲ ပလိုင်း ပါသွားလေမှ ရပ်နေရာက ကျွဲပေါ် ...ထိုင်လိုက်သည်။

ပလိုင်းထဲက ဖားများကို တစ်ကောင်ချင်း နှိုက်ယူပြီး ...ကျွတ်ကျွတ်နှင့် ဝါးစားနေတော့သည်။

ကျွဲစီးသရဲကြီး ဖားများ နှိုက်စားနေစဉ် သာဒွေး ထိုနေရာမှ ...ပြေးထွက်ခဲ့သည်။

ခွေးနက်ကြီးကလည်း သာဒွေးထွက်ပြေးသည်ကို ဂရု ...စိုက်သည့်အလား ကျန်ခဲ့သည်။ ထို့နောက် သရဲကြီးက ကျွဲကြီးကို ...င်းပြီး ရွာဘက်သို့ ထွက်သွားပါတော့သည်။

ရွာထဲမဝင်ဘဲ ရွာပြင်မှနေ၍ ရွာကိုပတ်ပြီး လျှောက်နေသည်။ ...အိပ်ပျော်နေသဖြင့် ကျွဲကြီးရွာကို ပတ်နေသည့်ခြေသံ မကြားကြ။

ကျွဲစီးသရဲကြီးနှင့် ကျွဲကြီးက ရွာကိုပတ်နေသည့်အချိန် ...ကြီး၏စေခိုင်းမှုနှင့် ခွေးနက်ကြီးက ရွာအတွင်းမှ ကြက်များကို ...ည လေးငါးကောင်မျှ တိုက်ရိုက်ယူပေးနေသည်။

ကြက်ပျောက်သော ကြက်ခြံနားကျင်မှာ ကြီးမားသော

www.burmeseclassic.com



ခွေးခြေရာများကို တွေ့ကြရသည်။

ကြက်မွေးထားသူတို့လည်း သူတို့၏ ကြက်ခြံများကို ညဘက်စောင့်ကြည့်ကြသည်။

ညဉ့်နက်ချိန်အထိ မစောင့်ရ။ ညသယ်နာရီခန့်မှာ ခွေးနက်ကြီးတစ်ကောင် ရွာထဲဝင်လာသည်ကို တွေ့ရသည်။

ကြက်ခြံတံခါးဖွင့်သံလည်း မကြားရ။ မျက်စိအောက်မှာပင် ခြံတံခါးပိတ်လျက်မှပင် ကြက်လေးကောင်မျှ ကိုက်ချီသွားသည်ကို တွေ့ကြရသည်။

ထိုအချိန် ရွာအတွင်းမှာရှိသော အိမ်မွေးခွေးများ ဟောင်သံ ပင်မပြု။ ခွေးနက်ကြီးကိုမြင်သဖြင့် အိမ်အောက်ဝင်တာ အမြီး ကုတ်လျက် တအိအိသာ အသံထွက်နိုင်ပြီး ကြောက်လန့်နေကြ သည်။

ကြက်ချီထားသော ခွေးနက်ကြီးက ရွာပြင်သို့ ထွက်သွား သည်။ ခွေးနက်ကြီး ရွာပြင်ထွက်သွားမှ အိမ်မွေးခွေးများ ဟောင် တော့သည်။

ကျွဲကြီးပေါ်မှ သရဲလည်း ခွေးနက်ကြီးကိုက်ချီလာသော ကြက်သုံးကောင်ကို တစ်ထိုင်တည်း စားပစ်ပြီး တစ်ကောင် ခွေးကြီးအား ပစ်ချပေးလိုက်သည်။



ဂီး ... ဂီး ... ဂီး

ခွေးကြီးက အသည်းအသန် ကိုက်ဖဲ့စားသောက်နေသည်။

လူတွေ ကြက်များကို ဂရုတစိုက် ရှိလာကြသည်။ ဒါပေမဲ့ ညဘက်ရောက်သည်နှင့် ဘယ်လိုပင် သတိထားနေပါစေ မျက်စိ အောက်မှာပင် ကြက်များက ပျောက်နေသည်။

သို့ကြောင့် ကြက်နည်းနည်းရှိသူတို့က သရဲအစားတော့ ခံနိုင်၊ ကိုယ်တိုင်သတ်ဖြတ် ချက်ပြုတ်စားကြတော့သည်။

အကောင်ရေများသူတို့က မြို့တက်ရောင်းပစ်သည်။

မကြာခင်မှာပင် ခွေးသရဲကိုကြောက်၍ ရွာမှာ ကြက်များကို မမွေးကြတော့။

ကျွဲစီးသရဲကြီးကို ရှာဖွေကျွေးနေသော ခွေးနက်ကြီးလည်း ကြက်ကိုရအောင် မရှာနိုင်တော့။

ထိုအခါ သရဲကြီးကိုယ်တိုင် ရွာထဲဝင်တော့သည်။ ညမိုးချုပ် သည်နှင့် ကျွဲစီးပြီး ရွာထဲဝင်လာသည်။

“ဝုတ် ... ဝုတ် ... ဝုတ်”

လူတွေက မမြင်ပေမယ့် ခွေးတွေကတော့ မြင်သည်။ ခွေးနက်ကြီးကို မမြင်ခင်က အိမ်မွေးခွေးများ ထဟောင်သည်။ ခွေးနက်ကြီးကို မြင်သည်နှင့် အမြီးကုပ်ပြီး အသံမထွက်ကြတော့။

www.burmeseclassic.com

www.burmeseclassic.com

ကျွဲစီးသရဲကို လူများ မမြင်ကြပေမဲ့ ခွေးနက်ကြီးကိုတော့ လူတချို့ မြင်ကြသည်။ ခွေးကြီးကို မမြင်သူများကလည်း ရွာထဲက ခွေးများ အပြိုင်ကိုက်ပြီး တအီအီ အော်နေပြီဆိုလျှင် ခွေးသရဲ ရွာထဲဝင်နေပြီဟု သိကြသည်။

×××××××××

အဘဖွေးတစ်ယောက် ရေချိုးဖြစ်သူဓာ တဲသို့ ပြန်လာမည် ဆိုသဖြင့် နေ့ခင်း ထယ်သိမ်းပြီးသည်နှင့် ရွာသို့လာခဲ့သည်။

အိမ်သို့ရောက်တော့ ရွာမှကြက်များကို ခွေးနက်ကြီး ဝင်ဆွဲ၍ ဖျက်ဆီးကြောင်း စကားစပ်မိပြီး ပြောဖြစ်ကြသည်။

သာဖွေးယောက္ခမကြီးက ...

"မိုးလင်းပိုင်းဆို သီသာထင်ရှားတဲ့ နွားခြေရာကွက်ကြီး တွေ တွေ့ရတယ်လို့ ရွာသားတွေ ပြောနေကြတယ်တွ"

"အမေ အဲဒါ နွားမဟုတ်ဘူး ... ကျွဲကြီးဗျ"

သာဖွေးက သူ့ထံမှ ထီးပြေမပေလိုင်းနှင့် ဟားရိုက်ထွက် ခဲ့က ထားထည့်သော ပလိုင်းတို့ကို လုယူသွားသည့် ကျွဲစီးသရဲ ကြီးအကြောင်း ပြောပြသည်။

"ဟာ ... မင်းစကားက အမှန်ပဲလား"



"အမှန်ပြောတာ အမေရ ... ရွာထဲက လူနဲ့လည်း ဆိုင်၊ စကားလည်း မပေါ်မိဘူး။ အခု ပြောစကားအရဆို ရွာထဲကို ကျွဲစီးသရဲ ရောက်နေတာပဲ"

"အေး ... ဒီအတိုင်းဆို ကြက်တွေ စားစရာမရှိတော့ ဘာစားမလဲ မသိဘူး"

"ကြက်မရရင် လူတွေများ ဖမ်းစားမှာလား"

"အေး ... စဉ်းစားရခက်ခက်ပဲ ... အခုထိတော့ ဆူးခြားသေးဘူး၊"

ထိုအချိန်မှာပဲ လူတစ်ခု စောင်ပုခက်နှင့် ထမ်းပြီး ရွာထဲသို့ ဝင်လာကြသည်ကို တွေ့လိုက်သည်။ သာဖွေးက နောက်မှ လိုက် လာသော လူကိုမြင်သဖြင့် ...

"ငြိမ်းမောင် ... ဘယ်သူ ဘာဖြစ်လို့လဲ"

"ကိုကြီးမွေးအေးကျော်သား ရေကူးရင်း ရေနစ်လို့ အခု သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေတယ်"

ရွာမှာက ဆေးရာဝန်မရှိ၊ ဗိန္ဒောဆရာသာရှိသည်။ ရေကြာ ကြာနစ်လျှင် ရှိုက်ငင်မှုသမျှ၊ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေသော ကလေး၊ ကံကောင်းပါစေတော့ဟု ဆုတောင်းပေးရင်း သာဖွေး အိမ်ထဲ ဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"တဲ ... တဲကိုယူသွားမယ့် ပစ္စည်းတွေထည့်ပြီးပြီ ဆိုရင် ဒီ တောင်းထမ်းမယ်၊ မင်း ကလေးချီပြီး လိုက်ခဲ့"

"ကျွန်တော်တ ကျွဲစီးသရဲကို အကောင်အထည်လိုက် မြင်ပြီးပြီ၊ ရွာထဲမှာ ထပ်မဆုံချင်တော့ဘူး။ တဲပဲ ပြန်တော့မယ်"

သာဒွေးတို့ ရွာမှ ပြန်သွားပြီးနောက် ညနေလေးနာရီ ခန့်မှာ ရေနစ်သောကလေး သတိပြန်လည်မလာတော့ဘဲ သေဆုံး သွားတော့သည်။

ကလေးက အသက်သယ်တစ်နှစ်သာ ရှိသေးသည်။ ကလေး တစ်ရပ်ပင် မရှိသော ရိုးလေးအတွင်းမှာ ရေကူးရင်း ရေနစ်ခဲ့ခြင်း ဖြစ်သည်။

ကလေး၏အလောင်းကို အိမ်ဝေါ်မှာပင် ဖြတ်ထားလိုက်သည်။ ညလူခြေတိတ်တော့ စောင့်အိပ်သူများလည်း ဟိုနားတစ်ယောက် သည်နားတစ်ယောက် အိပ်နေကြသည်။

မထမဆုံးညဖြစ်သဖြင့် ဖဲရိုက်မည့်သူများလည်း မရှိ။ မိသားစုအပျော်ဝိုင်းလေးတစ်ခု ဖြစ်ခဲ့သော်လည်း မည်သူမှ ဖွဲ့မရှိ။ တစ်ယောက်က အိပ်ချင်သည်။ နောက်တစ်ယောက်က အိပ်ချင် သည်နှင့် ကလေးအလောင်း၏အနီးဝန်းကျင်မှာ နှစ်နာရီပင် မရှိသေး အားလုံး အိပ်ပျော်ကုန်ပြီ။



မနက်လေးနာရီခန့်မှာတော့ အိပ်နေသူထဲမှ တစ်ယောက် နိုးလာပြီး အလောင်းပြင်ထားရာသို့ ကြည့်လိုက်သည်။

"ဟင် ... အလောင်း မရှိတော့ဘူး၊

အလောင်း ... ဘယ်ရောက်သွားပြီလဲ၊

ဟိတ် ... ဖော့လူတွေ ထကြစမ်း ဒီမှာ အလောင်း မရှိတော့ဘူး"

မိဘများလည်း နိုးလာကြသည်။

"ဟာ ... ရှာကြပါအုံး ... ခွေးသံရဲများ ဝင်ဆွဲသွား တာလား၊ ဖုတ်များ ဝင်လာတာလား"

ဘယ်လိုရှာရှာ အလောင်းမတွေ့တော့။

အသုဘရှင်များရော၊ ရပ်ရွာကလူများရော မီးတုတ်များ၊ ဓါတ်မီးများနှင့် ရှာသည် မတွေ့။

"ထူးတော့ ထူးဆန်းတယ်၊ ခွေးသရဲ ချီသွားပြီနဲ့တူတယ်"

မိုးလင်းလာသော်လည်း ရွာတွင်းရွာပြင် ရှာသူများ ခြေစ လက်စ ရှာမတွေ့၊ ပျောက်ချက်သား ကောင်းနေသည်။

ရွာက လူများလည်း ကလေးအလောင်း ရုတ်တရက် ပျောက်သွားသည့်အတွက် စိုးရိမ်စိတ် ပိုလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အသုဘရှင်များလည်း အဖော်မရှိတော့သဖြင့် မည်ကဲ့သို့ ဆက်လုပ်ရမှန်းမင် မသိ ဖြစ်နေတော့သည်။

xxxxxxxxx

မိုးလေက တစိမ့်စိမ့် ရွာနေသည်။ ညနေလေးနာရီခွဲပြီ ဖြစ်၍ မှလတာန်းကျောင်းဆင်းပြီ။

ကျောင်းလွှတ်သည်နှင့် အောင်ဘုတို့ကလေးတစ်စု အိမ် အမြန်ပြန် အဝတ်အစားလဲကာ ရွာအပြင်အစပ်ရှိ ရိုးလေးများ ရေပြည့်နေပြီဖြစ်၍ ရေလာကူးကြသည်။

အောင်ဘုတို့ ရိုးစပ်ရောက်သည်နှင့် ရေထဲခုန်ချကာ အားပါး တရ ဆော့ကစားကြသည်။

ရေက သူတို့ဒူးအဝင်ပိုင်းသာသာခန့်သာ ရှိသည်။ တစ်ယောက်မှ ရေမကူးတတ်။

ကလေးငါးယောက် တစ်ယောက်ကိုတစ်ယောက် ရေဖြင့် လှမ်းပက်ရင်း ကစားနေစဉ် ပြိုင်းချွန်းက တစ်စုံတစ်ခုကို မြင်လိုက်သည်။

"တော့တောင်တွေ တိုရှေ့က ရိုးထဲမှာ ဘာတောင်ကြီးလဲ"

"မသိရင် မှတ်ထားကွ၊ အဲဒါ ကျွဲလို့ခေါ်တယ်၊ ကျွဲက ရေစိမ်တာတို့၊ ရွှံ့လူးတာတို့ဆို သိပ်သဘောကျတာကွ"

အောင်ဘုက သရောကြီးလုပ်ပြီး ပြောနေသည်။

"ကျွဲရေစိမ်တာတော့ ဟုတ်ပါပြီ ... ကျွဲပေါ်မှာ လူကြီး တစ်ယောက် ထိုင်လို့ပါလား"

"သူ့ကျွဲကို ရေလာစိမ်နိုင်းတာ နေမှာပေါ့"

"ကဲပါကွာ ... သူတာ တို့အောက်ဘက်မှာ၊ တို့က အထက်ဘက်က အားရပါးရ ကစားကြစို့။ တို့ဆော့လို့ ညစ်ပတ် နေတဲ့ရေတွေ ကျွဲကြီးဆီ စီးသွားတာပေါ့"

သူတို့ အားရပါးရ ရေထဲ ကစားနေကြသည်။

ကလေးများ အားပါးတရကစားနေချိန် ကျွဲကြီးက သူတို့ အနီးသို့ ရောက်နေသည်။ ကျွဲကြီးက ရေထဲမှာ ရပ်နေသည်။

"ကျွဲကြီးနဲ့လူကြီး တို့နားရောက်လာပြီ၊ ကုန်းပေါ်မှာ နွားနက်တစ်ကောင်ပါသေးတယ်"

"ဟေ့လူကြီး၊ ခင်ဗျားကျွဲကို ကုန်းပေါ်တက်နိုင်းတော့ဗျ။ ကျွန်တို့ ရေကူးလို့ မပြီးသေးဘူး"

လူကြီးက ကလေးများစကားကို ဂရုစိုက်ပုံမပြ။ သူတို့ အနီးသို့ ကျွဲကြီးကို မောင်းလာသည်။

အနီးရောက်တော့ ကျွဲကြီးက ခေါင်းပေါ်တစ်ကောင်မှ



www.burmeseclassic.com

www.burmeseclassic.com



ကြီးနေသည်။

ထိုကျွဲကြီးပေါ်သို့ ထိုင်နေသောလူကြီး ထရပ်လိုက်သည်။ လူကြီးအရပ်က ရိုးရိုးလူထက် နှစ်ဆခန့်မြင့်နေသည်။

"ဟာ ... ဟော့ကောင်တွေ၊ ကြည့်လိုက်စမ်း။ လူမဟုတ် ဘူးတွေ ... သရဲကြီး"

"ဟား ... ဟား ... ဟား"

ရှည်လျားသောလက်ကြီးနှင့် ကလေးများကို ကျွဲပေါ် လိုက်ဖမ်းနေသည်။

"ဟား ... ဟား ... ဟား"

"အမေရေ ... ကယ်ပါအုံး"

ကလေးတစ်အုပ် ငယ်သံပါအောင်အော်ပြီး လန့်ပြေး သည်။

အချို့က ကုန်းပေါ်ရောက်သွားကြသည်။ ကလေးတ ယောက်ကတော့ ရေထဲမှာလဲပြီး ကျန်ခဲ့သည်။

လူငယ်လေး ရေထဲအကြောက်လွန် သတိမေ့လဲကျရာ နောက်ဆုံးမှာ လူကြီးတွေ ရောက်မလာခင် သေဆုံးသွားသည်။

ရေကစားဖော်ကလေးများ ရွာထဲပြန်ရောက်သည်နှင့် အဖ အကြောင်း ပြန်ပြောပြသည့်အတွက် လူကြီးများရောက်လာ



ကလေးအလောင်းကို တွေ့ရသည်။

ကလေးအလောင်းကို အိမ်ပြန်သယ်သွားပြီး အိမ်မှာ မြှင်ခင်းထားသည်။

ကျွဲစီးသရဲကြီးကို ကလေးများ မြင်လိုက်သဖြင့် ယခုကဲ့သို့ အကြောက်လွန်ပြီး သေဆုံးရကြောင်း လူကြီးတွေ သိကုန်သည်။

ကျွဲစီးသရဲကို သားငှေးတစ်ယောက်နှင့် ကလေးတစ်စုသာ မြင်ဖူးကြသည်။ သားငှေးပြောပြ၍ သားငှေး၏ မိသားစုကတော့ သိထားသည်။

နာရေးအိမ်မှာ အသုဘစောင့်မည့်သူ များများစားစား မရှိ။ ကလေးအသုဘဖြစ်၍ လွန်ခဲ့သောသုံးရက်ခန့်က ကလေးအလောင်း သရဲဝင်ခွဲသွားသည်ဟု ယုံကြည်ထားသည့်အတွက် ကြောက်၍ကာ လူအလာနည်းခြင်းလည်းဖြစ်သည်။

မကင်းရာ မကင်းကြောင်း ဆွေမျိုးသားချင်းများက မအိပ်ဘဲ စောင့်မည်ဟု ကတိပေးကြသည်။

မအိပ်ဘဲစောင့်ကြသော်လည်း နာရီပြန်နှစ်ချက်ကျော် သည်နှင့် အိပ်ငွေ့အချခံလိုက်ရသကဲ့သို့ဖြစ်ကာ အိပ်ပျော်သွားကြ တော့သည်။

အိပ်ပျော်သူများ နိုးလာတော့ အိမ်ပေါ်မှာ အလောင်းမရှိ

www.burmeseclassic.com

www.burmeseclassic.com



ဈေးသည်ကို တွေ့ကြသည်။

အလေလေးကို ဘယ်လိုရှာရှာ ရှာမတွေ့တော့။

ကလေးတွေပြောသော ကျွဲစီးသရဲကြီးက ခေါ်သွားသ လားမသိ၊ အားလုံးမရှာတော့ဘဲ လက်လျှော့လိုက်ရတော့သည်

×××××××××

"သာဇွေးရေ ... သာဇွေးရှိလား"

"ဟုတ်ကဲ့ ... ဘယ်သူလဲ ခင်ဗျ"

"ငါ ဘသိန်းလေကွာ"

"ဟာ ... ဦးလေးသိန်း ဘယ်ကပြန်လာကြတာ တဲ့ထဲ ... ဝင်ကြအုံးလေ"

"ငါတို့ အောက်စုရွာကလာတာ ... အချိန်မရလို့ မ တော့ဘူး"

"မင်းရွာထဲ ခဏလိုက်ခဲ့အုံးကွာ"

"အခုလား"

"ဟုတ်တယ်၊ ငါတို့နဲ့ အခုပဲလိုက်ခဲ့ ... မင်း သိချင်တာလေးတွေ မေးချင်လို့ ... ပြီးမှ ပြန်လာပေါ့"

"ဟုတ်ကဲ့ ... ကျွန်တော် အဝတ်လဲလိုက်အုံးမယ်"



မကြာခင် သာဇွေး တာလမ်းပေါ် ရောက်လာသည်။

တာပေါ်မှာ ဦးလေးသိန်းနှင့် ထွန်းမြင့်အပြင် တစ်ခါမှ မမြင်ဘူးသော အသက်ခြောက်ဆယ်ခန့်ရှိ လူကြီးတစ်ယောက်နှင့် လူရွယ်တစ်ယောက်တို့ကို တွေ့လိုက်သည်။

"သာဇွေး ... ဒါ အောက်စုရွာမှာနေတဲ့ ပယောဂဆရာကြီးပဲ ... ရွာက ကောင်းဆိုးဝါး ကျွဲစီးသရဲကို နှိမ်နင်းပေးရအောင် သွားပင့်ခဲ့တာ၊

အခု မင်းရွာကို လိုက်ပြီး ... သရဲကြီးနဲ့ တိုးခဲ့တဲ့အကြောင်း ဆရာကြီးကို ပြောစေချင်လို့ ခေါ်ခဲ့တာ"

"ဆရာကြီး ကျွန်တော်တို့ရွာကို လမ်းတွေချော်ကုန်လို့ ညည်းနဲ့ မလာရဘူး၊ အားနာလိုက်တာ"

"ကွယ် ... ဘာမှ အားမနာပါနဲ့၊ မြေကျွင်းတစ်နေရာရောက် လျှောက်ရတာပဲ၊ သွေးလေလည်ပတ်တော့ ကျန်းမာရပေါ့"

"ကျွန်တော် ရွာထဲသွားရင်း သရဲနဲ့ကြုံရပုံကို ပြောပြမယ်"

သာဇွေးလည်း ငါးမျှားစဉ်ကတစ်ခါ၊ ဖားရိုက်ထွက်စဉ်ကတစ်ခါ ကျွဲစီးသရဲနှင့် ဆုံရပုံကို ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ပုံစံအမျိုးမျိုးနှင့် ခြောက်လှန့်ပုံကို ပြောပြသ

"အင်း ... အခု ဒီသရဲက ကလေးတွေကို ခြေ

လွှတ်၊ ကလေးတွေသေတော့ အလောင်းခိုးစား ရှေ့လျှ

မလွယ်ဘူး"

"တစ်ရွာလုံး ကြက်တွေကို အရင်ခိုးစားတာ ဆရာ

ကြာရင် ရွာကလူတွေပါ မလုံခြုံတော့ဘူး"

ထိုစဉ် ရွာထိပ်အဝင်ရောက်တော့ ခွေးနက်ကြီးတစ်ကေ

ကို တွေ့လိုက်သည်။

အချိန်က ညနေနှစ်နာရီကျော်ခန့်သာ ရှိသေးသည်။ သ

လူစုကို စူးစူးဝါးဝါး ထိုးကောင်နေသည်။

ဝုတ် ... ဝုတ် ... ဝုတ်

ဂီး ... ဂီး ... ဂီး

သာမန်ခွေးတောင်သံမျိုးမဟုတ်၊ တိန်း၍ တိန်း၍

လောင်လှသော အသံကြီးဖြစ်သည်။

ဆရာမင်းလာသည်ကို သရဲကြီးသိသည်ဆိုသည့်အကြေ

အသိပေးခြင်းလည်းဖြစ်မည်။

ခွေးကြီးက အနီးသို့ ကပ်မလာ၊ နောက်သို့တဖြည်း

ပြန်ဆုတ်သွားပြီး မျက်စိအောက်မှာပင် ပျောက်သွားသည်



ဦးဘသိန်းတို့အုပ်စု ရွာထဲဝင်လာကြသည်။

"တဲ ... သာဓုး၊ အိမ်လိုက်ခဲ့အုံးလေ ... ပြီးမှ ပေါ့၊ တဲမှာ ဘယ်သူတွေရှိလဲ"

"မိန်းမနဲ့ နို့စို့ကောင်ပဲရှိတယ်၊ မနေ့ကမှ တဲကို ပြန်လာကြတာ၊ ဒီတော့ ပြန်မှဖြစ်မယ်"

"ဆရာကြီးနဲ့ ခဏတော့ နေပါအုံး၊ လေးနာရီလောက် ပြန်ပေါ့"

မကြာခင် ဦးဘသိန်းအိမ်သို့ ရောက်ခဲ့ကြသည်။

ဆရာကြီး အိမ်ပေါ်မှာထိုင်ပြီး သရဲကြီးအကြောင်း ဆရာကြီး ကို သွားပင့်ကတည်းက ပြောပြထားခြင်းကြောင့် စီစဉ်စရာများ အမြန်လုပ်ရန် ရွာသားတို့အား ...

"တဲ ... နတ်ကတော်တစ်ယောက် ရွာမှာ မရှိဘူးလား"

"ဟုတ်ကဲ့ ... ရှိပါတယ်၊ နောက်လမ်းမှာ နေပါတယ် ဆရာကြီး"

"အေး ... သူ့ကို တစ်ယောက်ယောက်က ဒီကို သွားခေါ်လာခဲ့"

"ဟုတ်ကဲ့ ... ကျွန်တော် သွားလိုက်ပါမယ်"

ရွာသားတစ်ယောက် အိမ်အောက်ဆင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီသရဲက ရွာမှာ စတွေ့တာ ... တစ်ပတ် ဆယ်ရက်လောက်ပဲ ရှိသေးတယ်ဆိုတော့ ... တခြားရွာက ရောက်လာတာပဲဖြစ်မယ်"

"ရွာနီးချုပ်စပ်မှာ သရဲနဲ့ ကြုံဖူးတဲ့လူတွေ ရှိပါတယ်။ ဒီသရဲလိုမျိုး သားစားကြုံးတဲ့သရဲ မရှိဘူး။ ဒီလိုသရဲမျိုးက လူနေရပ်နဲ့ မသင့်ဘူး။ အပြတ်ရှင်းပစ်မှရမယ်။ ဒီသရဲကို ကျုပ်ကိုယ်တိုင် နှင်လို့ရရင်ရ မရရင် သူ့ပိုင်ရာဆိုင်ရာနဲ့ နှင်ရမှာပဲ"

ထိုစဉ်မှာပင် နတ်ကတော်ဒေါ်တင်လှနှင့် သွားခေါ်သည့် ရွာသားတို့ အိမ်ပေါ်တက်လာကြသည်။

"ဆရာကြီး နတ်ကတော် ဒေါ်တင်လှပါ"

"အေး ... ရွာကကိစ္စကို အမြစ်မှန် ပေါ်ထွက်ရအောင် အကူအညီပေးပါအုံး"

နတ်ကတော် ဒေါ်တင်လှက အသက်ငါးဆယ်နီးပါးရှိသည်။ ပိန်ပိန်ပါးပါးဖြစ်သည်။ ဘုရားစင်ရှေ့မှာထိုင်ပြီး ဘုရားကို ကန်တော့သည်။

ဆရာကြီးကိုပါ ကန်တော့သည်။

"ဲ ... မတင်လှ ... လက်အုပ်ချီပြီး ဘုရားကိုသာ အာရုံပြုထား"



ဆရာကြီးက ထိုင်ရာကထပြီး ဘုရားစင်မှာ ဖယောင်း ...င် ထွန်းသည်။ အမွှေးတိုင်ထွန်းသည်။

ဘုရားကို ထိုင်ပြီး အသံနေအသံထားနှင့် ရှိခိုးနေသည်။ ...နောက် မေတ္တာပို့ပြီး ဘုရားကို ဦးချလိုက်သည်။

"ဲ ... ဲ ... မတင်လှ ... ဘုရားကို အာရုံပြု ...ရှုလိုက်"

ဒေါ်တင်လှက ဘုရားကို ဦးသုံးကြိမ်ချလိုက်သည်။

"စိတ်ကိုလျှော့ထား၊ ဆရာ သရဲကို ခေါ်တော့မယ်"

ဆရာကြီးက အမိန့်ပြန်နေသည်။ ပြီးမှ ...

"အားလုံးသော ပိုင်ရာဆိုင်ရာတို့၏ ခွင့်ပြုချက်နဲ့ ကျွဲစီး ...ရဲ ... အခုချက်ချင်း ရောက်လာစမ်း ... အခု ... အမြန် ...ခဲ့စမ်း ... ငါဆရာအမိန့်"

ဒေါ်တင်လှက ဘာမှမပြော လှုပ်လှုပ်ရှားရှားလည်း မရှိ။ ...တိုင်ငြိမ်သက်နေသည်။

"ကျွဲစီးသရဲ ... အခုလာခဲ့၊ ငါဆရာအမိန့် ... လာဆို ...ခဲ့စမ်း ... ဆိုင်ရာပိုင်ရာ ရွာစောင့်နတ်တို့ကလည်း ကျွဲစီး ...ရဲကို ရှေ့အရောက် ပို့ပေးဖို့ မေတ္တာရပ်ခံပါတယ်"

"ဟား ... ဟား ... ဟ..."

www.burmeseclassic.com

www.burmeseclassic.com



ခေါင်တင်လျှ ရှေ့ထိုးနောက်ငင် ယိမ်းထိုးပြီး အသံကျယ်လောင်စွာ ရယ်မောနေသည်။

"တား ... တား ... တား"

"အခု ... ရယ်နေတာ ဘယ်သူလဲ"

"သရဲ ... သရဲ ... မင်းတို့ခေါ်နေတဲ့ ကျွဲစီးသရဲ ဘာသိချင်သေးလဲ"

"နာမည်ရှိလား"

"ငါ့ လူ့ဘဝနာမည် ဖိုးနီ ... သရဲဖိုးနီ"

"မင်းစကား အတောအ်ပြော ... ငါ့ကို ဘာမှတ်နေလဲ"

"ဆရာစုတ်လို့ မှတ်တာပေါ့ ... ပညာလေး မတောက်တခေါက်နဲ့ ငါ့ကိုများ ... တိန်းလားဟောက်လားနဲ့ ... ငါက ငါးပြေမတောမှာ ကျက်စားနေတဲ့ သရဲဖိုးနီ၊

ငါသရဲဖြစ်တာ အနှစ်သုံးဆယ်ကျော်ပြီ၊ ပဲခူးရိုးမမှာ လယ်လုပ်ရင်း ငါ့ကျွဲစီးပြီး ရွာကိုပြန်လာတုန်း မိုးကြိုးမှန်ပြီး ငါနဲ့ ကျွဲကြီး သေခဲ့ရတာ၊

ငါ ... ရွာစဉ်နှံ့ပြီ၊ အခု ဒီရွာကို ရောက်လာတာပဲ၊ ဒီရွာမှာ စိတ်တိုင်းကျ စားသောက်ပြီးရင် နောက်တစ်ရွာကို သွားမှာ"

"အော် ... မင်းက သေလို့ သရဲဖြစ်နေတာ အသိတရား



ရဘူး။ လူတွေကို ခြောက်လှန့်သေအောင်လုပ်ပြီး အလောင်းတွေ ခိုးစားနေတာပေါ့ တုတ်လား"

"ငါ သတ်တာ မဟုတ်ဘူးတွေ ... သူတို့ ကြောက်လန့်ပြီး သေတာ။ ငါက လူကို သတ်မစားဘူး ... သေမှ စားတာ"

"မင်းက တမင်တကာ မသတ်ဘူး ... မင်းက ခြောက်ဆင်လှုပ်၊ မင်းမယောဂကြောင့် သေတာ၊ မင်းရဲ့အပြစ်ကြီး။ မင်းကျူးကြီးကြောင့် သေကြရတာ"

"မင်း ... ဒီတစ်ခါ နောက်ဆုံးပဲ"

"တား ... တား ... တား"

"အပြောမကြီးနဲ့ ဆရာစုတ် ... ကျုပ်အကြောင်း သိချင်တယ် မဟုတ်လား ... သိပြီဆိုတော့ ကျုပ်သွားပြီ"

ဆရာကြီး သရဲဝိဉာဉ်ကို ချုပ်မထားရသေးခင် သူပြောချင်ရာပြောပြီး ပြန်ထွက်သွားသည်။

"တောက် ... တော်တော်လည်တဲ့ သရဲပဲ"

"ဒီသရဲကို ... ရှေ့ရွာတွေ ခရီးဆက်ခွင့်ပေးလို့ မဖြစ်ဘူး ... တစ်ခါတည်း အပြတ်ရှင်းရမယ်။

ဒီရွာသချိုင်း ဘယ်နားမှာရှိလဲ"

"မြောက်ဘက်မှာပါ ... ရွာနဲ့ သိပ်မဝေးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သချိုင်းကို ညရှစ်နာရီလောက် သွားမယ်။ သရဲမကြောက် သတ္တိရှိတဲ့ ယောက်ျားသုံးယောက် ခေါ်ပေးပါ။ မတင်လှလည်း လိုက်ခဲ့ပါ"

"ဟုတ်ကဲ့ဆရာကြီး ... အကျိုးအကြောင်း သိခွင့်ရှိရင် ပြောပြပါလား"

"ဟာ ... ပြောပြပါမယ် ... သချိုင်းထဲမှာ မဲဒါနဲ့ သွားတွေ့မလို့။ သချိုင်းတို့ရဲ့ အရှင် သရဲတွေရဲ့ အချုပ် မဲဒါကို ဒီသရဲကြီးအကြောင်း အသိပေးပြီး ဆုံးမခိုင်းရမယ်"

"ကြက်သားရရ ... အမဲသားရရ ... တစ်မျိုး အမြန် ရအောင်ရှာပြီး ချက်ပေးပါ။ ထမင်းတစ်အိုး ဆန်ကြော်ဘူးလောက် ချက်ပါ"

"ဟုတ်ကဲ့ ... ကြက်သားကတော့ အလွယ်ရပါတယ်"

"အမြောက်ကြီးနဲ့ ရွာထဲမှာ သရဲရန်ကြောက်လို့ အကုန် ရှင်းပစ်လိုက်ပြီ မဟုတ်လား"

"တင်တွေကို အိမ်မှာ သရဲမတော်လို့ ကျန်နေခဲ့ကြက်သုံး ကောင် ရှိသေးတယ်"

"တွေ့အောင် ... နှင်းဖောင်ကို သွားပြောပြီး ဒီကို ကြက်တစ်ကောင် ယူလာခဲ့လို့ ပြောလိုက်"



ဦးသာသိန်းက အားလုံးစီစဉ်လိုက်သည်။

"ကိစ္စပြီးပြည့်စုံပြီဆိုရင် ည ရှစ်နာရီ ရွာထဲက ထွက် ခဲ့မယ်"

ဆရာကြီးစကားကြောင့် အားလုံး လုပ်သင့်သည်ကို တက်ညီလက်ညီ လုပ်ကြသည်။

အချိန်က ခြောက်နာရီခန့်သာ ရှိသေးသဖြင့် အချိန်ရသေးသည်။ ငွေးက အားလုံးကို နှုတ်ဆက်ပြီး တဲသို့ ပြန်သွားသည်။

သူနှင့်သရဲ နှစ်ကြိမ်ကြုံခဲ့သဖြင့် ပျောက်သည့်အချိန်ထိ မနေရဲ။ ချိုင်းအထိလည်း မလိုက်ရဲ။

တဲမှာရှိသော ဇနီးနှင့်သားကို စိတ်ချသဖြင့် ပွဲကြည့်စွဲကောင်း ထွက်သွားပြီဟု စိတ်က မှတ်ချမိသည်။ မကြာခင် တဲပြန်ရောက် သည်။

×××××××××

ညရှစ်နာရီထိုးသည်နှင့် သချိုင်းအတွင်းသို့ ဆေးတင်လှအပါ ယောက် လာခဲ့ကြသည်။

လဆုတ်ရက်မို့ လကမထွက်သေး။ မှောင်နေမည်းနေ နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေက နီးတစ်စိမ့်စိမ့်ရွာထားပြီး ညဦးပိုင်းက မရွာတော့။ သန်းခေါင်ကျော်သဖြင့် ဖွက်မရှိ၊ သွားလို့ လာလို့ ကောင်းသည်။

ကောင်းကင်မှာ မိုးသားတိမ်ရိပ်တို့ ကင်းစင်နေသည်။ သို့ကြောင့် ကောင်းကင်မှ ကြယ်တို့၏ အလင်းရောင်တို့ဖြင့် အတိုင်းတစ်ခုထိ ရှင်းလင်းစွာ မြင်နေရသည်။

သချိုင်းအတွင်း ဂူတစ်လုံးပေါ် ထမင်းတောင်းကို တင်လိုက်သည်။

"မတင်လှက ဂူနားမှာပဲနေ၊ ခဏနေရင် မဲဝါကို ပင့်မယ်"

ဆရာကြီးက မှာစရာရှိတာ မှာပြီး လိုက်လာသူများကို ဂူပေါ်မှာ ငှက်ပျောဖက်များ ဖြန့်ခင်းစေပြီး တောင်းထဲမှ ထမင်းနှင့် ဟင်းများကို ဖက်ပေါ်တင်ထားခိုင်းသည်။ အားလုံးပြုလုပ်ပြီးသည်နှင့်

"ကဲ ... မောင်ရင်တို့က နောက်နားနည်းနည်းဆုတ်ပြီး ရပ်နေ၊ ဘာအကြောင်းနဲ့မှ ကြောက်စရာမလိုဘူး။

မတင်လှက ဂူနားမှာ ဆံပင်ဖားလျားချပြီး ဒူးထောက်ထိုင်လိုက်၊ စိတ်လျှော့ထား"

ဒေါ်တင်လှက ဆရာကြီးခိုင်းသည့်အတိုင်း ထိုင်ပြီး လက်အုပ်ချီထားသည်။

"သချိုင်းတွေကို စောင့်ရှောက်နေပါတဲ့ ... မဲဝါခင်ဗျား



ကျွန်ုပ်က အဝေးကသရောကြီးများ၏ နိုင်းစေချက်ကြောင့် ဤနေရာသို့ ပင့်ဖိတ်လိုက်ပါတယ်။

ရောက်ရာအရပ် ... ရှိသည့်နေရာမှ ဤနေရာသို့ ကြွရောက်ပေးပါရန် "တောင်းပန်ပါသည်"

ဆရာကြီး၏စကားဆုံးသည်နှင့် သချိုင်းအတွင်းမှာ လေမတိုက်ပါဘဲ သစ်ပင်သစ်ရွက်များ လှုပ်ခါယိမ်းထိုးသွားသည်။

မဲဝါရောက်လာကြောင်း သိလိုက်သည်။

ဒေါ်တင်လှ၏ ခန္ဓာကိုယ် တွန့်လိမ်သလို ဖြစ်သွားပြီး ဂူပေါ်ခုန်တက်ကာ ထမင်းနှင့် ကြက်သားဟင်းတို့ကို အားပါးတရ စားနေသည်။

ကြက်ရိုးများကိုလည်း တကျွတ်ကျွတ် ဝါးနေသည်။ ရိုးရိုးသာမန်လူတို့ ကြက်ရိုးကို ကိုက်ဝါးရန်မလွယ်။ ယခု ဒေါ်တင်လှ တကျွတ်ကျွတ် မြည်အောင်ကိုက်ဝါးစားနေသည်။

ကြောင်ခင် ထမင်းတင်းကုန်သွားသဖြင့် ရေတစ်ဖလားကို ကောက်ယူ မော့သောက်လိုက်သည်။

"ကဲ ... ပြောစမ်း၊ ဘာသိချင်လို့လဲ"

"မဲဝါခင်ဗျာ၊ အခုရွာအတွင်းမှာ ကျွဲကြီးစီးပြီး သရဲတစ်ကောင် ရောက်ရှိနေပါတယ်၊

www.burmeseclassic.com



သူ့ခြောင်း ကလေးနှစ်ယောက် သေသွားပြီး အလောင်းတွေပါ ယူသွားပစ်တယ်။ ရွာထဲက ကြက်တွေလည်း သူနဲ့ပါလာတဲ့ ခွေးကြီးစားလို့ ကုန်သလောက်ဖြစ်သွားပြီ၊ ရွာခေါ်လှည့်ပြီး စားသောက်နေတာလို့ ပြောပါတယ်။ မဖဲဝါကိုယ်တိုင် နှိမ်နင်းပေးပါ"

"အေး ... အဲဒီကောင် ပဲခူးရိုးမနားက ကျောင်းစုရွာမှာ နေတဲ့ကောင်၊ မိုးကြိုးအပစ်ခံရပြီး ကျွဲရောလူပါ သေသွားတယ်။ မကျွတ်မလွတ်ဘဲ သရဲဖြစ်ပြီး လျှောက်သွားနေတာ။

ငါ့မြေမကိုင်းတောရွာထဲက ဒီတက်အခြမ်းကို နယ်ကျော်ရောက်လာတာ။ ဒီကောင် ဒီနေ့လမ်းဆုံးရောက်ပြီဆိုတာ သိစေရမယ်။

ဟိုခွေးကြီး သွားခေါ်နေတယ်။ ငါက လမ်းက ကြိုစောင့်ပြီး သရဲကို ဆုံးမမယ်၊ မင်းတို့ ဒီကစောင့်"

မဖဲဝါ ပြောပြောဆိုဆို ဒေါက်လှခွာကိုယ်မှ ထွက်ခွာသွားသည်။

သူတို့နောက်ကတက် ရွာနားဆီမှ ခွေးဟောင်သံကြီး အတိုင်းသား ကြားလိုက်ရသည်။

သရဲကြီး ကျွဲစီးကာ ရွာပြင်သို့ ဒုန်းဆိုင်းထွက်လာသည်။



မဖဲဝါကို ကျွဲချိုကြီးနှင့် ဝင်ခတ်ပစ်သည်။

မဖဲဝါက အသာလေး ရှောင်ပြီး သရဲကြီး၏ မျက်နှာကို လက်ဖြန့်ရိုက်ပစ်လိုက်သည်။

သရဲကြီး နောက်ကို ပစ်ကျသွားသည်။

သရဲကြီး အောက်ကိုပစ်ကျသွားသော်လည်း ကျွဲကြီးက မဖဲဝါဆီ ပြေးလာကာ အားကုန်ဝင်ဆောင့်လိုက်သည်။ မဖဲဝါအပေါ်သို့ မြောက်တက်ပြီး ရှောင်လိုက်သည်။

ကျွဲကြီးဦးခေါင်းက မဖဲဝါနောက်က ကုက္ကိုပင်စည်ကြီးကို အရှိန်ပြင်းစွာ ဝင်ဆောင့်ပစ်လိုက်သည်။

"ဝုန်း"

ကျွဲချိုတစ်ချောင်း သစ်ပင်၏ပင်စည်မှာ စိုက်ဝင်သွားသည်။ မဖဲဝါက ကျွဲကြီး၏ လည်ပင်းကို ဆောင့်ကန်ပစ်လိုက်သည်။

လည်ပင်းရိုးကြီး ပြောင်းခဲ့ ကျိုးကာ ကျွဲကြီးသေဆုံးသွားသည်။

သချိုင်းအတွင်းက သူများလည်း တိုက်ခိုက်နေသည်ကို မြင်ရပေမယ့် မိညာဉ်သရဲတို့ တိုက်ခိုက်နေသော အသံများ ဝုန်းဝုန်း ကြားနေရသည်။

သစ်ပင်ချုံပင်များ ယိမ်းထိုးလှုပ်ခါနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွဲကြီးသေသွားသည်နှင့် မဖဲဝါ သရဲကြီးအား ရင်ဆိုင်လိုက်သည်။

"မင်းက ငါ့ပိုင်နက်မှာ မတရား လာလုပ်နေတယ်၊ မင်း ဒီက ထွက်ခွင့်မပေးနိုင်ဘူး"

"ဟား ... ဟား ... ကြည့်သေးတာပေါ့"

သရဲကြီး ... မဖဲဝါထံ ပြေးဝင်သွားသည်။

မဖဲဝါက လေထဲပျံတက်ပြီး ရှောင်လိုက်သည်။ အရှိန်လွ သွားသော သရဲဦးနှီ နောက်သို့ ပြန်အလှည့် မဖဲဝါလက်မှ အလ တန်ကြီးထွက်ပြီး လည်ပင်းကို ဖြတ်ထွက်သွားသည်။

"ဟား ... ဟား ... ဟား"

ထိုအချိန်မှာ ဒေါ်တင်လှတစ်ကိုယ်လုံး တုန်တုန်ရီရီ ဖြစ် သည်။

"ကဲ ... အားလုံး စိတ်ချလက်ချ နေပေတော့၊ ကြီးရော၊ သူ့ကျွဲကြီးရော ကိစ္စတုံးသွားပြီ။

ငါ့ရဲ့ချွေးကြီးက သူ့ချွေးကို တိုက်စားပစ်လိုက်ပြီ။

ကဲ ... ပြန်ကြပေတော့ ငါသွားမယ်"

ထိုသို့ပြောပြီးသည်နှင့် ဒေါ်တင်လှလည်း လဲကျပြီး မေ့သလို ဖြစ်သွားသည်။



ဒေါ်တင်လှကို သတိရအောင် ပြန်လည်ပြုစုပေးပြီး ရွာသို့ ပြန်ခေါ်လာတော့သည်။

ထို့နောက်တော့ ပဲခူးရိုးမမှ ရွာစဉ်လှည့်၍ သောင်းကျန်းနေသော ကျွဲစီးသရဲကြီးလည်း မဖဲဝါ၏ ဆုံးမမှုအောက်မှာ သေပွဲဝင်သွားသဖြင့် ရွာသူရွာသားတို့သည်လည်း အေးအေးချမ်းချမ်း နေနိုင်ပြီဖြစ်သည်။

နောက်နေ့မှာ ဆရာကြီးအား အောက်စုရွာသို့ ပြန်ပို့ပေးကြသည်။

သာငွေးတို့တဲအနီးရောက်တော့ လယ်ထွန်နေသော သာငွေး၊ ဆရာကြီးတို့လူစုကို တွေ့လိုက်သဖြင့် ထယ်ကို ခေါရပ်ပြီး ဆရာကြီးအား လာတွေ့သည်။

"ဆရာကြီး ပြန်တော့မလို့လား"

"အေး ... ပြန်တော့မယ်၊ မင်းတို့ရွာကိုရောက်လာတဲ့ သရဲ ... ညက မဖဲဝါဆုံးမလိုက်တာ ကိစ္စချောသွားပြီ၊ စိတ်ချလက်ချသာ နေကြပေတော့"

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်၊ အားလုံးက သရဲကို မမြင်ကြပေမယ့် ကျွန်တော်က ထူးထူးခြားခြား မြင်လိုက်ရတယ်။

ညက မဖဲဝါနဲ့ သရဲကြီးတိုက်ခိုက်တာ ကျွန်တော်သာ

www.burmeseclassic.com

www.burmeseclassic.com

ရှိရင် မြင်ရမှာပဲထင်တယ် ဆရာကြီး"

"သူတို့ကိုယ်တိုင်က မြင်စေချင်လို့ ပြရင်တော့ မြင်တာပေါ့။

သရဲမြင်ထိုက်တဲ့ ပါရမီပါတဲ့သူတချို့လည်း သရဲတစ္ဆေ အမြဲမြင်နိုင်ကြတယ်"

"ကျွန်တော်က ကျွဲစီးသရဲမှ မဟုတ်ဘူး၊ သရဲအချို့လည်း မြင်ဖူးတယ်။

ဒါပေမဲ့ ကျွန်တော်က ကြောက်တတ်တယ်။ ည ကျွန်တော်သာရှိနေရင် သချိုင်းထဲမှာတင် အသက်ထွက်ကျန်ခဲ့မလား မသိဘူး"

"ဆရာတို့လည်း ပါတာ ... အဲဒီလိုတော့ မဖြစ်နိုင်ပါဘူး ကဲ ... မိုးမရွာခင် ရွာအရောက် ပြန်ရမယ်၊ ဆရာသွားမယ်"

"ကျွန်တော်လိုက်မပို့ဖြစ်တာ ခွင့်လွှတ်ပါဆရာကြီး"

"သာဒွေး ကြောက်၊ အခုမှ သည်းမြမနေနဲ့ ... ငါတို့သွားမယ်"

"ဆရာကြီးကို သေချာစောင့်ရှောက်သွားကြ"

"စိတ်မချရင် မင်းပါလိုက်ခဲ့လေ"



"ငါ့ကို စောင့်မလား၊ ရေတစ်ပုံးနှစ်ပုံး သွားလောင်းလိုက်မယ်လေ"

"နေနေ မောင်သာဒွေး၊ လယ်တွက်ထဲမှာ နွားတ တန်းလန်းနဲ့ ... ဆရာတို့ နေမှမပူဘဲ ... အေးအေးဆေးဆေး လျှောက်သွားပါ့မယ် ... စိတ်ဖြောင့်ဖြောင့်နဲ့ နေခဲ့ပေတော့"

ဆရာကြီးနှင့်တကွ လိုက်ပို့ပေးကြသော ရွာသားတို့ သူ့အနီးက ထွက်ခွာသွားကြသည်။

သာဒွေးလည်း လယ်ကွက်ထဲသို့ ပြန်လာပြီး ထယ်ကို ဆက်ထိုးနေလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ခြောက်လောင်းပြိုင် အိမ်ကြီး

အမှောင်ရိပ်က တဖြည်းဖြည်းလမ်းပေါ် ကျလာသည်
တောင်ဆင်းတောင်တက်လမ်းများကြောင့် ခရီးကမတွင်။

တစ်ဖက်မှာ ချောက်၊ တစ်ဖက်မှာက တောင်နံရံတို့ဖြ
အမှောင်ထဲမှာ ဆိုင်ကယ်မီးရောင်အားကိုးပြီး ခရီးဆက်နေရသည်

ဒီတော့ ဒီလမ်းပေါ်မှာ ရက်ခြားဆိုသလို ဆိုင်ကယ်တစ်
နှင့် သွားနေရသည်။

သူ့တာဝန် သူ့အလုပ်က ကျေးလက်ကျန်းမာရေးမှ
ဆေးရုံဆေးခန်းဝေးသောနေရာများဖြစ်၍ ဆိုင်ကယ်တစ်စီး
နယ်လှည့်ကုသပေးနေသူဖြစ်သည်။ တောင်ပေါ်ရှိ တစ်ရွာပြီးတစ်
ခရီးဆက်နေရသည်။



ယခု တာဝန်ပြီးဆုံး၍ တာဝန်ကျရာ တောမြို့သို့ ပြန်လာခြင်းဖြစ်သည်။ သူ့တာဝန်က ကျေးရွာအုပ်စုများသို့ တစ်ပတ်တစ်ခါ လှည့်လည်ကုသရသည်။

ခရီးစဉ်တစ်ခေါက်ထွက်လျှင် ရွာလေးငါးရွာ တာဝန်ယူရသည်။

ရွာကြီးလျှင် တစ်ရက်မျှ ကြာသည်။ အချို့နှစ်ရွာတစ်ရက်၊ သူမြို့မှ တစ်ခေါက်ထွက်လျှင် သုံးရက်လေးရက်ခန့်မျှ ကြာသည်။

ယခု ခရီးစဉ်တစ်ခု ပြီးဆုံး၍ ပြန်လာခဲ့ရာ ပြန်ချိန်နောက်ကျခဲ့သည်။ ခရီးတစ်ဝက်ခန့်ပင် ရောက်သေးသည်။ ခုနစ်နာရီကျော်ခဲ့ပြီ။

မှောင်ပေမယ့် လမ်းက တစ်ပတ်ကို နှစ်ခါမျှ သွားလာနေရသောလမ်းဖြစ်သည်။

သူ့အတွက် အစိမ်းကြီးမဟုတ်။ လမ်းမှာ လူတစ်ယောက်တွေ့သဖြင့် ဖြတ်လမ်းကသွားလျှင် မြို့ကို မကြာခင်ရောက်မည်ဆိုသဖြင့် ထိုလူပြသော လမ်းက ဝင်လာခဲ့သည်။

အမှောင်ထုကြောင့် သူဘယ်နေရာ၊ ဘယ်ခရီး မှန်းဆ၍ မရလောက်အောင် ဖြစ်နေသည်။

သူ့အား မြို့မရောက်သေးသောလမ်းတို့ ညွှန်လိုက်သည်လား

www.burmeseclassic.com

www.burmeseclassic.com



မသိ။ စိတ်ထဲမှာတော့ စိုးရိမ်စိတ် ဖိုလာသည်။

ဖိုက်ကလည်း ဆာနေပြီ၊ တစ်ခါမျှ အချိန်နောက်ကျပြီး မပြန်ဘူး။ ယခုတော့ တစ်ခါမှ မရောက်ဘူးသောလမ်းပေါ် မှားပြီး ရောက်နေပြီထင်သည်။

သည်ခရီး၊ သည်လမ်း ရောက်ဖူးသည်၊ သွားဖူးသည် ဆိုပြီး နယ်ခံ ညွှန်ပြသည့်လမ်းကိုမှ ဝင်လာမိခဲ့သည်။

ဖွတ် ... ဖွတ် ... ဖွတ်

"ဟင် ... ဆိုင်ကယ်က ... ဘာဖြစ်တာလဲ၊ ဆီကုန် သွားပြီလား၊ မသိဘူး"

ဘယ်လို နှိုးနှိုး စက်ပြန်နိုးမလာတော့။ နာရီကြည့်လိုက်သည်။ ခုနစ်နာရီခွဲတော့မည်။ တောင်ဆင်းတောင်တက်လမ်းလည်း ဖြစ်၊ သစ်ပင်သစ်ရိပ်တို့ အုပ်မိုးထားခြင်းကြောင့် အမှောင်ထုက ဖိုကဲနေသည်။

ဆိုင်ကယ်ကိုလည်း တွန်းနေရသည်။ မကြာခင် တောရိပ် သစ်ရိပ်လွတ်ရာသို့ ရောက်လာသည်။ အဝေးကို လှမ်းကြည့် မိသည်။ ရှေ့နားကျကျမှာ မီးရောင်ကို တွေ့လိုက်သည်။

"ဟာ ... မီးရောင်တွေ့တယ်၊ လူနေအိမ်ဖြစ်မယ်"

ဆိုင်ကယ်ကို တွန်းရင်း ထိုမီးရောင်တွေ့ရာသို့ သွားရ



က်တူးလိုက်သည်။

လူနေအိမ်ဖြစ်ပါက စားစရာတစ်ခုခုတော့ ရနိုင်သည်။ ကယ်ပြင်နိုင်သည့်လူ ရှိနိုင်သည်။

နောက်ဆုံး အချိန်မတော် တည်းခိုနိုင်သည်။ သို့ကြောင့် ကိုခြင်းများစွာနှင့် ဇော်နောင်တစ်ယောက် ဆိုင်ကယ်ကိုတွန်းပြီး ကြီးရှိရာဘက်သို့ ဦးတည်လာခဲ့သည်။

မီးရောင်ကိုမြင်သဖြင့် တွန်းခဲ့ရာ နီးနီးလေး ထင်ထား က်လည်း နာရီဝက်နီးပါးမျှ တွန်းလာခဲ့ရသည်။

မကြာခင်မှာပင် အိမ်ကြီးအနီးသို့ ရောက်လာသည်။

အိမ်ကြီးရှေ့ လှည့်ဝင်လိုက်သည်။ ခြံစည်းရိုးမှာ အသေ ခတ်ထားခြင်း မရှိသဖြင့် ဆင်ဝင်အောက် ရောက်လာခဲ့ သည်။

အိမ်ကြီးအတွင်းမှာ စကားပြောသံများ ကြားနေရသည်။

ဒေါက် ... ဒေါက် ... ဒေါက်

သစ်သားတံခါးကြီးကို ခေါက်လိုက်သည်။

ဇော်နောင်၏ တံခါးခေါက်သံကြောင့် အိမ်ကြီးပေါ်က စကား ပြောသံများ ရပ်သွားသည်။

"အင်း ... သူတို့ ငါ ခေါက်တာ ကြားသွားပြီ"

www.burmeseclassic.com



ခဏကြာတော့ အတွင်းမှ တံခါးချက်ဖွင့်သံ ကြားလိုက်သည်။

"ဘယ်သူလဲကွယ့်"

မှန်အိမ်ကိုင်ထားသော အသက်ငါးဆယ်ခန့် အဘွား တစ်ယောက်ကို တွေ့လိုက်သည်။

"ကျွန်တော်က ကျေးလက်ကျန်းမာရေးမှူး ဇော်နေ နယ်လှည့်ခဆးကုပြီးအပြန် ဆိုင်ကယ်ပျက်လို့ ခဏဝင်လာတာပါ"

"အော် လာလာ ... အိမ်ပေါ်တက်ခဲ့"

သူတံခါးအတွင်း ဝင်ပြီးသည်နှင့် အဘွားကြီးက တံ ပိတ်လိုက်သည်။

"တဲ ... အပေါ်ထပ်ကိုသွားသူငယ်၊ အဘွားတို့လင်မယ က ဒီအိမ်ရဲ့ အရှင်သခင်ကြီးကို စားရေးသောက်ရေး တာဝန် ထားရတာ။ အိမ်ရှင်တွေက အပေါ်ထပ်မှာ၊ ဧည့်သည်တွေအတွက် တက်သွား။

အပေါ်ရောက်မှ မင်းအကြောင်း ပြောပြပေတော့"

ဇော်နောင်လည်း ပွတ်လုံးတိုင်လက်ရန်းလေးကာ ကိုင်ပြီး အပေါ်ထပ် တက်ခဲ့သည်။

"တွေ့သူငယ် လာကွယ့်"

www.burmeseclassic.com



အပေါ်ရောက်သည်နှင့် ဧည့်ခန်းဆက်တီပေါ်မှ လူကြီးက လှမ်းခေါ်လိုက်သဖြင့် ဇော်နောင်ထိုနေရာသို့ လျှောက်သွားသည်။

"လာထိုင် သူငယ် ... ဘယ်က ဘယ်လို ပျက်စီးလည်ပြီး ရောက်လာတာလဲ"

"ကျွန်တော် သစ်ဆိပ်ရွာက ပြန်လာတာ၊ လမ်းမဲ့မှား လာတာလား မသိဘူး။ မြို့ရောက်ရမယ့်အချိန် မရောက်တဲ့အပြင် လမ်းမှာ ဆိုင်ကယ်ပျက်လို့ ဆင်းတွန်းလာရင်း ဒီအိမ်ကြီးက မီးရောင်ကို လှမ်းမြင်လိုက်တာနဲ့ လှည့်ဝင်ခဲ့တာပါ"

"အင်း ... သူငယ် ကံကောင်းသွားတယ်၊

ဦးလေးတို့က တံခါးမပိတ်မိလို့ ဖိုးတူ အဝေးက မြင် ရတာ၊ ဒါတိုင်းဆို မှောင်တာနဲ့ တံခါးပိတ်ထားတော့၊ အဝေးက ဘယ်မြင်နိုင်တော့မှာလဲ၊

ကဲ ... ဖိုးတူကြီး၊ ဒီအချိန်ရောက်မှ မြို့ပြန်လို့ ဘယ် ဖြစ်တော့မလဲ၊ ဒီမှာပဲ ညအိပ်သွားပေတော့၊

မြေးကြီး ... မင်းအစ်ကို ထမင်းစားရအုံးမှာ မဟုတ်ဘူး၊ အောက်ထပ်က နန်းတွေးတို့ လင်မယား ထမင်းပွဲပြင်ပေးဖို့ သွားပြောလိုက်၊

ကဲ ... သူငယ်၊ ဘာမှ အားမနာနဲ့ သွားစား၊ ဒီ

အချိန်တတော့ တင်းတစ်ပယ်လောက်ကျန်ကောင်းပါရဲ့"

"ရပါတယ်၊ ကျွန်တော်က ငါးပိရည်ရှိလည်း စားနိုင်ပါတယ်"

"လာအစ်ကို ကျွန်တော်နဲ့လိုက်ခဲ့ ... ကျွန်တော့်နာမည်က ဓတေထွန်းလင်းတဲ့ ... အဘိုးနာမည်က ဗိုင်းထွန်းရီ၊ အဘွားက ဒေါ်နန်းခင်ထားတဲ့၊ ကျွန်တော့်အဖေက ဗိုင်းအုံဖ၊ အခုအိပ်ခန်းထဲ ဖျော်းကိုက်လို့ ဝင်အိပ်နေတယ်"

"ဒေါ်နန်းတွေး ... ဒေါ်နန်းတွေး၊ ဒီကအစ်ကိုစားဖို့ သောက်ဖို့ အဘိုးက စီစဉ်ပေးလိုက်ပါတဲ့"

"အေး ... အေး၊ ဆိတ်သားဟင်း ... နည်းနည်း ကျန်သေးတယ်၊ ဆင်းလာခဲ့ ... ထမင်းထည့်ပေးမယ်"

"ကဲ ... အစ်ကိုသွား၊ ထမင်းစားပြီးမှ အပေါ်ထပ် ပြန်တက်လာခဲ့ ... ပြီးမှ စကားပြောကြတာပေါ့၊ ကျွန်တော်တို့က စောစော မအိပ်တတ်ဘူး"

"အေး ... အေး ... ကျေးဇူးပဲညီလေး"

ဇော်နောင် လှေကားမှ ဆင်းခဲ့သည်။

လျှပ်စစ်မီးလည်းမရှိ၊ မီးစက်လည်းမရှိ။ မှန်အိမ်များ ဖယောင်းတိုင်များဖြင့်သာ အလင်းရောင် ဖွဲ့စည်းထားသည်။



"ကဲ ... လာလာ၊ အဲဒီစားပွဲမှာထိုင် အဒေါ်ထည့်ပေးမယ်"

မကြာခင်မှာပင် ဆိတ်သားဟင်းတစ်ပန်းကန်၊ ထမင်းတစ်ပန်းကန်၊ ငါးပိရည် တို့စရာတို့ဖြင့် စားရတော့သည်။

"သူငယ် ကံကောင်းသွားတယ်၊ ဒီဟင်းက သခင်လေး ဗိုက်ကိုက်လို့ ... ညစာမစားဖြစ်တာနဲ့ ... မင်းအတွက် ကျန်သွားတာ။ ကဲ ... ကဲ ... ဟင်းတွေ အကုန်သာစားလိုက်"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ"

"ဒါတို့ကို ကျေးဇူးတင်စရာ မလိုဘူး။ ဒီအိမ်ကြီးရှင်တွကိုသာ ကျေးဇူးတင်ကြ"

ဇော်နောင်လည်း ဗိုက်တအားဆာလွန်းလှပြီဖြစ်၍ ထည့်ပေးသမျှ ကုန်အောင်စားပစ်လိုက်သည်။

"ဝရဲ့လား ... ဟင်းရော ထမင်းရော အကုန်ပဲ"

"တာ ... ထမင်းတစ်ပန်းကန်ပေးမယ့် ... ဗိုက်ပြည့်သွားတာပဲ၊ ကဲ ... ကျွန်တော်ဝိုင်းပြီး သိမ်းပေးမယ်"

"နေ ... နေ၊ အဒေါ်ပဲ သိမ်းလိုက်မယ်၊ အပေါ်သာ တက်သွားတော့"

ထိုစဉ် အပြင်မှ အသက်ငါးဆယ်ကျော်ခန့် ရှုံးတိုက်မှု၊

www.burmeseclassic.com



ရှမ်းဘောင်းဘီပွပွ ဝတ်ထားသည့် လူကြီးတစ်ယောက် ဝင်လာသည်။

"ဒီက အဒေါ်ယောကျ်ားလေ ... အဒေါ်တို့က ဟိုဘက်ခန်းမှာ အိပ်ကြတယ်။

ညဘက် အပေါ့အပါးသွားချင်ရင် ... ဟိုမှာ ရေအိမ်ရှိတယ်။ ရေချိုးလို့လည်း ရတယ်။

အကြောင်းကိစ္စရှိရင် အဒေါ်တို့အခန်းကိုသာ ပုတ်ပြီး နှိုးလိုက် ဟုတ်လား။

ကဲ ... အဲဒီမှာ သခင်ကြီးတို့ စောင့်နေလိမ့်မယ်"

"ဟုတ်ကဲ့ ... ကျွန်တော် ရေအိမ်ခဏဝင်အုံးမယ်"

"အေး ... အေး ... သွား ... သွား"

အပေါ့အပါးသွားပြီးနောက် ဇော်နောင်လည်း ထမင်းစားခန်းမှ အပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။

"လာ ... ထိုင် မောင်ရင် ... ဘယ်နှယ့်လဲ စားလို့ကောင်းရဲ့လား"

"ဟုတ်ကဲ့ ... ရှိသမျှ အကုန်စားပစ်လိုက်တယ်"

"အေး ... အဲဒီလိုမှပေါ့"

"ဆောင်ရင်မှာ ... အိမ်ထောင်နဲ့ မိသားစုရှိလား"

"ဟုတ်ကဲ့ ... မိသားစုရှိပါတယ်။ သားလေးနှစ်ယောက် ရှိပါတယ်။ အကြီးကောင်က ကျောင်းထားတာစပဲ ရှိသေးတယ်"

"အင်း ဒီအသက်အရွယ်ရောက်မှတော့ မိသားစုလေးနဲ့ဆို ကောင်းတာပေါ့ ... အထီးမကျန်တော့ဘူး။

ဦးလေးတို့လည်း အရင်က မိသားစုဘဝလေးနဲ့ ပျော်စရာလေး ဖြစ်ခဲ့တယ်။ အသက်တွေကြီး၊ အချိန်တွေကြာလာတော့ မိသားစုတွေ ပြိုကွဲသွားမှာ စိုးရိမ်နေရပြီ။

သမီးအကြီးလည်း လွန်ခဲ့သော ဆယ်နှစ်လောက်က ဆုံးသွားတယ်၊ သားလတ်ရဲ့မိန်းမလည်း ဆုံးသွားတယ်။

မြေးဆိုလို့ ... ဒီတစ်ယောက်ပဲ ကျန်တော့တယ်။

သားငယ်လင်မယားကတော့ အိမ်ထောင်ကျပြီးကာစမှာပဲ ကားမှောက်ပြီး နှစ်ယောက်လုံး ဆုံးသွားကြတယ်။

ဒါကြောင့် မိသားစုဖြစ်လာပြီး ပျော်စရာကောင်းပေမဲ့ အဲဒီ မိသားစုက တစ်စတစ်စ ပြိုကွဲနေတာကို မြင်ရပြန်တော့ စိတ်က ရွှင်တော့ပြန်ဘူး။

ဘယ်နေ့ ငါ့အလှည့်လဲ၊ ဘယ်နေ့မှာ သူ့အလှည့်လဲ ဆိုတာ စိတ်ထဲ အမြဲကြောင့်ကြနေမိတော့တယ်။

ဒါကလည်း မိသားစုနဲ့ နေဖူးမှ မိသားစုနဲ့ ခွဲခွာဖူးမှ ဒီလို စိတ်ခံစားချက်တွေ ဖြစ်လာတာတွယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးတို့ အရင်က ဒီအိမ်ကြီးပေါ်မှာ သားသမီးတေ
မြေးတွေနဲ့ စည်ရှုန်းရှုန်းနေလာကြတာ။

မှောင်နက်ကိုတွေကြောင့် သေရတာရော၊ ကားအက်စီး
ကြောင့် သေရတာရော ဘယ်မှာ ပျော်ရကောင်းလို့လဲ ငါ့တူ

ပြီးတော့ ရှိသေးတယ်၊ သေပြီးတာတောင်မှ မကျွတ်မလွ
သေးတဲ့ ဝိညာဉ်တွေကလည်း ရှိသေးတယ်။

ကိုယ့်ကိုယ်ကို သေလို့သေမှန်း မသိ၊ သွားရမယ့် လမ်းမ
စွဲလမ်းမှုကြောင့် ဇက်တွယ်နေတဲ့သူတွေကလည်း ရှိတတ်ကြသေ
တယ်"

"ဗျာ ... ဘယ်လိုအမျိုးအစားတွေလဲ ဦးကြီး"

"ရှောင်လွှဲမရတဲ့ သေခြင်းမျိုးနဲ့ သေကြပြီး မိမိကိုယ်တိ
သေလို့သေမှန်းမသိ၊ နေရာအစွဲနဲ့ နေတတ်ကြတဲ့ ဝိညာဉ်တွေလည်
ရှိနိုင်ကြတယ်လို့ ဦးလေးက ပြောတာပါ"

"အင်း ... အချိန်မတော်ကြီး ဒီအကြောင်းတွေ ပြော
ငါ့တူ ကြောက်နေပါအုံးမယ် ... အိပ်ချင်ပြီလား"

"မအိပ်ချင်သေးပါဘူး၊ ဦးကြီးတို့အိပ်ချင်တဲ့အချိန် အိပ်
ကျွန်တော့်ကို အားမနာပါနဲ့"

"ငါ့တူကြီးအတွက် အိပ်ခန်းပြင်ပေးထားပြီးပြီ။ ဟိုအခ



မှာအိပ်၊ ဇယောင်းတိုင်တစ်တိုင်ယူသွား ... အိပ်တဲ့အခါ မီးမှုတ်
အိပ်ပေါ့။

ဒီညည့်ခန်းမှာ မှန်အိပ်တစ်လုံး အမြဲထွန်းထားတယ်။ ညမှ
ညရ အမှောင်ထဲ သွားစရာ မလိုတော့ဘူးပေါ့"

"ဟုတ်ကဲ့ ... ကျွန်တော်က ညဘက်အပြင်မထွက်တတ်
ဘူး။ အိပ်ပျော်ရင် တစ်ရေးတည်း အိပ်တတ်ပါတယ်"

"အင်း ... ကောင်းတာပေါ့၊ ဒါမှ အိပ်ရေးဝမှာ။
ကဲ ... စကားပြောကြအုံး၊ ဒေါ်လေး သွားအိပ်တော့
မယ်"

စကားဝင်မပြောတဲ့ ဦးလေးကြီးအေး ထိုင်နေသော အခေါ်
ကြီးက အိပ်ချင်ပြီဟုပြောကာ ထသွားတော့သည်။

"ဦးကြီးလည်း အိပ်ချင်အိပ်တော့လေ"

"အေး ... အေး မင်းညီက စကားသိပ်များတဲ့ကောင်၊
ကတ စကားပြောဖော် ရှာနေတာ၊ ပြီးခဲ့တဲ့ညက သူ့အဖေ
ချောင်းဆိုးလွန်းလို့ တစ်ညလုံးနီးပါး မအိပ်ရဘူး။

မောင်ရင် ထမင်းဆင်းစားနေတုန်း အိပ်ငိုက်နေတာနဲ့
အိပ်နိုင်းလိုက်တယ်"

"ဟုတ်ကဲ့ ... ဦးကြီး၊ ကျွန်တော်လည်း အိပ်ခန်းထဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်တော့မယ်"

အချိန်က ခြောက်နာရီခန့်ရှိပြီ။ ဇော်နောင်အိမ်မှာဆိုလျှင် ဆယ့်တစ်နာရီမထိုးမချင်း ဘယ်တော့မှ မအိပ်။ ယခု အိမ်ရှင် များက တစ်ယောက်ပြီးတစ်ယောက် ဝင်အိပ်နေမှတော့ သူလည်း အပြင်မှာ ထိုင်နေ၍ မသင့်တော့။

သို့ကြောင့် ဖယောင်းတစ်တိုင် မီးကူး၍ မိမိအတွက် နေရာချပေးထားသော အခန်းသို့ ထွက်လာခဲ့သည်။

အခန်းတံခါးကို တွန်းပြီး အထဲဝင်လိုက်သည်။ ဇော်နော အခန်းထဲရောက်တော့ စိမ်းရွှေရွှေအနံ့လိုလို၊ ညှီနံ့လိုလို အ တစ်မျိုးရလိုက်သည်။

"ရှစ် ..."

တစ်ခုခု ရှုပ်တိုက်ဆွဲလိုက်သော အသံမျိုးကိုပါ ကြားလို ရသေးသည်။

အင်း ... ဒီအခန်းမှာ လူမနေတာ ကြာလို့၊ တံ ပိတ်ထားတဲ့အတွက် အနံ့အသက်များ မကောင်းခြင်းဟုသာ စိတ် မှတ်ယူလိုက်သည်။

ထို့နောက် အိပ်ရာပေါ် တုံးလုံးလှဲအိပ်လိုက်သည်။

ဖယောင်းတိုင်ကို မီးငြိမ်းလိုက်ပြီး မျော်အောင်အိပ်လိုက်



ကြာခင်မှာပင် အိပ်ပျော်သွားသည်။

အချိန်က သန်းခေါင်ကျော်လွန်လျှက် သုံးနာရီပင်ရှိပြီ။

ဝုန်း ... ဝုန်း ... ဝုန်း

ဆူညံသောအသံအချို့ကြောင့် ဇော်နောင်အိပ်ပျော်ကျနေရ နိုးသွားသည်။

"ကြောက်ပါပြီ ... ကြောက်ပါပြီ"

"ခင်ဗျားတို့မိသားစု ဒီအိမ်ကြီးမှာ မတော်မတ နေနိုင် ခင်ဗျားမိန်းမရခဲ့တဲ့ အမွေတွေကြောင့် မဟုတ်လား။ အင ကန်ထုတ်ပေး"

"ကျုပ်တို့ ဘာအလုပ်မှ မလုပ်တဲ့ ထိုင်စားခဲ့တာ အခုတော့ အလုံးကုန်သွားပြီ။ မင်းတို့ကို ပေးစရာ မရှိတော့ဘူး"

"ကျုပ်တို့မှာ သေနတ်တွေပါတယ်နော်၊ လိမ်မို့ မကြိုး နဲ့။

ခင်ဗျားမိသားစုတွေ အကုန်ခေါ်လိုက်"

"ဒီအကုန်ပါပဲ ... အိမ်ဖော်နှစ်ယောက်နဲ့မှ တစ်အိမ်လုံး လောက်ယောက်ထဲ ရှိပါတယ်"

ဇော်နောင်က သူ့ကိုပါ ပြောလိုက်၍ ခေါ်ထုတ်ခံရမည်ကို ရိမ်နေသည်။ သူ တံခါးကို အနည်းငယ် လှစ်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလယ်မှာ လူခြောက်ယောက် ထိုင်နေသည်။

"ခင်မျှားကြီးမှာရှိတဲ့ ပစ္စည်းအကုန် ထုတ်မပေးလို့ကတေ

အကုန်သတ်ပစ်မယ်။

ဟုံအဘိုးကြီး။ ပြီးခဲ့တဲ့ ငါးနှစ်လောက်က ခင်ဗျားမိဘတေ

အမွေပေးခဲ့ကတာ ကျုပ်တို့ သိထားတယ်။

ခင်ဗျားတို့ ဝတ်စားထားတဲ့ လက်ဝတ်ရတနာတွေအပြ

သိမ်းဆည်းထားတာ မရှိဘူးဆိုတာ တကယ်လား"

"ဟုတ်ပါတယ်၊ အကုန်ပါပဲ"

"ကဲ … မုတ်ဆိတ်၊ အဲဒီမှန်အိပ်ကို ယူသွား၊ တို

သွားပြီး ပေါက်ခွဲလိုက်။ အိမ်မီးလောင်သွားရင် ဖွက်ထားတဲ့ပစ္စည်

တွေ မီးထဲအကုန်ပါပြီပေါ့။

အဲ့ မပြီးသေးဘူး၊ အဘိုးကြီး အဘွားကြီးရှေ့မှာ တ

ယောက်ချင်း သတ်ပြမယ်။

ဟန်ကိန် … တစ်ယောက်ခေါ်သွားပြီး သတ်ပစ်လိုက်

မုတ်ဆိတ် မှန်အိပ်ကို အဲဒီနားမှာ ပေါက်ခွဲလိုက်၊ လုပ်

စမ်း မြန်မြန်"

လူဆိုးတစ်ယောက်က ခြေရင်းဘက်နံရံနားသို့ မှန်အိပ်

ပေါက်ခွဲလိုက် ့ည်။ ရေနံဆီများ ပြန့်ကျဲကုန်ပြီး မီးထလော



သစော့သည်။

"တော့ကောင် … ဟန်စိန် ဘာရပ်လုပ်နေတာလဲ"

ဆရာလုပ်သူက အမိန့်ပေးလိုက်သဖြင့် ဦးလေးကြီး၏

အား နောက်သို့ခေါ်သွားကာ ခေါင်းကို သေနတ်နှင့်တေ့ပြီး

လိုက်သည်။

"ဒိုင်း"

"အမလေး … သေပါပြီ"

"အဘိုးကြီး … သေတာက ခင်ဗျားမဟုတ်ဘူး၊ ခင်ဗျားရဲ့

အချ၊ မကြာခင် ခင်ဗျားတို့အလှည့်၊ ပစ္စည်းတွေထုတ်ပေးမလား

ပေးဘူးလား"

"တကယ့်ကို မရှိတော့လို့ပါ၊ ယုံပါ ငါ့တူတို့ရာ"

"ကဲ … နောက်တစ်ယောက်က ကောင်လေးကို

သွား"

အဘိုးကြီးနှင့် အဘွားကြီး ခေါင်းဆောင်အား ပြေးဖက်ပြီး

တောင်းပန်သည်။

"ဆရာကြီးတို့ရယ် … မြေးလေးကိုတော့ မသတ်ပါနဲ့၊

အစား ကျုပ်တို့ကိုသာ သတ်သွားပါ။ ကလေးကိုတော့ ချမ်းသာ

ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဖွက်ထားတဲ့ပစ္စည်းရှိရင် ထုတ်ပေး မသတ်ဘူး"

"တကယ့်ကို မရှိတော့လို့ပါ ... အလုပ်မရှိ၊ ထိုင်စား နေကြတာ ကုန်နေပါပြီ"

"ဟဲ ... အားလုံးသတ်ပစ်"

"ဒိုင်း ... ဒိုင်း"

အဘေကြီး ထိုင်ရာက မှေ့လဲသွားသည်။

မီးကလည်း တဟုန်းဟုန်း တောက်လောင်နေသည်။

ဟဲ ဒီလောက်ချောင်းမြောင်တဲ့ မိသားစု ...

"ဒိုင်း ... ဒိုင်း"

ခေါင်းဆောင်လုပ်သူက အသက်မသေသူအားလုံးကို သတ်လိုက်သည်။

"ဆရာ ... ဝင်ရှာကြည့်အုံးမလား"

"ရှာမနေနဲ့တော့ ... ရတာပဲ ယူသွားကြမယ် ... ဒီလောက်အသေခံပြီး ငြင်းနေတာ တကယ်မရှိတော့ဘူးဆို သေချာသွားပြီ ... သွားကြမယ်"

လူဆိုးများ အိမ်ပေါ်က ဆင်းသွားကြပြီ။

အားလုံး အိမ်ပြင်ထွက်သွားသည်ကိုသိမှ ဇော်နောင် အသ အပြင်ထွက်လာသည်။



အပြင်မှာ လူခြောက်ယောက်လုံး သေနတ်အပစ်ခံရ၍ သေဆုံးကုန်ပြီဖြစ်သည်။

"အင်း ... ငါတောင် ကံကောင်းလို့ အသတ်မခံရတာ"

"ငါလည်း ... ဒီအိမ်ကြီးမှာနေလို့ မဖြစ်တော့ဘူး။ ဆိုင်ကယ်ကိုတွန်းပြီး သွားရတော့မယ်"

အချိန်က သုံးနာရီခွဲခန့်ရှိပြီ။

ဇော်နောင်လည်း အိမ်ပေါ်မှ အမြန်ဆင်းလာပြီး ဖျက်နေသော ဆိုင်ကယ်ကို တွန်းကာ အပြင်သို့ ထွက်ခဲ့သည်။

မကြာခင် လမ်းပေါ်သို့ ရောက်လာခဲ့သည်။

ဆိုင်ကယ်ကိုတွန်းနေရင်းမှ နောက်ဘက်သို့ လှည့်ကြည့် လိုက်မိသည်။ အိမ်ကြီးက မီးတဟုန်းဟုန်း လောင်နေသည်။

အခြားလောင်စရာမရှိတော့သဖြင့် မီးရှိန်လည်းကျနေပြီ။

သူလမ်းပေါ်မှာ ဆိုင်ကယ်ကိုတွန်းရင်း မှိန်မှိန်လျှောက်နေရင် နောက်မှ တောင်ပေါ်သူလင်မယား အထုပ်အပိုးအထမ်းများဖြင့် လာနေသည်။

မကြာခင် သူ့ကို မီလာသဖြင့် လမ်းဖယ်ပေးလိုက်သည်။ မနက်ဝေလီဝေလင်း ဝေ ‌းဝယ်ကြသော ငါးရက်တစ်ဈေး သို့ လာရောက်ကြသူများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်ငါးနာရီ မထိုးခင်မှစ၍ ခြောက်နာရီ၊ ခုနစ်နာရီအ
သာ ရောင်းချကြသည်။

ခုနစ်နာရီကျော် ရှစ်နာရီဆိုလျှင် ဈေးသည်များ ပြန်ကုန်
ဈေးလည်း သိမ်းပြီ။

ဓိဓိတို့နေရပ်ကို စောစောပြန်ကြသည်။ ထို့ကြောင့်
မလင်းခင် ဈေးအမီ လာကြသူများဖြစ်သည်။

"နောင်ကြီး ဆိုင်ကယ် ပျက်လို့လား"

"ဟုတ်ပါ့ဗျာ၊ ညထဲက ပျက်လို့ ... တိုနောက်နား
အိမ်ကြီးမှာ တစ်ညဝင်တည်းတာ။ ကျုပ်ဝင်အိပ်တဲ့ညမှ ဓါးပြတိုက်
အိမ်မှာရှိတဲ့လူတွေ သေကုန်ပြီး

အိမ်ကြီးကိုပါ မီးနဲ့ရှို့သွားတယ်။

ဓါးပြတွေထွက်သွားတော့မှ ကျုပ်လည်း ပုန်းနေရာ
ထွက်ပြီး ဆိုင်ကယ်ကို တွန်းထုတ်ခဲ့တာ"

"နောင်ကြီး ဘယ်အိမ်ကို ပြောတာလဲ"

"ခင်ဗျားတို့နဲ့ ကျုပ်မတွေ့ခင် ဆယ်မိနစ်လော
ရှိအုံးမယ်။ လမ်းပေါ်ရောက်တော့တောင် မီးလောင်နေတဲ့အိမ်
မြင်နေရသေးတယ်။

ခင်ဗျားတို့လည်း အိမ်ကြီးမီးလောင်နေတာကို အမေ



ခိုင်တာပဲ၊ မတွေ့ကြဘူးလား"

"မလောင်ပါဘူး၊ မှောင်နဲ့မည်းမည်းကြီးပါ၊
ဟာ ... ကျုပ်သိပြီ ... ခင်ဗျား တိုမီးလောင်ထားတဲ့
ကြီးကို ရောက်ခဲ့တာလား"

"မီးလောင်ထားတဲ့အိမ် မဟုတ်ဘူး၊ မီးလောင်နေတဲ့အိမ်၊
လောက်မှ မီးငြိမ်းပြီး ပြာကျမှာ"

"အင်း ... ဒါဆို၊ ခင်ဗျား သရဲအခြောက်ခံလိုက်ရပြီ"

"မဟုတ်တာ"

"ဟုတ်တယ်၊ ခင်ဗျားပြောတဲ့ အိမ်ကြီးက လွန်ခဲ့တဲ့
ငါးနှစ်လောက်က ကျုပ်လူပျိုအရွယ် အိမ်ထောင်မကျခင်
နှစ်ကဆိုပါတော့ ... ကျုပ်တို့က ဒီလမ်းကဈေးကို အမြဲ
ရောင်းအဝယ် လာနေကြ။

မနက်သုံးနာရီလောက်မှာ အဲဒီအိမ်ကြီး မီးလောင်နေတယ်။
တွေက တဟုန်းဟုန်းနဲ့ တစ်အိမ်လုံး ဓါးမြိုနေပြီ။

ဈေးကလည်း ပြန်လာရော မီးလောင်တဲ့အိမ်ကြီးမှာ ရွာသား
ရော ရဲတွေပါ ရောက်နေကြတယ်။

ဓါးပြတွေ လိုချင်တာ မရလို့၊ အိမ်မှာနေတဲ့လူခြောက်
ကော်လုံး အသတ်ခံလိုက်ရပြီး မ်ကြီးကို မီးရှို့သွားတာတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အရင်ကဆို ဒီဝန်းကျင်မှာ အိမ်ခြေနှစ်သယ်လောက်ရှိတာ တောင်ယာလုပ်စားကြတယ်။

နောက်ပိုင်း လက်နက်ကိုင်ဓါးပြတွေ မကြာခဏဝ လုယက်တိုက်ခိုက်လွန်းလို့ သည်းမခံနိုင်တော့ဘဲ ... မြို့ ပြောင်းသွားကြတယ်၊

ဒီမိသားစုက အိမ်ကြီးရှိုင် ဆောက်ထားတာဆို ဖြစ်လို့ရဖြစ် မပြောင်းဘူးဆိုပြီး တောင်ယာအလုပ် ဆက်လုပ် နေခဲ့ကြတာ။

နောက်ဆုံးဓါးပြတိုက်ခံရပြီး လူတွေကိုသတ်၊ အိမ် မီးရှို့ခဲ့ကြတာ။

ခင်ဗျားလိုပဲ နှစ်ယောက်သုံးယောက်ရှိပြီ၊ အိမ်ကြီ ဝင်တည်းမိရင်း အိမ်ကြီးကအကောင်ကြီး၊ လူတွေကလည်း အသ ရှင်နေကြတယ်၊ ညည့်ခံစကားတွေ ပြောကြတယ်။

မနက်သုံးနာရီခန့်ရောက်တော့ သူတို့သေခဲ့ရတဲ့ အတိုင်း ရုပ်ရှင်ပြနေသလို ဖြစ်လာရောတဲ့။

အခုလည်း ခင်ဗျားရှေ့မှာ သူတို့ကို လူဆိုးတွေက သွားတာပေါ့ ဟုတ်လား"

"ဟုတ်တယ် ... ကျုပ်မှာ သူတို့ကျေးတာတွေ



တားမိတယ်။ ဘယ်လိုမှ တခွေသရဲတွေလို့ မထင်ဘူးဗျာ။ အိမ်ကလည်း အိမ်ကြီးရှိုင်ဗျ။

ကျုပ်ကလည်း အခြောက်ခံရချင်လို့ဖြစ်မယ်၊ အိမ်ကြီးနား ရောက်မှ ဆိုင်ကယ်ကလည်း ပျက်သွားတယ်။ ဆိုင်ကယ်ပျက်လို့ တွန်းပြီး လျှောက်လာတဲ့အချိန် မီးရောင်တိုမြင်လိုက်တာ"

"ဒါဆို ခင်ဗျားဆိုင်ကယ်ကို ပျက်အောင် လုပ်လိုက်တာ များလား။ အခု သရဲတွေလည်း မရှိတော့ဘူးဆိုတော့ ခင်ဗျား ဆိုင်ကယ်စက်ကို နှိုးကြည့်ပါလား။

ခင်ဗျား မီးလောင်တဲ့အိမ်ကြီးက ထွက်တော့ နှိုးကြည့် သေးလား"

"စက်ပျက်နေတာ မြင်မှ မဖြစ်ရသေးတော့၊ ဒီအတိုင်း တွန်းထွက်လာခဲ့တာ။

ကျွန်တော် နှိုးကြည့်ခုံးမယ်"

ဇော်နောင် ဆိုင်ကယ်ပေါ်ခွပြီး စက်နှိုးကြည့်သည်။

"ဝူး ... ဝူး ... ဝူး"

"ဟာ ... စက်က အကောင်းကြီးပဲ"

"ကျေးဇူးပဲဗျာ ... ခင်ဗျားတို့ သတိပေးလို့ ဆိုင်ကယ် နဲ့ လိုက်ခဲ့ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"တာ ... မဖြစ်ဘူး၊ ကျုပ်တို့လင်မယားကို ဆိုင်ကယ် တစ်စီးနဲ့ တင်သွားလို့ ရတာမှ မဟုတ်ဘဲ"

"ပစ္စည်းတွေ တင်ပေးလိုက်မလား"

"ရတယ် ... သွား ... သွား၊ ဈေးကို မိနစ်နှစ်ဆယ် လောက်ပဲ လျှောက်ရတော့မှာ။

ခင်ဗျား အားမနာနဲ့ ... သွားတော့"

ဇော်နောင်လည်း ဈေးသည်လင်မယားအား နှုတ်ဆက်ပြီး ဆိုင်ကယ်ကို မောင်းထွက်လိုက်သည်။

ခြောက်လောင်းမြိုင်သေခဲ့သော ဝိညာဉ်တို့ မကျွတ်မလွတ် သေးသည့် အိမ်ကြီးမှာ တစ်ညလုံးနေခဲ့ရသည့်အဖြစ်ကို ပြန်စဉ်းစား မိရင်း ကြက်သီးတဖြန်းဖြန်းဖင် ထသွားတော့သည်။

# သုံးနာရီအချိန်မှန်နှင့်သည့် တစ္ဆေကြီး

"ဗျို့ ... ကိုတင်ဝင်း"

"ဟာ ... ကိုကျော်နိုင်ပါလား၊ မတွေ့တာ အတော် ကြာပြီနော်"

"ဟုတ်တာပေါ့ ... အနည်းဆုံး ခြောက်နှစ်လောက်တော့ ရှိ လာ ... ကြုံတုန်း လက်ဖက်ရည်သောက်သွားအုံး"

ကိုတင်ဝင်းဆိုသူက ကိုကျော်နိုင်၏ ဖိတ်ခေါ်မှုကြောင့် လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်လာသည်။

ကိုတင်ဝင်းက ဝလိန်းမှာလိုက်သည်။

"အခု တောင်အိုးမှာပဲလား၊ ကြက်ရောင်းတုန်းလား"

"ကြက်လည်း မရောင်းတော့ဘူး၊ တောင်အိုးမှာလည်း နေတော့ဘူး။ အခု ဇိုးအရှေ့ပိုင်း(၄)ရပ်ကွက်ကို ပြောင်းနေတာ

www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်ရှိပြီ”

“အဂ္ဂိအရှေ့ဒိုင်းက တောင်ညွှန့်လာကို ကိစ္စနဲ့ရောက်လ

တာပေါ့ ဟုတ်လား”

“အကြွေးလာတောင်းတာဆိုပါတော့ … လုပ်ငန်း

လုပ်တဲ့ ဘော်ဒါ … ဒီနေ့ ပိုက်ဆံချိန်းထားလို့ လာယူတ

အခု ရခဲ့ပြီ၊ ပြန်မလို့ ကားမှတ်တိုင်ကို ထွက်လာခဲ့တာ”

“အခု … ကြက်မရောင်းတော့ ဘာလုပ်နေလဲ”

“အခု (၄)ရပ်ကွက်ကို ပြောင်းလာကတည်းက အ

သဲ၊ ကျောက်လုပ်ငန်းမှာ ဒိုင်ကနေ လက်ခွဲအရောင်းဆိုင် ဖွင့်

တယ်။ စလုပ်ကာစက မတတ်တစ်ခေါက် သူများလိမ်တာ ခံလို

ရသေးတယ်။ အခု လုပ်ငန်းက သင်ပေးလို့ သဲကားတစ်စီး

သွားပြီ။ ခင်များ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ အလို

ကျွန်တော့်ဆီ ဖုန်းဆက်လိုက်။ ရော့ … ဒီမှာ ဆိုင်လိပ်စ

ဖုန်းနံပါတ်”

“ခင်များတို့ လင်မယား၊ အိမ်ရေး၀၀ အိမ်ရပြီပေါ့”

“ဟုတ်ပါ့ဗျာ … အရင်က အိမ်ရေးပျက်ခဲ့သမျှ

အတိုးချပြီး မိုးလင်းဝဲ့အထိကို အိပ်ပစ်လိုက်တာ”

“ခင်များတို့ ပြောင်းသွားပြီးမှ … ကြက်ပျော



ာရှားခံ ခေါ်တာဗျ”

“ဘာမှ်ကောင် နိုးစားတာလဲ”

“မြို့နောက်ဘက် မအူပင်ကြီးမှာနေတဲ့ တစ္ဆေကြီးပေါ့ဗျာ”

“ဒီအလုပ်ကို ပြောင်းလုပ်ဖြစ်သွားတာလည်း တစ္ဆေကြီး

တ်မှောင်ကြောင့်ပေါ့ … သူ့ကိုတောင် ကျေးဇူးတင်နေရသေး

ယ်”

“သူက ကြက်တစ်ကောင် အမြဲနိုးစားတာ သိသွားတော့

ခဲ့က လူကို ပြန်အားနာတယ်တဲ့ … သူတတ်နိုင်တဲ့အလုပ်

ပ်ပေးပါရစေဆိုပြီး မနက် ကျုပ်တို့အမြဲအိပ်ရာထတဲ့ သုံးနာရီ

တာနဲ့ အိမ်ကို တဘုံးဘုံး … ထုရိုက်ပြီး နှိုးတော့တာ။

ကျုပ်တို့အိမ်က တစ်ယောက်ယောက်နိုးမှ အိမ်ကို ထုတာ

တော့တယ်၊ မထမချင်းကို ထုတာ”

“ခင်များစကားကို ကျွန်တော်အတော်လေး စိတ်ဝင်စား

ပြီ၊ အချိန်ရသေးရင် ခုနလောက်ခင်များ အလုပ်ပြောင်းလုပ်

ဲ့အကြောင်း ပြောပြသွားပါလား”

“ခင်များ … စိတ်ဝင်စားတယ်ပေါ့၊ ဟုတ်လား …

ပြောပြမယ်၊ ကြက်ရောင်းတာ အကုသိုလ်အလုပ်မို့ ဝင်ငွေ

ကောင်းတာ။ ကျုပ်တို့ လင်မယားက အကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com

အကျိုး တယ်ပေးတာပဲ၊

တစ်နေ့ကို ကြက်အကောင် ငါးဆယ်၊ ဘဲ ဆယ်ကောင် အမြဲကုန်တယ်။

ဒီအလုပ်ကလည်း ကျုပ်အိမ်ထောင်မကျခင်ကတည်းက အမျိုးသမီးတာ ကြက်ရောင်းနေတာ။

ခင်များတို့ ပြောင်းသွားပြီး နောက်နှစ်ဖြစ်မယ်ထင်တယ် ကျုပ်တို့ သမီးလေး တစ္ဆေကြီးကို မြင်လိုက်ပြီး ဈားလို့ ဆေး ရောက်သွားသေးတယ်။

ကျွန်တော့်ကိုလည်း အိပ်ပက်တွေပေးပြီး ပြောတယ်

ကိုတင်မှင်းက တောင်အုံ(၅၁)ရပ်ကွက်၊ ကျွန်စစ်သားလ မှာနေသည်။ ကိုကျော်နိုင်တို့ ငှားနေသော အိမ်နှင့်ခြံခြင်းကပ်ရ ဖြစ်သည်။

(၅၁)ရပ်ကွက် ဈေးကြီးမှာ ကြက်သားကို အကြီးအကျ ရောင်းခဲ့သည်။ တစ်ရက်ကို ကြက်၁၀၀ကောင် ငါးဆယ်၊ ဆယ်ကောင် အမြဲကုန်သည်။

လက်ကျန်ရှိလျှင် ညနေပိုင်း ကိုတင်ဝင်းက ဈေးသွ သည်။ ရနိုးဖြစ်သူ မခင်မြက နောက်နေ့အတွက်ရောင်းရန် ကြက် ဈေးသို့ ဆင်းသည်။



ထိုဝယ်လာသော ကြက်အရှင်များကို ညသုံးနာရီခွဲပြီး ခုရွေးအိုးတည်သည်။ ကြက်သတ်ရေနွေးဖြင့် အမွေးနှုတ်သည်။

လင်မယားနှစ်ယောက် တက်ညီလက်ညီ လုပ်ကိုင်သဖြင့် နက်ငါးနာရီခွဲခန့် အားလုံးပြီးစီးပြီဖြစ်သည်။ ခြောက်နာရီဆိုလျှင် ပိုင်ပေါ်ရောက်နေပြီ။

ထိုကဲ့သို့ အိမ်ထောင်ကျပြီးမှ လင်မယားနှစ်ယောက် တက်ညီလက်ညီ ကြက်သတ်ရောင်းချလာသည်မှာ ဆယ်စုနှစ် တစ်စု ရောက်ခဲ့ပြီ။

တစ်နှစ်နီးပါးခန့်ရှိပြီ၊ ဓါတ်ပိုင်းသတိမထားမိ၍ ကြက်ပျောက် ညကို မသိ။ ပျောက်သည်က နှစ်ပေါင်းတယ်လောက်ကြာခဲ့ပြီ သိ။

ယခုသိပြီးသည့်နောက်ပိုင်း တစ်နှစ်ခန့် နေ့စဉ်သတိထား ည့်အတိုင်း ပျောက်မြဲပျောက်နေသည်။

ရှုပြွားသည်မှာ ကြက်အကောင်ငါးဆယ်၊ ဘဲအကောင် ဆယ် နေ့စဉ်အမွေးနှုတ်ပြီး ရေတွက်ကြည့်သည်။ အတိအကျ ရောက်၍ စစ်ကြည့်တော့ တစ်ကောင်ပျောက်နေသည်။

ထိုကဲ့သို့ သိသည့်အချိန်က ဇနီးဖြစ်သူလည်း ကိုတင်ဝင်း ရှုပ်ထွေးသည်။ အရက်နှင့်သောက်ရန် ဖွက်ထားသည်တူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဈေးမသွားခင် ရှုပ်ဖြစ်သည်။ ဈေးမှာလည်း ဖြစ်သည်။ ကြာတော့ တစ်ယောက်ကိုတစ်ယောက် စောင့်ကြည့်လာခဲ့သည်။ ထိုသို့ သတိထားသည့်ကြားကပင် ပျောက်မြဲပျောက်နေသည်။

ရွှေဝင်ဆွဲသည်လည်း မဖြစ်နိုင်။ အကောင်တစ်ကောင်ကောင် ... ဝင်ဆွဲသည်ကိုလည်း မသိ၊ မတွေ့ခဲ့။ အားလုံးပြီး၍ ဈေးသွား ... တော့မည်ဆိုလျှင် တစ်ကောင်ကတော့ ပျောက်မြဲ။

ကြာတော့လည်း ရေတွက်မနေတော့။ လုပ်ရမည့်အလုပ်ကို ... နေ့စဉ်သာ ပုံမှန်လုပ်တော့သည်။

ကိုတင်ဝင်းတို့မှာ သားသမီးလေးယောက်ရှိသည်။ အကြီး ... ဆုံးသမီးက ဆယ်နှစ်၊ စတုတ္ထတန်းတက်နေသည်။ ဒုတိယသားက ... ခြောက်နှစ်၊ ပထမတန်းဖြစ်သည်။ တတိယသားက လေးနှစ် ... ကျောင်းမထားရသေး။ အငယ်ဆုံးသမီးလေးက တစ်နှစ်နဲ့ရှစ်လ ... ရှိပြီး အငယ်ဆုံးနှစ်ယောက်က ကိုတင်ဝင်းမိခင်နှင့်အတူ အိပ်သည်။

အဘွားကလည်း မြေးနှစ်ယောက်ကို ထိန်းပြီး အိမ် ... ချက်ရေးပြုတ်ရေးကို တာဝန်ယူထားသည်။

လင်မယားနှစ်ယောက်ကတော့ မနက်ဈေး ညဈေး ကြ ... ဘဲဈေးနှင့်သာ အချိန်ကုန်နေသည်။

တစ်ရက် အဘွားနှင့်အိပ်နေသော သမီးငယ်က နိုးလာ ...



... ခင်နှင့်မယ် ကြက်သတ်အမွေးနုတ်နေရာအနီးမှာ လာထိုင်နေသည်။

"အား"

"ကြောက်တယ် ... ကြောက်တယ် ... အရဲ ... ရဲ"

"ဟင် ... သမီးလေး၊ ဘာဖြစ်တာလဲ၊ ဘာတွေ့လို့လဲ ... မေ ... အမေ"

"ဟဲ့ ... ဘာလဲ"

"ကလေးနိုးလာတာ အမေ မသိဘူးလား"

"သမီးလေး ... လာလာ ... အဘွားဆီလာ"

သမီးက ရုတ်တရက်လန့်ငိုသဖြင့် ထိုင်မရ၊ ထမရ ဖြစ်နေသော ကိုတင်ဝင်းတို့လည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

အဘွားဖြစ်သူက ကလေးအနီး ရောက်လာသည်။

"ဒါး ... ဒါး ... ကြောက်တယ် ... သရဲကြီး"

ကလေးက အိမ်နောက်ဘက်က ဘာကိုမြင်ပြီး ကြောက်လန့်နေသည်မသိ။ ထိတ်လန့်နေသည်။

အဘွားဖြစ်သူက ကလေးကို ပွေ့ချီထားသည်။

"ဘာမြင်လို့လဲ ... နင်တို့မြေးကို ... ရိုက်လိုက်လား ... ခေါက်ထုတ်လိုက်လား"

www.burmeseclassic.com

www.burmeseclassic.com



"သူထွက်လာတာတောင် မသိလိုက်ဘူး၊ အသံကြားမှ ထအော်လိုက်မှ သိကြတာ"

"ဝါး ... ဝါး ... ဝါး"

အိမ်ထဲက အကြီးမလေး နိုးလာသည်။

"အသွား ညီမလေး ဘာဖြစ်လို့လဲ"

"မသိဘူး၊ အသည်းအသန် အော်ငိုနေတာပဲ ... တစ်ခွက် ခပ်ပေးစမ်း"

"သမီးလေး ... ဘာမှ မရှိဘူး ... မကြောက်

"ကြောက်တယ် ... ကြောက်တယ် ... သရဲရှိတာ

ကလေးက မီးဖိုခန်းအနောက်ဘက်သို့ မျက်လုံး အော်ရင်း လက်ညှိုးနှင့် ထိုးပြနေပါသည်။

နောက်ဘက်မှာ ရေတိုင်ကီနှင့် ရေချေးအိုးတို့ ရှိသ ... ယ်"

တံခါးပိတ်ထားရှိမဖြစ်၊ ကိုတင်ဝင်းက ထိုအနီးမှာထိုင်ကာ ကြ... သတ်၊ ရေချွေးကြော အလုပ် လုပ်ရသည်။

ရေချွေးကြောသည့်အလုပ်ပြီးတော့ ထိုင်ရာတာမထတဲ ကြ... မယ်" ချွေးကို သုတ်နေသည်။

ထို့ကြောင့် ကြက်သီးကြက်ကိုသည့်အခါတိုင်း ရေ... တံခါးပေါက် အမြဲဖွင့်ထားသည်။



ထိုတံခါးပေါက်ကို ကလေးက လက်ညှိုးနှင့် ထိုးပြပြီး ...သည်းအသန် အော်ငိုနေသည်။

အသွားချော့သော်လည်း မတိတ်၊ အကြီးမလေက်ထဲမှာလည်း ...တိတ်၊ မိခင်ဖြစ်သူလည်း လက်ကိုဆေးကြောသန့်ရှင်းပြီး ကလေး ...ကာ ချော့သည်။

ငိုမြဲ ငိုနေသည်။

အသွားဖြစ်သူက ထင်မြင်ချက် ပြောနေသည်။

"ကလေး ဒီလောက်ငိုတာ မကောင်းဘူး၊ နှစ်တို့ကြက်တွေ ...ကို မိုးမတော် သတ်နေတာ၊ တစ်နေ့တစ်ကောင် မျောက်နေတာ၊ ...ခွေသရဲတွေ ရောက်လာပြီး ယူသွားနေလား မသိဘူး"

"အမေတာလည်းဗျာ ... ဒီအချိန် ဒီစကားပြောရသေး...

"ဟဲ့ ... သရဲတွေကို လူကြီးတွေက မမြင်ရပေမယ့် ...လေးတွေ၊ ခွေးတွေက မြင်ရတာယ်၊ ကလေးကမြင်လို့ အော်တာ ...မယ်"

မပြောပါနှင့် ဆိုပေမယ့် ကိုတင်ဝင်း၏မိခင်က ထိုစကားကို ...ပြီး ကလေးကို ချော့ကာ အိမ်ရှေ့သို့ ပြန်ခေါ်သွားသည်။ ...အကြီးလည်း လိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မသိမ္မာ ကြက်မွေးစုတ်ရန် နေခဲ့သည်။

ခဏကြာတော့ သမီးကြီး ထွက်လာသည်။ က… အိပ်ပျော်သွားပြီဟု ဆိုသည်။

"တဲ … သမီး သွားမြန်အိပ်အုံး၊ လေးနာရီသယ်… ရှိသေးတယ်"

ကိုတင်ဝင်းတို့ ကြက်မွေးစုတ်သည့်အလုပ်ကို လက်စ… တော့ ခြောက်နာရီထိုးရန် ဆယ်မိနစ်သာလိုတော့သည်။ … ခြောက်နာရီထွင်းသည်။

"နင်တို့ကလေးက အိပ်ပျော်နေပေမဲ့ … ခဏ… အော်ပြီး ညည်းနေတယ်။ ကြောက်လန့်ပြီး အဖျားဝင်နိုင်… အဖျားကျဆေး ဝယ်ပေးလိုက်အုံး"

"ဦးဆေးရှေးလာရင် ဝယ်ပေးလိုက်မယ်"

အကြီးမ၏အမည်က အေးအေးမြင့်ဖြစ်သည်။ … ခုနစ်နာရီခွဲခန့် အမြဲရေးသို့ သွားပြီး ဟင်းချက်စရာ သွားယူ… အမြဲတမ်း ကြက်သားမစားဖြစ် ငါး၊ ဝက်သား၊ အမဲသား၊ … တင်းရွက် တစ်မျိုးမဟုတ် တစ်မျိုး ဝယ်ထားပေးသည်။ … မြင့်က ရှစ်နာရီမထိုးခင် ဈေးမှာ သွားယူပြီး အသွားကိုပေ…

အသွားတာ ချက်ပြုတ်ပေးသည်။ ကလေးနှစ်ယော…



…ဦးနာရီ တက်ရသောကျောင်းကို အချိန်မီမှ သွားကြသည်။ …ကျောင်းသို့ အိမ်မှ ငါးမိနစ်ဝင် မလျှောက်ရ။

ထိုနေ့က အငယ်မလေးလည်း အသွားဖြစ်လှ မြောသည့် …တိုင်း ဖျားပါလေတော့သည်။

ဆေးခန်းသို့ ညဘက်လင်မယားနှစ်ယောက် သွားပြကြ…ည်။ ကလေးအား ဆေးထိုးဆေးတိုက်လိုက်သည်။

တစ်ရက်လည်း အဖျားမကျ၊ နှစ်ရက်လည်းအဖျားမကျ။ …ပြီး ဆေးခန်းဆရာဝန်၏ တိုက်တွန်းချက်နှင့် ကလေးဆေးရုံသို့ …တင်လိုက်ရသည်။

သို့ကြောင့် ကြက်သားအရောင်းအဝယ်ကိစ္စကို ခဏ… …ထားပြီး ကိုတင်ဝင်းက အိမ်မှ သွားလိုက်လာလိုက် လုပ်နေ…သည်။ ထမင်းလည်း ပို့ရသည်။

ကြက်အရောင်းအဝယ် နားထားသဖြင့် ကိုတင်ဝင်း အိမ်ရေး …အိပ်ရတော့သည်။

ဆေးရုံတင်လိုက်ပြီးနောက် နှစ်ရက်မြောက်အရောက် …လေးသက်သာလာသည်။ ဆေးရုံက မြန်ဆင်းခွင့် မပေးသေး။ …ရက်မှ ကလေးအခြေအနေ ကြည့်ပြီး ဆင်းခွင့်ပေးမည်ဟု …သည်။

www.burmeseclassic.com



ကိုတင်ဝင်းလည်း အိမ်မှာ နှစ်ညအိပ်ရေဝဝ အိပ်လိုက်ရသည်။ ဒီညလည်း ကိုးနာရီခွဲပြီး အိပ်ရာဝင်လိုက်သည်။ မနက် သုံးနာရီခန့် အရောက် …

ဘုံး … ဘုံး

ဘုံး … ဘုံး

အိမ်တံခါးကို ထုနေသည့်အသံကြောင့် ကိုတင်ဝင်း လန့်နိုးသွားသည်။

ကိုတင်ဝင်း ထထိုင်လိုက်သည်။ အသံက အိမ်ရှေ့က မဟုတ်။ နောက်ဘက်ရေကာပြင် မီးဖိုချောင်တံခါးမှဖြစ်ကြောင်း သိလိုက်သဖြင့် ထိုတံခါးကို သွား၍ ဖွင့်ပေးလိုက်သည်။

"ဟင်"

ကိုတင်ဝင်း မြင်လိုက်ရသည်က အရပ်ခုနစ်ပေခန့်ရှိသည့် ထွားထွားကျိုင်းကျိုင်း လူကြီးတစ်ယောက် ခေါင်းငေါ်င်း ငေါ်င်း ထားသည်။

"ဘယ်လိုကြောင့် တံခါးဖွင့်ခိုင်းတာလဲ … ခင်ဗျား ဘယ်သူလဲ"

"ကျုပ်က ခင်ဗျားတို့ အနီးမှာနေတဲ့ မိတ်ဆွေပါ။ ခင်ဗျား သမီးလေး နေမကောင်းလို့ စိတ်ပူနေလား"



"ပူတာပေါ့ … အခုဆို ကလေးက ဆေးရုံမှာ သုံးရက်ရှိပြီ။ ကျုပ်လည်း ဈေးမရောင်းရတာ သုံးရက်ရှိသွားပြီ။ …လောက်အထိ နေရအုံးမလဲ မသိဘူး။

ခင်ဗျားက လူမဟုတ်ဘူးထင်တယ်"

"ခင်ဗျားထင်သလိုပါပဲ … လူတော့ မဟုတ်ပါဘူး။ …ကလေး ဒီနေ့ဆေးရုံက ဆင်းရမှာပါ။

ကျုပ်က ခင်ဗျားတို့ကို ကူညီပေးချင်ပါတယ်။ ခင်ဗျား …သားစုလည်း ကျုပ်ကြောင့် အလုပ်ပျက်၊ အကိုင်ပျက် ဖြစ်နေ… စိတ်မကောင်းပါဘူး"

"ခင်ဗျားကြောင့် ကလေးဖြစ်တာဆိုတော့ ခင်ဗျားက ဘာ…လိုက်လို့လဲ"

"ကျုပ်က ကြက်ကို တစ်ညတစ်ကောင် ဝင်ယူပြီး စားနေ… ခင်ဗျားတို့ရဲ့ခြံနောက်ဘက်ထောင့် မအူပင်ကြီးပေါ်က တစ္ဆေ…

အဲဒီနေ့က ရေကာပြင်မှာ အမွေးနုတ်ပြီး ချထားတဲ့ကြက် …င်အယူမှာ အိပ်ရာက နိုးလာတဲ့ကလေးက ကျုပ်ကိုမြင်ပြီး …ခဲ့တာ"

"ခင်ဗျား ကလေးကို ခြောက်လိုက်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာပြည်ကြီး ပြောက်လှန့်လိုက်ရင် ခင်ဗျားတလေး ...
သွားမှာ၊ ကျုပ်ချက်ချင်း ကြက်ကိုဆွဲပြီး နောက်ကြောင်း ပြန်လှ...
မြွေခဲ့ရတာ"

"ခင်ဗျားကို မမြင်ရတာ တော့ပါတော့၊ ယူသွားတဲ့ ကြက်...
ကျုပ်တို့ ဘာကြောင့် မမြင်ရတာလဲ"

"အါကတော့ ရှင်းပါတယ်၊ ကြက်ကို ကျုပ်လက်နဲ့ ...
လိုက်လို့ ခင်ဗျားတို့ မမြင်ရတာ။

ကြက်ကို လေထဲကနေ ငါးဆိုလာဆိုရင် ကြက်ကြီး...
ခင်ဗျားတို့ မြင်မှာပဲ ... ကျုပ်လက်နဲ့ထိလို့ မမြင်ရတာ"

"ခင်ဗျားက အခုလို အမြှုပ်တားနေတော့ ကျုပ်...
ရမယ့် အမြတ်က တစ်စတစ်စလျော့သွားတာပေါ့။ တစ်ရက်...
တစ်ကောင်၊ တစ်လကို အကောင်သုံးဆယ်၊ တစ်နှစ်ကို အကော...
သုံးရာခြောက်ဆယ့်ငါးကောင်၊ တန်ဖိုးတွက်လိုက်ရင် ရည်းမှတ်...

"ကျုပ်လည်း မိုက်သလို့ တားရတာပါ။ ခင်ဗျားတို့...
မကြောက်မလန့်ပါဘူး။ ခင်ဗျားတို့ မိမြှာ မနေခင်ကတည်း...
ကျုပ်ရှိနေတာ။ ဘယ်သူ့ကိုမှလည်း မကြောက်လှန့်ခဲ့ဘူး။ ...
နာမည်က နက်ရှောင်၊ တစ္ဆေနက်ရှောင်ပေါ့။

အခုတားစရာတွေကို တားတာခွင့်လွှတ်ပါ။ ခင်ဗျား...



...နေကောင်းနေပြီ။ ဒီနေ့သေးရုံက ဆင်းရလိမ့်မယ်"

"နောက်ကိုလည်း အခုလို ယူစားနေမှာလား။
ကျုပ်တို့က ရှေးသည်၊ ဝယ်စားနိုင်ရင် ဝယ်စားပေါ့"

"အဲဒါတော့ ခင်ဗျား ... ညစ်တာပေါ့၊ ကျုပ်က
သေတကတည်းက ဗိုက်ဆာဆိုလို့ ကူးတို့ခပေးလိုက်တဲ့ ပိုက်ဆံပဲ
ရှိတာ"

"ဒဲ့ပါမှာ ... ခင်ဗျားကို လျှော်တာယ်လို့ပဲ မှတ်ပါတယ်။
အလေးတွေတော့ မမြင်ပါစေနဲ့၊ ကျုပ်အိမ်ကိုလည်း ချမ်းသာ...
ရန်က စောင့်ရှောက်ပေး"

"စောင့်ရှောက်ပေးမယ်၊ ငါကြည့်နိုင်တာ တစ်ရှိုးသောသော...
နေက်မင်းတို့ သုံးနှောကိုမြှပေးမယ်"

"ဘာလို့ မြှုမှာလဲ"

"အိမ်ထရံကို ဖောက်ပြီး မြှုပေးမယ် ... အဲ့ ငါယူစား
ရတာ စိတ်ကြောင့်မှာ"

"အင်း ... ထရံဖောက်ပြီး မြှုမှာဆိုတော့ မဆိုးပါဘူး။
တာလေးဆေးရုံကသမားရှင် ကြက်သားပြန်ရောင်းရမှာပဲ"

"တဲ့ ကျုပ်သွားပြီ"

တစ္ဆေကြီးအနီးက ပျောက်သွားသည်။ ထိုမှ တို့တာဝင်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်တယ်နိုးလာသည်။

"ဟင်း … ဝီ … ဝီ … အိပ်မက် မက်နေတာပါလား"

အပေါ့သွားချင်၍ နိုးလာမှ အိပ်မက်နေကြောင်း သိလိုက်သည်။ သို့ကြောင့် အပေါ့သွားရန် ရေကပြင်တံခါးဖွင့်၍ အောက်ဘက်သို့ ဆင်းလိုက်သည်။

အပေါ့ထိုင်သွားရင်း ခြံနောက်က မအူပင်ကြီးတို့ မရဲတရဲ ကြည့်လိုက်မိသည်။

အားလုံး ငြိမ်ငြိမ်သက်သက် ရှိနေသည်။ ကိုဝင်ဝင်း အိပ်ရာပေါ် ပြန်တက်ပြီး အိပ်လိုက်သည်။

မနက်ခြောက်နာရီကျော်မှ နိုးလာသည်။

"အမေ … ဒီမနက် ထမင်းချိုင့် ယူမသွားတော့ဘူး၊ ဒီနေ့ဆင်းရမယ်လို့ ပြောတယ်၊ အိမ်ကျမှ စားတော့မယ်"

"မင်းက အိမ်တနေပြီး ဆုံးဖြတ်ချက် ချနေတယ်။ ဟိုရောက်မှ ဆင်းရမလား၊ မဆင်းရဘူးလား သိမှာမဟုတ်လား"

"ဟဲ့ပါ အမေရာ၊ ကျွန်တော်ချက်မှာသေပြီး လက်ဖက်ရည်ဆိုင် ထိုင်အုံးမယ်။ ဆိုင်တာပဲ တစ်လက်စတည်း ဆေးရုံသွားလိုက်မယ်"

"မင်းမိန်းမ … မနက်စာစားဖို့ ယူသွားအုံးလေ"



"ဟိုရောက်မှ မုန့်တင်းခါးဖြစ်ဖြစ်၊ အသုပ်ဖြစ်ဖြစ် ဝယ်စားလိုက်မယ်"

"အေး … ဝယ်သွားမယ်ဆိုလည်း ပြီးရော၊ ဝီတောင် ဘ်သာဝေးတယ်"

ကိုတင်ဝင်းလည်း ဂျုတ်ကွာသစ်ပြီး အဝတ်အစားလဲကာ ဘ်ဖက်ရည်ဆိုင်ဆီသို့ ထွက်ခဲ့တော့သည်။

xxxxxxxxx

အိပ်မက်ထဲက တစ္ဆေကြီးပြောသကဲ့သို့ ဆေးရုံရောက်တော့ ဇနီးဖြစ်သူက ဆေးရုံမှဆင်းရန် အသေ့ချိန်ပြင်ဆင် သိမ်းဆည်းထားပြီးပြီ။

"ဆရာဝန်ကြီးက ဆင်းလို့ရပြီတဲ့၊ အဲဒါကြောင့် အဆင်သင့် ဖြစ်အောင် သိမ်းဆည်းထားတာ၊ ကလေးကလည်း မြင်တဲ့အတိုင်းပဲ သန်းသန်နေပြီ"

"ဒါလည်း ဒီမနက်ဆင်းရမယ်ဆိုတာ သိနေလို့ အိမ်က ထမင်းချိုင့်တောင် ယူမလာဘူး။

ရော့ … မင်းအတွက် အသုပ်တစ်ပွဲတော့ ယူခဲ့ တယ်"

www.burmeseclassic.com

www.burmeseclassic.com



“ဧဒေဧကာမဲ မအေးမြင့်ကို လူကြုံမှာပြီး မုန့်တင်း...
တားထားပြီးပြီ”

မအေးမြင့်က ကုတင်ချင်းကပ်ရက်က အသိမိတ်ဆွေ...
ဖြစ်သည်။ မအေးမြင့်အား အသုပ်ပါဆယ်ထုပ်ကို ပေးလိုက်သည်။

ဆရာမကို အသိပေးပြီး ဆေးရုံက ပြန်ဆင်းခဲ့ကြသည်။

နေ့ဆယ့်တစ်နာရီခန့် အိမ်ပြန်ရောက်သည်။

ကလေးသက်သာပြီဖြစ်၍ တက္ကစီမှာပြီး ကိုတင်ဝင်းက...
ကလေးနှင့် ပြန်ခဲ့သည်။ ဇနီးဖြစ်သူ မခင်မြက ကြက်ဘဲဈေးသို့
တစ်ခါတည်းသွားပြီး နက်ဖြန်ဈေးထွက်ရန် ကြက်ဘဲ သွားဝယ်သည်။

နေ့တစ်နာရီခန့် မခင်မြ ပြန်ရောက်လာသည်။ ဝဝမနေ့...
ဖြစ်၍ ကြက်အကောင်သုံးဆယ်နှင့် ဘဲဆယ်ကောင် ဝယ်ခဲ့သည်။
နောက်ရက်မှ ပုံမှန်အကောင် ငါးဆယ်ဝယ်မည်။

သို့ဖြင့် ညဆယ်နာရီခန့် အိပ်ရာဝင်ခဲ့ကြသည်။ ကလေးက...
နေကောင်းပြီဖြစ်၍ အဘွားနှင့် သွားအိပ်သည်။

“ဘုံး ... ဘုံး ... ဘုံး”

အိမ်နောက်ဘက်ထရံကို တဘုံးဘုံး ပုတ်နေသည့်အတွက်
ကိုတင်ဝင်းတို့လင်မယား နိုးလာသည်။

နာရီကိုကြည့်လိုက်တော့ သုံးနာရီထိုးပြီ။



“ဟင် ... သုံးနာရီလည်းထိုးပြီ ... ရှင်ကြားလိုက်လား။
တဘုံးဘုံးနဲ့ ဘယ်သူထုနေတာလဲ မသိဘူး”

“ကြားလို့ နိုးလာတာ၊ ဘယ်သူများ အိမ်ထရံကို လာ
ပုတ်နေလဲ မသိဘူး”

ကိုတင်ဝင်းကတော့ သိလိုက်သည်။ ခြံနောက်ဘက်က
တစ္ဆေကြီး လာနှိုးခြင်းဖြစ်သည်။

ထိုအကြောင်းကို မခင်မြကို ပြောမပြရန် ဆုံးဖြတ်ထား
သည်။ သိသွားပါက မနက် မထရဲတော့ဆိုပါက ကြက်သတ်ခြင်း၊
ရေနွေးစိမ်ခြင်း၊ အမွေးနုတ်ခြင်းတို့ကို သူတစ်ယောက်တည်းသာ
လုပ်ရနိုင်သည်။ သို့ကြောင့် သရဲကြီးအကြောင်း ပြောမပြခဲ့။

ခဏအကြာ ကိုတင်ဝင်းတို့လင်မယားလည်း အိပ်ရာက
ထခဲ့သည်။ မျက်နှာသစ်ပြီး ရေနွေးတည်ရန် မီးမွှေးသည်။

ရေနွေးဆူတော့ ကိုတင်ဝင်းက ကြက်သတ်ခြင်းကို စလုပ်
တော့သည်။

ကြက်သတ်ခြင်းပြီးတော့ ဘဲဆယ်ကောင်ကို စကိုင်လိုက်
သည်။

“ဟာ ... ဘဲတစ်ကောင် လွတ်သွားပြီ၊ ဘယ်လိုဖြစ်ရ
တာလဲ။ မိန်းမ ငါ့ကို ဓါတ်မီးပေးစမ်း”

www.burmeseclassic.com

www.burmeseclassic.com



"ဝေါ် ... ဝေါ် ... ဝေါ်"

ကိုတင်ဝင်းလည်း ဘဲကိုသတ်ရန် ခြင်းထဲမှ နှိုက်ယူလိုက်[...] လက်ထဲက လွတ်သွားခြင်းဖြစ်သည်။

အိမ်အောက်သို့ ဆင်းပြီး ဘဲနောက်လိုက်သည်။ ဘဲ[...] ခြံအတွင်း လှည့်ပတ်ပြေးရုံမက အခြားသောခြံများဆီသို့ ထွ[...] ပြေးသည်။

သူတို့ခြံက ပေနှစ်ဆယ်ဖြစ်သော်လည်း အနီးအပါး[...] ခြံများက စည်းရိုးကာရံမထားသဖြင့် ဘဲသွားသမျှ လိုက်ရ[...] တော့သည်။

ကိုတင်ဝင်း ဒေါ်ရွှေကြီးကို သတိရသွားသည်။

"ဒေါ်ရွှေကြီး ကူညီပါဦးဗျာ၊ ဘဲတစ်ကောင် လွတ်သွ[...] လို့ လိုက်ဖမ်းပေးပါဦး"

"ဒီကကောင့် အခု ဖမ်းခဲ့မယ်"

အံ့ဩဖွယ်ကောင်းအောင် အနီးနားအသံကြည်ကြည်တစ်သံ ကြာ[...] လိုက်သည်။

ခဏမျှကြာ ကိုတင်ဝင်းရှေ့မှာ ဘဲတစ်ကောင် မသေ[...] မရှင် မြှောက်ကျလာသည်။

"တော်ပါသေးရဲ့၊ ကျေးဇူးပါပဲ ... နို့မို့ဆို ဘယ်



[...]ချိန်ထိ ရှာရအုံးမလဲ မသိဘူး"

ကိုတင်ဝင်းက ဘဲကိုယူပြီး အိမ်ထဲ ပြန်ဝင်လာခဲ့သည်။

"ဟိုဘက်ခြံက မိလာခဲ့တာ"

ထုံးစံအတိုင်း ဘားလုံးပြီး၍ အားလုံးစစ်ဆေးလိုက်သည်။ [...]ကြက်တစ်ကောင် လျော့နေသည်။

နောက်ညရောက်၍ မနက်သုံးနာရီထိုးသည်နှင့် ထရုံကို [...]ဘုံးဘုံး ထုရိုက်ပြီး နှိုးပြန်သည်။

ဇနီးဖြစ်သူလည်း နိုးသည်၊ သူလည်း နိုးသည်၊ ကလေး [...]ချို့နှင့် မိခင်ကြီးပါ နိုးသွားသည်။

ထိုထရုံပုတ်သည့်ကိစ္စအား ကိုတင်ဝင်းက မအူပင်ကြီး [...]ဘက်သို့သွားပြီး မနက်ထရုံမပုတ်ရန် တောင်းပန်သော်လည်း [...]နက်သုံးနာရီထိုးသည်နှင့် ပုတ်မြဲ ပုတ်သည်။

တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်။ နေ့စဉ် [...]က်ဆက် တဘုံးဘုံး ထုနေသည်။

ဒေါ်ရွှေကြီးအကြောင်း ကိုတင်ဝင်းမပြောလည်း တစ်အိမ်လုံး [...]သိသွားသည်။

ကိုတင်ဝင်းကလည်း သဲကြီး ကြွက်ယူစားနေသည့် [...]အကြောင်းပါ ပြောပြရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဖနီးနှင့် မိခင်တို့က ကလေးတွေ ရှေ့ရေး… အခြေကျသွားပြီ။ အိမ်ပြောင်းရန် တိုက်တွန်းတော့သည်။

ဤအိမ်ကို အိမ်ထောင်မကျခင်ကတည်းက ငှားရမ်းနေ… ခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်က အဝေးမှာ၊ စိတ်တိုင်းကျ လွတ်လပ်… နေခွင့်ရသည်။

ယခု အိမ်ပြောင်းရမည်တဲ့ ဖနီးနှင့်မိခင်ကြီးက ဆို… သဖြင့် ကိုတင်ဝင်း ခေါင်းအတော် ခဲနေသည်။

ခြံနောက်ဘက်က တရွှေကြီးကလည်း အထောင်အထ… မြှေဝေမယ့် တဘိုးဘိုး ထုရိုက်ရှိုးသည့်အင်ကို သည်းမခံနိုင်ကြ…

ကြက်တစ်ကောင် ယူစားသည်က အကြောင်းမဟုတ်… အိမ်ဝရိုက်သံနှင့်အတူ တရွှေကြီးအနီးမှာ ရှိနေသည်ဟူသော အ… ရှောက်မရ ဖြစ်နေသည်။

သို့ကြောင့် အသိမိတ်ဆွေတစ်ယောက်နှင့်တွေ့ပြီး… အရှေ့ပိုင်းရပ်ကွက်သို့ ပြောင်းဖြစ်ခဲ့တော့သည်။

ထိုနေရာသို့ရောက်မှ သူ့မိတ်ဆွေက အုတ်၊ သဲ၊ ကျေ… လုပ်ငန်း လက်ခွဲလုပ်ကိုင်နေသူဖြစ်ကြောင်း သိရသည်။

သူ၏အကူအညီနှင့် ထိုလုပ်ငန်းကို ပြောင်း၍ လုပ်… သည်။ ဆောက်လုပ်ရေးလုပ်ငန်းများ ကောင်းမွန်လာသည်နှင့် …



…ကျောက်လုပ်ငန်းများ အခြေအနေကောင်းလာသည်။

နှစ်နှစ်ကျော် သုံးနှစ်အတွင်း သဲကားတစ်စီး ပိုင်လိုက်သည်။

"ခင်များအဖိုးအရှေ့ပိုင်း ပြောင်းတော့ တရွှေကြီးက အိမ်… …တ်တွေ ဘာတွေပေးသေးလား"

"မပေးဘူး … သူလည်း မြို့ထဲက မအူပင်ကြီးမှာ … …တ်မကောင်းစွာနဲ့ ကျန်ခဲ့မှာပေါ့"

"ခင်များ အခုလိုပြောလို့ ကျွန်တော် တွေ့ကြုံခဲ့တဲ့ …တွေ့အကြုံတစ်ခုကို ပြောပြအုံးမယ် … အဖိုးအရှေ့ပိုင်းမှာပဲ …ပိုပါတော့ (၅)ရပ်ကွက်မှာ ကြုံတာ"

ဈေးလေးမှာ မနက်ဈေးထွက်ဖို့ ကြက်ဘဲရောင်းတာ ကြက် …တွေ သွားဝယ်ကြတာပေါ့။

နိုင်ငံခြားကားနဲ့ တင်လာပြီး (၇/ခ)လမ်းဆုံမှာ ကားရပ်လို့ …ကိုယ့်ကြက် ကိုယ်ခွဲယူကြတယ်။ ညနေသုံးနာရီ… လေးနာရီကြား …ကိုယ့်အိမ်ကိုယ် စက်ဘီးနဲ့ အဝယ်ယူသူရှိသလို ဆိုက်ကားနဲ့လည်း …ယ်ကြတယ်။

ယောမင်းကြီးလမ်းမှာရှိတဲ့ ဈေးလေးကို စက်ဘီးနဲ့ (၇/ခ) …မ်းထိပ်ကနေ မှန်မှန်သယ်ကြတယ်။ ကြက်အနည်းအများပေါ်မူတည်ပြီး … စက်ဘီးနှစ်စီး ခွဲသယ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အဲဒီအချိန်ဆို နိုလာလမ်းကနေ ကား တိုင်ကို တစ်ပတ်မှာ လေးရက်လောက် အလုပ်ကိစ္စပြီးလို့ တယ်။

ကြက်သသယ်ပြီး လမ်းထဲဝင်လာတဲ့ စက်ဘီးနှစ်စီးနဲ့ ခဲ့တယ်။ နိုလာ(၂)လမ်းထိပ်လောက် အရောက်မှာ စက်ဘီးတ ထိုးလဲသွားတယ်။

"တောက် ... ငါ ဘယ်လိုမှ နင်းလို့ မရဘူး။ စက် ကို မမြင်ရတဲ့ အားတစ်ခုက ဆွဲလှဲနေတယ်"

စက်ဘီးကို ပြန်ထောင်တော့ ဘားတန်းကို ခွတင်ထား ကြက်များ။ ကယ်ရီယာခုံပေါ် ခွတင်ထားသည့်ကြက်များ တစ်ပ အကောင်နှစ်ဆယ်နီးပါးရှိသည့်အနက် ကြက်နှစ်ကောင် သုံးေ ခန့် လူနှင့်စက်ဘီးပါပြီး လည်ပင်းရိုးကျိုးကာ သွေးစက် ကျနေတော့သည်။

ထိုအခါမှသာ စက်ဘီးကို ကောင်းစွာနင်း၍ ရသွား သည်။

ထိုအဖြစ်ကို မြင်သော်လည်း အကြောင်းမှန်းမသိ နောက်နေ့ သုံးနာရီခန့် ကားမှတ်တိုင်တွက်လာတော့ တိုက် ဆိုင်ဆိုင် ပြန်သည်။ ကြက်များကို ဖောက်ထိုးခွဲပြီး သယ်



သော စက်ဘီးနှစ်စီးဖြစ်သည်။

နိုလာ(၂)လမ်းလွန်၍ နိုလာ(၃)လမ်းထိပ်ရောက်လာသည်။

"တောက် ... စက်ဘီးကို ဘယ်လိုမှ နင်းလို့ မရအောင် နောက်က ဆွဲထားတယ်"ဟု ပြောပြီး စက်ဘီးသမား စက်ဘီး ရပ်၍ အောက်ဆင်းလိုက်သည်။

ရှေ့ကစက်ဘီးစီးနေသူက "ဒီနေ့တော့ မင်းအလှည့် ပဲနဲ့တူတယ်။ ရှေ့ဒီမှာ ဘလိတ်ဓါး၊ ငါပြောသလို လုပ်လိုက်"

နောက်ကစက်ဘီးသမားက ဘလိတ်ဓါးကိုယူပြီး ကယ်ရီ ယာခုံမှာ တွဲလောင်းဆွဲထားသော ကြက်များထဲမှ နှစ်ကောင်၏ လည်ပင်းကို ဘလိတ်ဓါးနဲ့ လှီးလိုက်သည်။

သွေးစီးများက အောက်ကို ဖြာခနဲကျသွားသည်။ ထိုအခါ မှ စက်ဘီးကို ကောင်းစွာနင်း၍ ရတော့သည်။

ထိုလမ်းသို့ ကြက်အရှင်များ သယ်လာတိုင်း စက်ဘီး နင်းမရအောင် ဆွဲထားခြင်းဖြစ်ကြောင်းလည်း၊ လှီး၍သွေးထုတ်ပေး လိုက်မှ သွားခွင့်ပြုသည့်အတွက် နောက်ပိုင်းကြက်များ သယ်သည့် အခါ ရတနာလမ်းနှင့် ကုန်တိုက်ဆောင်းလမ်းကသာ သယ်တော့ မည်ဟုဆိုသည်။

နောက်တစ်ခုရှိသေးသည်။ ထိုလမ်းမှာပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သယ်သုံးနှစ်အရွယ်ရှိ ကောင်လေးတစ်ယောက် သရဲကြီးနှင့် မျက်
ချင်းဆိုင်ဆုံမိ၍ သုံးလေးရက်ခန့် ကြောက်လန့်သွေးပျက်
အိပ်ရာထဲ လဲခဲ့သေးသည်တု ကြားလိုက်ရသည်။

နီလာလမ်းအဝင်မှာ ကုက္ကိုပင်ကြီးနှစ်ပင် သုံးပင်
ရှိသည်။ အဝင်ကြီးက တစ်ပင်ရှိသည်။

ကောင်လေးတစ်ယောက် ထိုလမ်းထဲဝင်လာစဉ် ကု
ကိုင်းတစ်ကိုင်းမှာ ငှက်တစ်ကောင်နားနေသည်ကို တွေ့သ
လက်ထဲကိုင်လာသော လေးခွဖြင့် ထိုငှက်အား ပစ်ချလိုက်သ

ငှက်ကတော့ ကံမကောင်းခဲ့။ ကောင်လေး၏လေးခွ
မိပြီး အောက်ပြုတ်ကျလာသည်။

လူငယ်လေးလည်း ပြုတ်ကျလာသော ငှက်ကို ကောက်
လှည့်အထွက် "ဝုန်း" ဆိုတဲ့အသံကြောင့် နောက်လှည့်ကြည့်လို
သည်။

"အား ... သရဲ ... သရဲ"

အရပ်ဆယ်ပေနီးပါး သရဲကြီးတစ်ကောင်ကို တွေ့လို
သည်။ သရဲကြီးက လက်ဆန့်တန်းပြီး ကောင်လေးလက်ထဲ
ငှက်ကို တောင်းနေသည်။

ကောင်လေးက သရဲကိုမြင်ပြီး ခြေထောက်နှစ်ချော



ပ်မရအောင် တဆတ်ဆတ်တုန်နေတယ်။ အချိန်က ငါးနာရီခန့်သာ
ပေမဲ့ လမ်းထဲမှာ လူတစ်ယောက်မှ မရှိဘူးတဲ့။

အဲဒီ လက်ထဲက ငှက်အသေကောင်ကို သရဲကြီးရှေ့
ပစ်ပေးလိုက်တယ်။ သရဲကြီးက ငှက်အသေကောင်ကို ကောက်ပြီး
ခံပင်ပေါ် ရိပ်ခနဲတက်သလို မြင်လိုက်တယ်တဲ့။ သရဲက ရေထဲ
ထဲ ပျောက်သွားမှ သူ့ခြေလက်တွေ လှုပ်လို့ရတော့တယ်တဲ့။

အဲဒီတော့မှ ကြောက်ကြောက်လန့်လန့်နဲ့ အသံက
ဟ်ပြီး အိမ်ကို ပြေးလာခဲ့တယ်။ အိမ်ရောက်တော့ အဖျားဆို့
တိမေ့နေလို့ ဖြန်ကောင်းအောင် မနည်းလုပ်ယူရတယ်တဲ့။

"ကောင်လေးဆီက ငှက်သေပြန်တောင်းတဲ့ သရဲက ကြက်
ကွေးစည်ဖွဲ့သောက်တဲ့ သရဲပဲ ဖြစ်မှာပေါ့"

"ဖြစ်နိုင်တာပေါ့။ အဲဒီလမ်းအနီးတဝိုက်မှာ ဖြစ်ခဲ့ကြတာပဲ"

"အဲဒီလူငယ်လေး သရဲအခြောက်ခံလိုက်ရတာကတော့
စ်လမ်းလုံး သိကြတယ်။

နောက် အဲဒီနေရာကို အကြောင်းသိတဲ့လူတွေကတော့
ဘက်ရှောင်ပြီး သွားကြတာပေါ့"

"ဗဲ ... ကိုတင်ဝင်းလည်း ဆိုင်မှာ တစ်နာရီလောက်
ကသွားပြီ ... ကိုစွရှိရင် သွား...တာပေါ့။

www.burmeseclassic.com



ကျွန်တော်က ဒီလမ်းထဲမှာနေတယ်။ အိမ်နံပါတ် (၆၄၀) အလယ်လောက်မှာ ရှိတယ်။ နောက်ကြုံရင်လည်း ဝင်ခဲ့လေ"

"ခင်ဗျားလည်း (၅)ရပ်ကွက်မှာ အလုပ်လုပ်နေတာ ဆိုတော့ ... အားတဲ့အချိန် (၄)ရပ်ကွက်ကို လှည့်ဝင်ခဲ့လေ။ ရွှေကောင်းကြွယ်ဆိုင်ဘေးလမ်းထဲက တဲကျော့တည်း ဝင်ခဲ့။ ဒါဆို ကျွန်တော့်ဆိုင်ကို တွေ့လိမ့်မယ်"

ကိုတင်ဝင်းက လက်ဖက်ရည်ဖိုးရှင်းရန် ပိုက်ဆံထုတ်သည်။

"ဟာ ... မဟုတ်တာ၊ ကျွန်တော်က အိမ်ရှင် ကျွန်တော် တိုက်မယ်လို့ပေါ့ဟာ"

"အဲ ... ဒီတော့ မဟုတ်သေးဘူး။ ကျွန်တော်က အခု ရစရာရှိတဲ့ ပိုက်ဆံရလာလို့ တိုက်မှာ"

"ဒါဆိုလည်း ငြင်းမနေတော့ဘူး"

ကိုတင်ဝင်းက ပိုက်ဆံရှင်း နှုတ်ဆက်ပြီး ပြန်သွားတော့သည်။ ယခင်ကြွက်ရောင်းစဉ်က အသွေးအမွေးနှင့် ယခုမြင်ရသော အသွေးအမွေး မတူသည်ကို ကြည့်ရင်း ကိုတင်ဝင်းတစ်ယောက် သမာအာဇီဝအလုပ်ဖြင့် ကြီးပွားပါစေဟု ဆုတောင်းပေးလိုက်ပါသည်။

# မကျွတ်မလွတ်သေးသည့်

# သရဲခြောက်ကောင်

လွန်ခဲ့သော ဆယ်ငါးနှစ်ခန့်က မြောက်ဥက္ကလာ၊ မေဓါဝီလမ်းကြီးပေါ် ပေနှစ်ဆယ်ခြံအတွင်း ဆောက်ထားသော နှစ်ထပ်တိုက်ကြီးမှာ မိသားစုသုံးယောက် နေထိုင်ကြသည်။

ယောကျ်ားအမည်က ကိုကျော်အေး၊ ဇနီးအမည်က ကြူကြူ၊ သမီးလေးအမည်က သက်မှူးခင်ဖြစ်သည်။

လမ်းမတန်းဖြစ်သဖြင့် အောက်ထပ်ကို အလှကုန်ဆိုင် ဖွင့်ထားသည်။ ကိုကျော်အေးက အသက်သုံးဆယ့်ငါးနှစ်သာ ရှိသေး၊ ကြူကြူကလည်း သုံးဆယ်၊ တစ်ဦးတည်းသော သမီးလေးက တစ်နှစ်ရှိပြီဖြစ်သည်။

ထိုအချိန်တစ်ပြိုင်း စီးပွားတက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူကြူဆွေက အရောင်းဝန်ထမ်းနှစ်ယောက်နှင့် အိမ်
တာဝန်ယူခဲ့သည်။

ကိုကျင်အေးက အပြင်ထွက်ပြီး စီးပွားရှာသည်။ အ
အရောင်းအဝယ် ကုန်သည်ပွဲစားလုပ်သည်။ ကုန်သည်ကြီးများ
ဝယ်ထူအကျိုးတူ စီးပွားရေးဝင်လုပ်ခဲ့သည်။

ခြေရင်းအိမ်က နယ်ပြောင်းမည်ဖြစ်၍ အိမ်ကိုရောင်း
သည်ဟု ဆိုလာသည်။ ပေနှစ်ဆယ်သစ်သားအိမ်ကို သိန်းခြေ
ဆယ်နှင့် ရောင်းမည်ဟုဆိုလာသည်။ ထိုအချိန်က (၅၅)ခန့် ပေါ
ဈေးရှိနေသဖြင့် ဈေးမဆစ်တော့ဘဲ လက်ပြောပြီး နောက်နေ့မှာ
ငွေချေပြီး ဝယ်လိုက်သည်။

ထိုအိမ်ရှင်များ ပြောင်းသွားပြီး နောက်တစ်ပတ်မှာပင် အိမ်ဟော
ကိုဖျက်ကာ ခန်းမအဖွယ် ပြုလုံးပြည့် ဆောက်လိုက်သည်။

ထိုအဆောင်အတွင်း ပစ္စည်းမျိုးစုံ၊ မှန်ဘီဒိုများ၊ သစ်သ
ဆင်များပြီး လိုအပ်သမျှ အစုံရှိသော မီနီမတ်လေးတစ်ခုအ
ပြောင်းလဲဖွင့်လှစ်လိုက်သည်။

ယခင်နှစ်ထပ်တိုက် အောက်ထပ်မှာဖွင့်သော အလှ
ပစ္စည်းများနှင့် နှစ်ဆောင်တွဲဖွင့်ကာ အရောင်းဝန်ထမ်းအမျိုးသ
ဆယ်ယောက်၊ အမျိုးသားဝန်ထမ်းနှစ်ယောက်တို့ဖြင့် ခမ်းနား



ဖွင့်လှစ်ရောင်းချခဲ့သည်။ ထိုဆိုင်ကို ကြူကြူဆွေက တာဝန်ယူ
ချုပ်ချုပ်ခဲ့သည်။

ကိုကျင်အေးကတော့ ဆန်အရောင်းအဝယ်ကိစ္စနှင့် အိမ်
ကပ်သည်မရှိ။

ဆိုင်မှာ လိုအပ်သမျှကို ယောကျ်ားဝန်ထမ်းနှစ်ယောက်က
တစ်လှည့်စီ တာဝန်ယူ အဝယ်တော်ထွက်သည်။ အချို့ ကုန်ပစ္စည်း
က သွားယူစရာမလို၊ ဆိုင်အရောက် ကုမ္ပဏီမှ လာပို့သည်။

တစ်ဦးတည်းသော သမီးလေးသက်မှူးခင်က ငါးတန်း
အောင်၍ ခြောက်တန်းရောက်နေပြီ။

အိမ်၏စီးပွားရေးက တစ်နေ့တခြား တိုးတက်ခဲ့ပေမဲ့
ကိုကျင်အေးနှင့် ကြူကြူဆွေတို့က စီးပွားရေးကိစ္စများနှင့် အချိန်
ကုန်နေပြီး၊ မိသားစုရွှေးရွှေးဝွေးဝွေး တိုင်တိုင်ပင်ပင် တစ်ရက်မှ
မရှိခဲ့။

သမီးက ရိုးရိုးအေးအေး စာကိုသာ စိတ်ဝင်စားခဲ့သည်။

ကိုကျင်အေးက ကုန်သည်လုပ်ရင်း လူမျိုးစုံနှင့် ပေါင်းသင်း
ဆက်ဆံရာမှ အသောက်အစား ခိုမင်လာသည်။

အသောက်အစား ဝါသနာပါရုံမက အပျော်အပါးလည်း
လိုက်စားသေးသည်။ သောက်နေရလျှင် ထမင်းမေ့ဟင်းမေ့နေသူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

အရက်ကြောင့် ဆေးရုံသို့ နှစ်ခါရောက်ခဲ့ရသေးသည်။ ဒုတိယအခေါက်တက်စဉ် ဆရာဝန်က အသည်းအခြေအနေ ဆိုးသည်ကို စစ်ဆေးတွေ့ရှိသဖြင့် အရက်ဖြတ်ရန် ပြောသည်။

သို့ပေမယ့် ဆေးရုံကဆင်းတော့ နည်းနည်းစပြီး သောက်သည်။ နောက်ပိုင်းပုံမှန် ပြန်သောက်ဖြစ်သည်။

အရက်ပြန်သောက်သည့်နောက်ပိုင်း ကြူကြူဆွေက ကိုကျင်အေးကို စကားမပြောတော့၊ စီးပွားထွက်ရှာပေမဲ့ ယစ်ထုတ်ကြီးသဖွယ်ဖြစ်ကာ အမှားမှားအယွင်းယွင်း ဖြစ်လာသည်။

တစ်ရက် ကိုကျင်အေး ကိုယ်လက်မအီမသာဖြစ်နေသလို အရောင်းအဝယ်ကလည်း မရှိသည့်အတွက် အိမ်သို့ ပြန်လာခဲ့သည်။

အရက်ပုလင်းတောင်ပြီး အေးအေးဆေးဆေး အနားယူမည်ဆိုသောစိတ်ကူးနှင့် ပြန်လာခဲ့ခြင်းဖြစ်သည်။ ညနေလေးနာရီခန့် ပြန်ရောက်လာသည်။

ဆိုင်မှာ လူကျနေသဖြင့် သူပြန်လာသည်ကို မည်သူမျှ ရှုမထားမိ။

အောက်ထပ်တနေ အပေါ်ထပ်သို့တန်းပြီး တက်လာခဲ့သည်။ အိပ်ခန်းဝရောက်တော့ စိန်ဖြစ်သူနှင့် ဆိုင်မှာ ကုန်ဝယ်



ာန့်ခံအေးသိန်းတို့ ကုတင်ပေါ်မှာ တစ်ယောက်လက်တစ်ယောက် ...ိုင်၊ ထိုင်စကားပြောနေသည်ကို တွေ့လိုက်သည်။

"အော် ... မင်းတို့က ဒီအခြေအနေထိတောင် ဖြစ်နေ ...နီ"

"ရှင် ... ထင်သလို မဟုတ်ဘူး"

"ဘာလဲ သွေးမတော် သားမစပ်၊ ယောက်ျားနဲ့မိန်းမ ...ာင်ပေါ်မှာတွေ့တာ ဘယ်လိုကြောင့်လို့ ပြောအုံးမှာလဲ၊ အရောင်းအဝယ်ကိစ္စ ဆွေးနွေးနေတာလား"

"ရှင်အပြင်ထွက်နေ"

ကြူကြူဆွေက အေးသိန်းအား အပြင်ထွက်ခိုင်းသည်။

"အေးသိန်း မထွက်နဲ့ ... မင်းတို့ ဘယ်အခြေအနေ ...တ်နေပြီလဲ ... ငါ့ကို ပြောပြစမ်း"

"ရှင်သိချင်ရင် ကျုပ်ပြောပြမယ်၊ ရှင်အပြင်ထွက်"

ကိုအေးသိန်းလည်း ကြူကြူဆွေက ကျောကို တွန်းထုတ် ...တ်သဖြင့် အပြင်သို့ ထွက်ခဲ့သည်။

အခန်းထဲမှာ ကိုကျင်အေးနှင့် ကြူကြူဆွေတို့ လင်မယား ...ယောက် ကျန်ခဲ့သည်။

"ရှင်က အပြင်မှာ ရှုပ်ချင်တိုင်းရှုပ်၊ အခု ရှင်မှာ ခုံအား

www.burmeseclassic.com



ကျတဲ့ရောဂါလည်း ရနေပြီ၊ ရှင်က အိမ်မှာရှိတဲ့ မိသားစုတ
ဂရုရိုက်ရမှန်းမသိဘူး။

အပြင်မှာ သာယာမှုရှာနေခဲ့တာ ... ကျုပ်မသိဘူး
ထင်လား"

"မင်းက ငါ့အပြင်မှာ အပျော်အပါးလိုက်စားလို့ အားကျ
မခံ အိမ်မှာ အပျော်ရှာတာပေါ့တုတ်လား"

"ရှင် ထင်ချင်သလိုထင် ... ရှင်လည်း နေချင်သလိုနေ
ကျုပ်လည်း နေချင်သလိုနေမယ်"

လင်မယားနှစ်ယောက်လုံး လေးနာရီခန့်မှစပြီး တစ်ည
နေလုံး အိမ်အပေါ်ထပ်မှာ တစ်ယောက်တစ်ခွန်း အော်တစ်စကား
များနေကြတော့သည်။

ညနေ ငါးနာရီ ဆယ့်ငါးမိနစ်ခန့် သက်မှူးခင်ကျောင်းက
ပြန်လာမှ ရန်ဖြစ်ခြင်းကို ရပ်ကြတော့သည်။

သို့ဖြင့် လင်မယားနှစ်ယောက်လုံး ထိုအချိန်မှစ၍ အပေါ်
အပြော မရှိတော့။ နေချင်သလို နေလာကြသည်။

ကိုကျော်အေးက မိုးလင်းသည်နှင့် အိမ်က ထွက်သွားပြီး
မိုးချုပ်မှ ပြန်လာသလို သုံးလေးရက်ခန့် ပြန်မလာဘဲ နေချင်လည်း
နေသည်။ ပြန်လာတိုင်းလည်း မူးလာသည်။



ကြူကြူအေးကလည်း အိမ်ကိစ္စ၊ အရောင်းအဝယ်ကိစ္စတို့ကို
တာဝန်ယူနေရင်း သူလည်း ကိုအောင်းသိန်းနှင့် ပွင့်ပွင့်လင်းလင်း
နေထိုင်တော့သည်။

xxxxxxxxx

လင်မယားနှစ်ယောက် တစ်ယောက်တစ်မျိုး စိတ်ထင်ရာ
အပျော်ရှာကြပေမယ့် ပျော်ရွှင်သာယာသော မိသားစုပုံစံမျိုးတော့
မရနိုင်တော့ပါ။

တစ်ရက် သက်မှူးခင် ကျောင်းနေ့တစ်ဝက် ပြန်လွှတ်
လိုက်သဖြင့် အိမ်သို့ ပြန်အလာ မိခင်ဖြစ်သူနှင့် အောင်းသိန်းတို့
နှစ်ကိုယ်ကြား ပြောနေသောစကားများကို ကြားသွားသည်။

ငြင်းမရအောင် ပက်ပင်းတိုးမိသွားသဖြင့် သမီးဖြစ်သူက
မိခင်ကို စကားမပြောတော့။ ကျောင်းစာလည်း မလုပ်တော့။
ယတန်းစာမေးပွဲ ဖြေရကာနီးပြီ။

ကျောင်းထွက်မည်ဟုပင် မိခင်ကို ဆန္ဒပြပါတော့သည်။
စာမေးပွဲမဖြေတော့ဟု ဆိုသည်။

ထိုအခါ မိခင်ဖြစ်သူက မကြိုက်သည်၊ မကြိုက်အပ်ရာကို ကြိုက်မိ
ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သတ်မှူးခင် မနက်အိပ်ရာထတော့ မိမိဖြစ်သူ ကြူကြူ
တစ်ယောက် အိပ်ဆေးအလွန်အကျူးသောက်ပြီး အသက်သေ
နေသည်ကို တွေ့ရသည်။

ကြူကြူ ခွေ့သေဆုံးသည့်သတင်း ကြားသည်နှင့် ခင်
ဖြစ်သူကိုကျင်အေး အိမ်ပြန်မလာတော့။

ညီဖြစ်သူနှင့် ဆွေမျိုးများက အသုဘခြေကျအောင်
လုပ်ကိုင်ပေးကြသည်။

အသုဘသင်္ဂြိုဟ်ပြီး ငါးရက်မြောက်နေ့ရောက်မှ ကိုကျင်
လူမှန်းသူမှန်းမသိအောင် မူးပြီး နေ့ခင်းဘက် ရောက်လာသ

ထိုအချိန် အိမ်မှာ လူရှင်းနေသည်။

မြောက်ဥက္ကလာ "ချ" ရေးမှာ အထည်ရောင်းနေသူ
ဖြစ်သည့် ကိုတင်မွေးက ကိုကျင်အေးအား မြည်တွန်တောက်
သည်။

"မင်းတို့ရှိနေတာ ငါမလာလည်း ဖြစ်တာပဲ၊ ငါ ဒီကော
မျက်နှာကို မကြည့်ချင်လို့ကွ"

"ဟာ ... အစ်ကို .. သေသူက သေသွားပြီ၊ ဒီစ
တွေ မပြောနဲ့၊ သူများပြောစရာ ဖြစ်ကုန်မယ်။ ကိုယ့်မှာ
သမီးတစ်ယောက်လုံး ရှိသေးတယ်"



"အခုရော ပြောစရာ မဖြစ်လို့လား"

ကိုတင်မွေးက အစ်ကိုဖြစ်သူအား အပေါ်ထပ်ရှိ သူ့အိပ်ခန်း
သို့ တွဲခေါ်တင်လာခဲ့သည်။

"ဒီကောင်မ ... ပြောင်မထားတဲ့ကိစ္စ၊ တစ်ဆိုင်လုံး
သိတယ်၊ မသိတာ ငါနဲ့ ငိုးသမီး၊ အခု ငါတို့လည်းသိရော မဖုံး
နိုင် မဖိနိုင်ဖြစ်မှ ရှက်လို့ချည်ရဲ့ တုတ်လား။

သေပစေကွာ၊ ငါမသနားဘူး မနှမြောဘူး"

"တဲ့ ... အစ်ကို၊ စကားတွေ သိပ်မပြောနဲ့၊ အိပ်
မလား"

"မအိပ်ဘူး၊ ငါလည်း မကြာခင်သေမယ့်ကောင်။ ငါ့လက်နဲ့
သတ်လိုက်ရတဲ့ ဒီကောင်မကို တမလွန်မှာ တွေ့လို့ကတော
အသေပဲ။

ငါ့ကို ... အရက်ပုလင်းနဲ့ ရေသန့်ယူပေးပြီး မင်း
အောက်ကိုဆင်းတော့"

"တော် ... မဖြစ်ဘူး၊ အစ်ကို ရေချိုးလွန်နေပြီ၊ မသောက်
နဲ့တော့"

"မင်းက ဆရာကြီးလား"

"ဟာ အစ်ကိုကတော့ ရစ်နေပြီ၊ မူးရင်အိပ်လိုက်တော့"

www.burmeseclassic.com

ညီဖြစ်သူ အရက်ယူမပေးမှန်းသိသဖြင့် မကျေမနပ် ပြော
နေတာ ကြောခင် အိပ်ပျော်သွားတော့သည်။

ကိုကျော်အေး အိပ်ပျော်သွားမှ ကိုတင်မွေး အောက်ထပ်
ဆင်းလာခဲ့သည်။

သမီးဖြစ်သူ သက်မှူးခင်က မည်သူ့ကိုမှ စကားမပြော
မိခင်ကိုလည်း စိတ်နာသည်၊ ဖခင်ဖြစ်သူကိုလည်း စိတ်နာသည်
မိသားစုကို ပစ်ထားပြီး ကိုယ့်အပျော် ကိုယ်ရှာခဲ့သော ဖ
ဖြစ်သူအား စိတ်နာသည်။

သို့ကြောင့် မိခင်သေဆုံးတော့ မျက်ရည်မကျ။ ဖ
အားလည်း စူတ်မသက်ချင်၍ မမြင်ချင်ယောင်ဆောင်နေလိုက်သည်

သက်မှူးခင်အား ဦးလေးမိသားစုက အားပေးသည်
နောက်ပိုင်းသူတို့နှင့် လာနေလိုက နေတာဆိုသည်။ ကျောင်းထွ
ပြီး ဆိုင်ကို ဦးစီးမည်ဆိုပါက ဦးလေးမိသားစုက ထိန်းကွပ်
ပေးမည်ဟုဆိုသည်။

ကိုတင်မွေးမိသားစုကလည်း ချမ်းသာသူများဖြစ်သည်
ကားရှိသည်။ နှစ်ထပ်တိုက်နှင့် သုဝဏ္ဏလမ်းမပေါ်မှာ စတိုး
ဖွင့်ထားသည်။ "ရှ"ဈေးမှာ အထည်ဆိုင်ကြီး ဖွင့်ထားသည်

မိဘမျိုးရိုးက ချမ်းသာလာကြသူများဖြစ်သည်။



ကြုံကြုံဆွေ၏ နာရေးကိစ္စက အရစ်ကျ၊ ဆွေမျိုးကူညီမှုနှင့်
ဆုံးသွားသည်။

တရားနာနေစဉ် ဘုန်းကြီးရှေ့မှာ မထိုင်နိုင်လောက်အောင်
မူးလွန်း အခြေအနေဆိုးနေသဖြင့် ညီဖြစ်သူနှင့် သက်မှူးခင်တို့က
ရက်ခွက်ကိုင်ကာ အမျှဝေခဲ့ရသည်။

ကိုကျော်အေးက အပေါ်ထပ်မှာ အရက်ကို မူးအောင်
သောက်ပြီး အိပ်ပျော်နေပါသည်။

xxxxxxxxx

"သွား ... သွား"

"နင် ... ငါ့နား မလာနဲ့ ... သွား"

"သရဲမ ... မလာနဲ့၊ သွား ... ငါ့အနားမလာနဲ့"

အပေါ်ထပ်မှ အော်ဟစ်သံများကြောင့် ဈေးရောင်းနေသော
က်မှူးခင်နှင့် အရောင်းစာရေးမလေးတစ်ယောက်တို့ ပြေးတက်
သွားသည်။

"ဦးလေး ... ဦးလေး ... ဘယ်လိုဖြစ်တာလဲ"

"သွား ... သွား ... သရဲမ ... မလာနဲ့သွား"

"ဦးလေး ... သမီးတို့ပါ ... ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက မြူးမြူးပြုံးပြုံ အော်ဟစ်နေသော ကိုကျင်အား လှမ်းပေးလိုက်မှ ...

"ငါ့ကို ... ကြူကြူဆွေ ... သရဲမ ... လည်ညှစ်မလို့ လုပ်နေတယ်"

"အခန်းထဲမှာ ဘယ်သူမှ မရှိဘူး ဦးလေး"

"ရှိတယ် ... ဟိုဘီဒိုနောက်မှာ ဝင်ပုန်းနေတယ်"

သမီးဖြစ်သူက စကားမပြော၊ စာရေးမလေးလှမ်းလိုက်ကြည့်နေသည်။

"ဦးလေး အားရှိသွားအောင် မြန်အိပ်လိုက်ပါလား၊ စရာရှိ လှမ်းခေါ်လိုက်လေ ... လှေကားထိပ်မှာ ကျွန်ရှိတယ်"

"ရတယ် ... ရတယ်၊ ငါ့ကို ရေသန့်တစ်ပုလင်းယူပေးပြီး သွားလို့ရပြီ"

သက်မှူးခင်နှင့် စာရေးမလေး အောက်ထပ်သို့ ပြန်လာခဲ့ကြသည်။

"မမ ... မမရဲ့အဖေကို မမအမေလာခြောက်တယ်တကယ်လား"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ သူတို့နှစ်ယော



မသေခင်တတည်းက တစ်ယောက်ကိုတစ်ယောက် ကြည့်လို့မှမရတာ။

ငါ့မှာ အဖေနဲ့အမေဆိုတဲ့ အသိကို ထားနေရပေမယ့် ငါ့အမေ ဘယ်သူ၊ ငါ့အဖေဘယ်သူဆိုပြီး ပေးမတွေ့ခဲ့ဘူး။ မိတ်မဆက်ပေးခဲ့ဘူး၊ မပြောခဲ့ဘူး"

"အဲတော့လည်း မမရယ်၊ လူကြီးတွေက သူတို့ရဲ့ အကျင့်စရိုက် ဘယ်လိုပဲရှိပါစေ၊ မိဘတာ မိဘပါပဲ"

သက်မှူးခင်က ဘာမှ ပြန်မပြောဘဲ တစ်ဖက်ခြမ်းရှိဆိုင်ဘက်သို့ ထွက်သွားသည်။

သက်မှူးခင် ဆယ်တန်းဖြေရက်နီးသောအချိန်မှာ ယခုကဲ့သို့ အိမ်တွင်းရေး ကမောက်ကမ ဖြစ်ခဲ့သည်။ မိခင်ဖခင်တို့ကြောင့် စာမှာလည်း စိတ်မဝင်စား၊ မှတ်ဉာဏ်လည်း မကောင်းတော့။

ဝတ္တရားအရ စာမေးပွဲဖြေလိုက်သည်။ အောင်လည်း ကျောင်းဆက်မနေတော့၊ မအောင်လည်း ဆက်မဖြေတော့။ ဆယ့်တစ်နှစ်အရွယ် ငါးတန်း၊ ခြောက်တန်းရောက်ချိန်က စီးပွားတက်ပြီး ဆိုင်ကြီးကနားကြီး ဖြစ်ခဲ့သည်။

ထိုအချိန်ကစပြီး မိခင်နှင့် ဖခင်တို့ အနေနီးသော်လည်း စိတ်ခြင်းဝေးသွားကြပြီဖြစ်သည်။ ငါးနှစ်မျှသောကာလအတွင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



မိသားစုဘဝလေး ပြိုပျက်သွားခဲ့ပြီ။

သက်မှူးခင်က စီးပွားရေးစိတ်ဝင်စားခဲ့သော်လည်း သ[illegible] တန်းတော့ ရောက်အောင်နေမည်ဟု ဆုံးဖြတ်ပြီး မပျော်သော်လ[illegible] တာဝန်တစ်ခုအနေနှင့် ကျောင်းတက်ခဲ့သည်။

အမေလည်း အဖေ့ကို အရွဲ့တိုက်ရင်း လမ်းလွဲသွ[illegible] သည်။ ဖခင်ကလည်း မိခင်ကို အရွဲ့တိုက်ပြီး အရက်ကို အသေ[illegible] သောက်နေသည်။

ဆယ်တန်းအောင်ပြီးဖြစ်သော သက်မှူးခင် ဆိုင်ကို တ[illegible] ယူရတော့သည်။ ဝင်ငွေချင်း စာရင်းဇယားနားလည်မှု မရှိ[illegible] သဖြင့် ဦးလေးဖြစ်သူက မကြာမကြာ ရောက်လာပြီး ကြီး[illegible] ပေးနေခဲ့သည့်အတွက် သက်မှူးခင် လုပ်ငန်းမပျက် နေနိုင်ခဲ့[illegible] ဖြစ်သည်။

အချို့ လူအသုံးနည်းသော အရေးမကြီးသည့် ကုန်ပ[illegible] များကို ဆက်မတင်တော့၊ လျှော့ချခဲ့သည်။

xxxxxxxxx

မိခင်ဖြစ်သူ၏ ဝိညာဉ်က မကျွတ်မလွတ်ဟု ဖ[illegible] အမြဲပြောသည်။



သူ့ကို အိပ်ခန်းထဲမှနေပြီး အချိန်ပြည့် ချောက်လှန့်နေ[illegible]ည်ဟု ဆိုသည်။

အခြားမည်သူ့ကိုမှ ချောက်လှန့်ခြင်းမရှိသေး။

ဆိုင်အတွင်းရှိသူများက ဦးကျင်အေးကြီးအရက်ကြောင်ကာ [illegible]ယောက်ပြောနေခြင်းဟုဆိုသည်။

သက်မှူးခင်ကတော့ စိတ်စာခဲ့သည့် ခင်ပွန်းဖြစ်သူကို [illegible]မှန်တကယ် ချောက်လှန့်နေခြင်းဖြစ်သည်ဟု ယုံကြည်နေသည်။

ကိုကျင်အေးက ဆိုင်မှာရှိသော နိုင်ငံခြားဖြစ်အရက်များကို [illegible]ရက်တစ်ပုလင်း၊ တစ်ရက်တစ်ပုလင်းနှုန်း အတိုင်းအဆမရှိ သောက်[illegible]သည်။

အရက်နှင့်သောက်ရန် အမြည်းကိုတော့ ဆိုင်မှာ ချက်ရေး[illegible]က်ရေးတာဝန်ယူထားသော မအေးမြင့်က ချက်ပြုတ်ကြော်လှော်[illegible]သည်။

ကိုကျင်အေးလည်း အိမ်အပေါ်ထပ်မှ အိမ်အောက်ကို [illegible]င်းတော့။

သို့ဖြင့် အစားအသောက်နည်းပြီး အရက်နှင့်အမြည်း[illegible]သာ နေ့စဉ်သောက်သုံးနေသဖြင့် ကိုကျင်အေး(၄၂)နှစ်အရွယ် [illegible]သေဆုံးပြီး နှစ်လအကြာမှာ လူ့လောကကြီးမှ အပြီးတွက်သွား

www.burmeseclassic.com

www.burmeseclassic.com



ပါတော့သည်။

ကိုကျင်အေးသေဆုံးပြီး၍ ရက်လည်ပြီးနောက်ပိုင်း အိမ်အပေါ်ထပ်မှာ ဝုန်းဒိုင်းကျဲနေသည်။

"ဝုန်း ..."

"ဝုန်း ... ဒိုင်း"

"ခွမ်း ..."

"တင် ... နေ့ခင်းကြီးအပေါ်ထပ်မှာ ဘာတွေဖြစ်နေတာလဲ"

"ဦးလေးသေပြီးမှ ... ဒီအသံတွေကြားရတာဆိုတော့ ဦးလေး ... မကျွတ်မလွတ်လို့ ဖြစ်မှာပေါ့။ အခုလိုဖြစ်နေရင် ညဘက်အိပ်ဖို့ မလွယ်ဘူး"

"တုတ်ပါ ... ညဆို ချောက်ချားစရာပဲ ... ဘယ်သူ့မကျေနပ်လို့လည်း မသိဘူး"

"နေ့တိုင်း၊ ညတိုင်း ဝုန်းဒိုင်းကျဲနေရင် အခက်ပဲ"

သို့ဖြင့် တစ်ရက်မတုတ်၊ နှစ်ရက်မတုတ်၊ မကြာမကြာကြားနေရသည်။

ညဘက်ရောက်သောအခါ သက်မှူးခင်နှင့် အေးအေးမာဆိုသောမိန်းကလေးက အိပ်ခန်းမှာ အတူတူအိပ်ကြသည်။



မိခင်နှင့်ဖခင်တို့က ခေါင်းရင်းအခန်းမှာ အိပ်သည်။ သက်မှူးခင် ခြေရင်းခန်းမှာ အိပ်သည်။ အဖော်လိုက်အိပ်ပေးသော အေးမာက ပထမတော့ လိုက်အိပ်ပေးရန် ငြင်းသည်။

သက်မှူးခင်က သရဲမကြောက်သလို သူ့မိခင် ဖခင်တို့ မကြောက်ဟုဆိုသဖြင့် ကြောက်ကြောက်လန့်လန့်နှင့် အဖော်အိပ်ပေးခြင်းဖြစ်သည်။

အေးအေးမာက သက်မှူးခင်နှင့် ညီမဝမ်းကွဲတော်သော် ကြေခွဲနှင့် တူမတော်သည်။

အောက်ထပ်လှေကားအောက်မှာ အိပ်ခန်းတစ်ခန်း ရှိသည်။ အခန်းမှာ နယ်မှ အလုပ်လာလုပ်သူ မိန်းကလေးနှစ်ယောက် ထမင်းဟင်းချက်သော မအေးမြင့်တို့ သုံးယောက် အတူအိပ်ကြသည်။

ကိုကျင်အေးကလည်း ခွမ်းကပ်ပြီးနောက်ပိုင်း မကြာခဏ ဆိုးရုံ ကြားနေရသဖြင့် သက်မှူးခင်တို့ညီမနှစ်ယောက် အပေါ်မှာ အိပ်ရသည်ကိုပင် စိတ်မလုံအောင် ကြောက်လန့်လာကြသည်။

တစ်ည ... အေးအေးမာ သုံးနာရီခန့် အပေါ့သွားချင်သည်။ သက်မှူးခင်ကို နှိုးရာ မ[illegible]သဖြင့် တစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



အရဲစွန့်ပြီး အိမ်သာသို့ ထွက်ခဲ့သည်။

အိပ်ခန်းနှင့် ရေချိုးခန်းအိမ်သာက အနီးလေးဖြစ်သ

အိမ်သာတံခါးအံဖွင့်လိုက်စဉ် အိမ်သာထဲမှာ ...

"ဟင်"

"အမယ်လေး ... သရဲ"

"ဝုန်း ... ဝုန်း"

"တဲ့ ... ဘယ်လိုဖြစ်တာလဲ"

သက်မှူးခင်က အခန်းထဲပြေးဝင်လာသော အေးအေ

ကြောင့် နိုးလာပြီး ထထိုင်လိုက်သည်။ အေးအေးမာမျက်နှာမှ

သွေးလန့်နေပြီး ရုတ်တရက် စကားမပြောနိုင်။ ပြီးမှ ...

"အိမ် ... အိမ်သာထဲမှာ ... အစ်မအဖေ ဦးဓ

ထိုင်နေတာ တွေ့လိုက်တယ်"

"မဟုတ်ပါဘူးတယ် ... နင့်ရဲ့ကြောက်စိတ်က နှ

ခြောက်နေတာများလား"

"တကယ်ပါ ... မျက်နှာကို ခေါင်းငုံ့ထားတယ်။ ဦ

ဦးလေးအစစ်"

"နင်အိမ်သာမတက်ရသေးဘူးလား၊ အဖြေအနေကြည့်

ငါအဖော်လိုက်ပေးမယ်"



အိမ်သာရောက်တော့ တံခါးတွန်းဖွင့်လိုက်သည်။

"တင် ... နင်တံခါးပိတ်ခဲ့လား"

"မပိတ်ပါဘူး ... ဖွင့်ပြီး ပြန်မပိတ်ဘဲ ပြေးထွက်လာ

ခဲ့တာ"

နှစ်ယောက်သားတံခါးကို အမြန်မြန် ဖွင့်ကြည့်သည် မရ

အထဲက ပိတ်ထားသည်။

"ကဲ ... ထားခဲ့လိုက်တော့၊ အောက်ထပ်က အိမ်သာကို

သွားကြမယ်"

အိမ်သာကို ကျောပေးပြီး လှည့်ထွက်လိုက်သည်။

"ကျွိ"

မည်သို့မျှ ဖွင့်မရသော အိမ်သာတံခါးက အလိုလို ပွင့်

သွားသည်။

"တင် ... တံခါး ပွင့်သွားပြီ"

"လာ ... အိမ်သာဝင်ကြမယ်"

"မဝင်ရဲပါဘူး ... အထဲမှာ သရဲရှိနေရင် ဘယ်လိုလုပ်

မလဲ"

"လာပါ ... တံခါးဖွင့်ပြီး ထွက်သွားပါပြီ"

သက်မှူးခင်က တံခါးအပြင်မှ ရပ်စောင့်ပြီး အေးအေးမာ

www.burmeseclassic.com

www.burmeseclassic.com



အိပ်သာထဲဝင်၍ အပေါ့သွားသည်။

အေးအေးမာ ထွက်လာတော့ သက်မှူးခင် ဝင်သည်။ ထိုအချိန် မည်သည့်ခြောက်လှန့်မှုမျိုးမှ မကြုံရတော့။

အချိန်က သုံးနာရီကျော်ရုံသာ ရှိသေးသဖြင့် အိပ်ရာထဲ ရောက်သည်နှင့် ပြန်အိပ်လိုက်သည်။

"ရှပ် … ရှပ် … ရှပ်"

"ဝုန်း"

လမ်းလျှောက်သည့်ခြေသံနှင့် မရှေးမနှောင်း တစ်ခုခုနှင့် ပစ်ပေါက်လိုက်သော အသံမျိုးကြားလိုက်သည်။

"ဒုန်း … ဝုန်း"

"ခွမ်း …"

"တင် … ခေါင်းရင်းခန်းမှာ ဘာတွေ ပစ်ပေါက်နေလဲ မသိဘူး"

"ဝုန်း"

"ဟဲကောင်မ … သွားစမ်း"

"နင်သွား"

ခေါင်းရင်းခန်းမှ စကားသံများ ကြားလာရသည်။

သက်မှူးခင်နှင့် အေးအေးမာတို့ တစ်ယောက်မျက်နှာ



ယောက်ကြည့်ပြီး ကြောက်နေကြသည်။

"အဲဒါ … မမတို့ အဖေနဲ့ အမေအသံပဲ"

"သေပြီးတာတောင် မကျွတ်မလွတ်ဘဲ ရှိနေကြတယ်"

"ဝုန်း"

"ဒိုင်း"

"ဘာတွေနဲ့ ပေါက်ပေါက်နေတာလဲ မသိဘူး။ အရက် င်းတွေ၊ ဖန်ခွက်တွေ၊ အမြည်းပန်းကန်တွေနဲ့ ပေါက်ပေါက် တာထင်တယ်"

"ဖောက်"

ကျယ်လောင်သော ဖောက်ခနဲသံကြီးကို အတိုင်းသား လိုက်သည်။

"အစ်မ … အစ်မ … မသက် မသက်၊ အေးအေးမာတို့ ပေါ်ထပ်မှာ မနေနဲ့ အောက်ကို လာခဲ့ကြ"

"သွားမလား"

"အိပ်ခန်းထဲက အပြင်ကို မထွက်ရဲဘူး"

"လာပါ … သူတို့အခန်းထဲမှာ ရှိဖြစ်နေတုန်း ဆင်းပြေး မယ်"

သက်မှူးခင်နှင့် အေးအေးမာတို့ ကုတင်ပေါ်က ဆင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

"ဝုန်း ... ခိုင်း"

"သွား ... ကောင်မ၊ ထွက်သွား"

"မသွားဘူး ... နင်ထွက်သွား"

"မမ ... မသွားနဲ့အုံး၊ ကျွန်မတို့အပြင်ထွက်တဲ့အချိန်သူတို့ ထွက်တာနဲ့ တိုးနေမှဖြင့်"

"အထဲမှာ ဗိုက်တင်ချလို့ ကောင်းနေတုန်း အမြန်ထွက်ကြတာပေါ့"

သက်ဖူးခင်နှင့် အေးအေးမာတို့ အိပ်ခန်းတံခါးအသာအယာဖွင့်ပြီး၊ အောက်ထပ်သို့ အမြန်ပြေးဆင်းခဲ့သည်။

အောက်ထပ်မှာ အိပ်ကြသော မိန်းကလေးသုံးယောက် လှေကားထိပ်မှာ ရပ်ပြီး စောင့်နေကြသည်။

"တား ... တား ... တား"

"ဝုန်း"

အိမ်အပေါ်ထပ်အိပ်ခန်းတွင်းမှာ ဗိုညာဉ်လင်မယားတို့ တိုက်ပွဲက မပြီးဆုံးနိုင်သေး။

"ဝုန်း ... ဝုန်း"

"ဂျိမ်း ... ချော် ... ဂျိမ်း"



"အမယ်လေး"

နှစ်ထပ်အိမ်ကြီးပေါ် လှုပ်သွားသည့်အလား တစ်အိမ်လုံးရှိ ဓာရိဘောဂများ၊ တံခါးများ လှုပ်ခါယမ်းနေသည်။

အောက်ထပ်လှေကားထိပ်မှ နေရာမရွေ့ကြသေး။

မိန်းကလေးငါးယောက် တစ်ယောက်နှင့်တစ်ယောက် ဆက်ပြီး အပေါ်ထပ်သို့ မော့ကြည့်နေမိကြသည်။

"ဝုန်း ... ဝုန်း ... ဝုန်း"

"ဒုန်း ... ဒုန်း"

လှေကားအပေါ်မှ အောက်သို့ လူမမြင်ရဘဲ ပြေးဆင်းလာသော ခြေသံကြားသဖြင့် နောက်သို့ ဆုတ်ပြီး နံရံမှာ ကပ်နေလိုက်ကြသည်။

"ဗိုး ... ခွင်း"

အပေါ်ထပ်၏ ညှို့ခန်းစားပွဲပေါ်တင်ထားသော အလှပန်းအိုးက ဗိုးခနဲ လွင့်ဆင်းလာသည်။

ပန်းအိုးက အောက်ထပ် ကြမ်းပြင်ပေါ် ကျကွဲသွားသည်။

မိန်းကလေးများလည်း အောက်ထပ်အိပ်ခန်းထဲသို့ ပြေးဝင်ပြီး တံခါးပိတ်လိုက်ကာ နားစွင့်နေကြသည်။

ဗိုညာဉ်တစ်ယောက်က ပြေးဆင်းသွားပြီး အပေါ်ပြန်မတက်

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့်လားမသိ အသံများငြိမ်သွားသည်။

မိန်းကလေးငါးယောက် တုတင်တစ်လုံးပေါ် ကန့်လန့်ဖြ
အနေအထားနှင့် အိပ်လိုက်ကြသည်။

သို့ဖြင့် ချောက်ချားထိတ်လန့်ဖွယ် ညတစ်ညကို ဖြ
မြောက်သွားသည်။

နေ့ခင်းရောက်တော့ အိမ်ကြီးမှာ ညဘက် မအိပ်ကြ
တု ဆိုလာကြသည်။

ထမင်းချက်ပေးသော မအေးမြင့်က မနက်စာ၊ ည
ချက်ပေးပြီးသည်နှင့် ပြန်မည်ဟုဆိုသည်။

အေးအေးမာကလည်း အိမ်ပြန်အိပ်တော့မည်ဟု ဆိုသ
သက်မှူးခင် အိမ်အခြေအနေကို ဦးလေးဖြစ်သူအား အကြော
ကြားသည်။

ဦးဖေလေးဖြစ်သူက အသက်ခြောက်ဆယ်ခန့်ရှိ ဦးထွန်
တို့လင်မယားကို သက်မှူးခင်နှင့်အတူ ညအိပ်ပေးရန် ခေါ်လာသ

နေ့ခင်းပိုင်း ပုံမှန်ဈေးဆိုင်လာဖွင့်ရန် အရောင်းမိန်းကလ
အားလုံးကို မှာကြားထားသည်။ မနက်ကိုးနာရီဖွင့်ပြီး၊ ညခုနစ်
ပိတ်မည်ဟု အသိပေးထားသည်။ ယခင်က ညကိုးနာရီ ဖ
ပိတ်သည်။



ထိုရက်မှစပြီး ကုန်သမျှကုန်ပစ္စည်း ပြန်မတင်တော့။ ဆိုင်ရှိသမျှကိုသာ ကုန်သည်အထိ ရောင်းချစေသည်။

ညစဉ်ညတိုင်း အပေါ်ထပ်မှာ ဝုန်းဒိုင်းကျဲနေသည့် အခြေအနေ ရပ်မသွား။ တစ်ညကို ညဦးပိုင်းမှ သန်းခေါင်အတွင်း သုံးလေးကြိမ်မျှ ကြားရသည်။

တစ်ရက် အိမ်မှာ အဖော်လာနေပေးသူ ဒေါ်မြတစ်ယောက် ညကိုးနာရီခွဲခန့် အိမ်သာတက်ရန် တံခါးဖွင့်လိုက်စဉ် အိမ်သာထဲမှ လက်ကြီးတစ်ဖက် ထွက်လာကာ ဆောင့်တွန်းလိုက်သဖြင့် ကြမ်းပြင်ပေါ် ပက်လက်လန် လဲကျသွားသည်။

ကျိုးခြင်း ကျဲခြင်း မရှိသော်လည်း ခါးနာသွားကာ လဲနေရာမှ ပြန်မထနိုင် ဖြစ်နေသဖြင့် ဦးခင်ထွန်းနှင့် သက်မှူးခင်တို့ ရောက်လာပြီး ဆွဲထူပေးရသည်။

ဒေါ်မြအား အိပ်ရာပေါ် ဆွဲတင်ပေးကာ၊ ခါးရိုးကို ပရုတ်ဆီ လိမ်းပေးလိုက်သည်။

နောက်ရက်ပိုင်း အခြေအနေဆိုးလာသဖြင့် ဆေးရုံတင်လိုက်ရသည်။

ဆေးရုံရောက်တော့ ဆရာဝန်များ၏ စစ်ဆေးချက်အရ အကြောညှပ်သွားသည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန့်မသင့်လျှင် လမ်းလျှောက်၍ မရနိုင်တော့ဟုဆိုသ
ထိုကဲ့သို့ဖြစ်ပြီးနောက်မိုင်း ထိုအိမ်ကြီးမှာ နေထိုင်သူမရှိ ဖြစ်သွ
တော့သည်။

သက်မှူးခင်အား ဦးလေးဖြစ်သူက ခေါ်ထားသည်။ ထို
ရှိသော ကုန်ပစ္စည်းများကို ဖောက်သည်ဈေးထက်လျှော့ပြီး အ
အသိမိတ်ဆွေဆိုင်များသို့ ရောင်းချလိုက်သည်။

သို့ဖြင့် အိမ်ကြီးမှာ ကုန်ပစ္စည်းများအားလုံး ကုန်သွ
သည်။

အိမ်ကြီးအား တံခါးပိတ်ပြီး ထားခဲ့သည်။

အိမ်ကြီးကို တံခါးပိတ်ထားသော်လည်း အတွင်းပစ္စ
ရွှေ ငွေ ရတနာများ အိမ်မှာမရှိပေမယ့် အသုံးအဆောင်ပစ္စည
အဝတ်အထည်များ သည်အတိုင်း ရှိနေသည်။

ထိုအကြောင်းကိုသိသော ရပ်ကွက်အတွင်းမှ လူရွယ်
ယောက် နောက်ဘက်လမ်းကြားမှ အိမ်ကို ဖောက်ဝင်ခဲ့ကြသ

အိမ်ထဲရောက်သည်နှင့် မွှေနှောက်ရှာဖွေသည်။ စတီးအိုး
လျှပ်စစ်ပစ္စည်းများ၊ အဝတ်အစားများကို မွှေနှောက်ရှာဖွေပြ
မြေရှေ့အိတ်ကြီးထဲ ထည့်နေကြသည်။

"ဝုန်း"



"ခွမ်း"

"ဟင် ... ဘာသံလဲ"

"တောကောင် ... မင်းနောက်မှာ သရဲ ... သရဲ"

သူခိုးတစ်ယောက်က သရဲကိုမြင်လိုက်သဖြင့် ကြောက်
ကြောက်လန့်လန့်နှင့် ထိုင်ရာမှ ထလိုက်သည်။

နောက်တစ်ယောက်ကလည်း

"အမယ်လေး ... မင်း ... မင်းနောက်မှာ သရဲကြီး"

"ဟာ ... သရဲနှစ်ကောင်"

"အား ..."

အိတ်နှစ်လုံးကို မယူနိုင်သဲ လှေကားမှ အတင်းပြေးဆင်း

"ဝုန်း"

"အား"

နှစ်ယောက်လုံး လှေကားမှ လှိမ့်ဆင်း နောက်မှ အရှိန်
ပြင်းနှင့် တွန်းချခြင်း ခံလိုက်ရသည်။

ပတ်ဝန်းကျင်ကလူများ ညဆယ့်တစ်နာရီခန့် လူမနေသော
အိမ်ကြီးမှ ငယ်သံပါအောင် အော်လိုက်သည့်အသံများကြောင့်
ကိတရက် လန့်နိုးလာကြသည်။

အချို့လူများ လမ်းပေါ်ထွက်ပြီး အိမ်ကြီးကိုလှမ်း ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

"ဒေ သိုကြပ်အုံးရှု ... အသယ်လေး သရဲကြီး"

ဝင်ခဲ့သောလမ်းကို အရောက်မမြေးနိုင်တော့ဘဲ၊ အိမ်…

မသိမြေ့ပြီး ဗုဒ္ဓရိုက်အော်ဟစ်နေတော့သည်။

သူ့နောက်မှာ မည်းမည်းကြီး ရပ်နေသည်။

"သရဲ ... သရဲ ... သရဲကြီး ကယ်ကြပ်အုံး"

"နှိုး ... နှိုး"

အမြင်ကလူများလည်း ကိုကျင်အေးစည်သိထံ ဖုန်းသော…

အကြောင်းကြားသည်။

သူမှာလမ်းကြီးပေါ်မှာနေသော ကိုတာဝင်မွေးလည်း …

မိနစ်အတွင်း ကားနှင့်ရောက်လာသည်။

ရပ်ကွက်အိမ်နီးချင်းများနှင့်အတူ သော့ဖွင့်ပြီး …

လိုက်သည်။

အိမ်ထဲရောက်တော့ ဝါဒ်မီးရောင်အောက်မှာ …

သော လူတစ်ယောက်ကို တွေ့လိုက်သည်။

လှေကားထိပ်မှာ အသက်ပျောက်နေသော နော…

ယောက်ကို တွေ့ရသည်။

ထိုရုပ်နှစ်ယောက်လည်း ပစ္စည်းဝမ်းပိုးမှုန်း သိကြ…



ရပ်ကွက်လူကြီးများက ရဲကိုအကြောင်းကြားလိုက်သည်။

သတိမေ့ရှ သတိရလာတော့ သူတို့ကို သရဲထိုးနှိုး သရဲမနှစ်တောင် ခြောက်လှန့်ပြီး လှေကားပေါ်မှ တွန်းချကြောင်း ရှင်းပြသည်။

သရဲမကတော့ သူ့ထွက်ပြေးရာ တံခါးဝအထိ လိုက်လာကြောင်း ပြောပြသည်။

ကြောခင် ရဲများရောက်လာပြီး နိုးရာပါပစ္စည်းများနှင့်အတူ ရဲစခန်းသို့ ပါသွားတော့သည်။

ထို့နောက်တော့ ထိုအိမ်ကြီးကို လူမနေတော့ဘဲ လပေါင်းများစွာ ကျိုးအတိုင်းပင် ထားလိုက်တော့သည်။ ပြန်ရောင်းသော်လည်း ရောင်းမရခဲ့။

အချို့ သရဲမကြောက်သူများ မိမိကိုယ်မိမိ အထင်ကြီးသူများ အလောင်းအစားလုပ်၍ အိမ်ကြီးကို ညမှောင်ရီသန်းချိန် ချောင်းကြည့်သည်။

နေ့ခင်းဘက်ချောင်းကြည့်သည်။ ဘယ်အချိန်ကြည့်ကြည့် အိမ်ကြီးထဲက သရဲခြောက်လှန့်ပြသဖြင့် ထွက်ပြေးရသူ မနည်းလှပြီ။

xxxxxxxxx

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ် သရဲခြောက်တဲ့အိမ်ကြီးကို တစ်နှစ်ခွဲခန့် ငှားထ
ခဲ့ရာမှ ကာနီထရိုက်တစ်ယောက်နှင့် ဆက်မိပြီး ဖေဖေလေးသ
နှစ်ခန်းတွဲ ဝါးထပ်ဆောက်ခွင့် ရယူလိုက်သည်။

ဝါးထပ်တိုက်ကို တစ်နှစ်နှင့်အပြီး သဘောတူစာချုပ် ချ
စတင်ဆောက်ခဲ့သည်။

တစ်နှစ်ပြည့်သော်လည်း အလုပ်သမားများက အလုပ်
ရာမှ အမြဲပိတ်ရောက်ချာမှု ဖြစ်နေရကြောင်း၊ လုပ်ချင်စိတ်မရှိ
ကြောင့် အလုပ်သမားမပြည့်စုံမှုနှင့် အလုပ်မပြီးဘဲ ကြန့်ကြာ
ခဲ့သည်။

ထိုအခါ တာဝန်ခံအင်ဂျင်နီယာက ကြီးကြပ်သူတစ်ယော
ကို အပြီးထား၍ အလုပ်အမြန်ပြီးရန် စီစဉ်တော့သည်။

အကြမ်းထည်ကတော့ ဝါးထပ်အထိပြီးပြီဖြစ်၍ အမိုး
မိုးပြီး နံရံအုတ်စီခြင်းက လေးထပ်မြောက်ကို ရောက်နေပြီဖြစ်
ယောက်ျားလေးများက အုတ်များအပေါ်ထပ်ထိ သယ
နေသည်။ မိန်းကလေးများက မဆလာအိုးများ လေးထပ်
ရွက်ပြီး သယ်တင်နေကြသည်။

ကြီးကြပ်ရေးမှူးက အလုပ်ခိုတာမှု မရှိရန် အမြဲ
ကြပ်မတ်နေသည်။



ထိုအချိန် ကြီးကြပ်သူက လေ့ကားထိပ်မှာ ရပ်နေသည်။

"အား"

နောက်မှ အရှိန်ပြင်းပြင်း ဆောင့်တွန်းချလိုက်သဖြင့်
ာက်မှ အလေးနှင့်တက်လာသူများကို တိုက်မိပြီး အောက်သို့
ြုတ်ကျသွားတော့သည်။

ထိုပြုတ်ကျသောအဖြစ်အပျက် ပြီးသည့်အခါမှာတော့
ကြီးကြပ်သူ သေဆုံးသွားပြီး မိန်းကလေးတစ်ယောက် လက်ခြေး
ိုးသွားခဲ့သည်။

ထိုကဲ့သို့ လူသေဆုံးသွားသော ဆောက်လုပ်ရေးလုပ်ငန်း
ည်သို့ အလုပ်သမားများ ရောက်မလာဘဲ အခြားဆောက်လုပ်ရေး
ုပ်ငန်းခွင်သို့ ပြောင်းလုပ်ကြသည်။

ထိုအခန်းမှ သံချောင်းများ၊ အုတ်များ၊ ဘိလပ်မြေတို့ကို
ာင့်ရန် အလုပ်သမားအဖွဲ့မှ အိမ်ထောင်သည်နှစ်စုကို အစောင့်
ဘော ချထားသည်။

ညဘက် မီးသားစုလိုက် ချက်ပြုတ်စားသောက်နေကြပြီး
နေ့ခင်းမှာ ယောက်ျားများက အလုပ်ခွင်သို့ သွားကြသည်။

တစ်ရက်ညဘက် ထမင်းစားသောက်ရင်း လင်မယား
ယောက် စကားများကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က တစ်ယောက်ကို မယုံသင်္ကာဖြစ်ပြီး ရှုပ်ထွေးကြသည်။ လင်ပယ်နေသည်၊ မယားပယ်ထားသည်နှင့် စကားအနိုင်လု ပြောရင်း လက်ပါ ပါလာကြသည်။

အတူနေမိတ်ဆွေလင်မယားက ဘယ်လိုမှ ဖြန်ဖြေမရ၊ လင်ရောမယားပါ ဆဲဆိုအော်ဟစ်ရင်း တုတ်တပြက် ဓါးတပြက် ဖြစ်ကုန်တော့သည်။

"ဒီကောင်မ သေမှ အေးမယ်"

"ကျုပ်သေရင် ... ဟိုကောင်မနဲ့ နေလို့ရပြီပေါ့ ဟုတ်လား"

"သေချင်းဆိုးမ ... မဟုတ်ပါဘူးဆို၊ မျက်စိစုံမှိတ်ပြီး ရှုပ်ချွဲနေတယ်။ နင်ကရော ဘာထူးလို့လဲ ပျားကြည်မိုးနဲ့ တော... နေတာ ဆိုက်တစ်ဖွဲ့လုံး သိတယ်"

"ငါ့ကို မဟုတ်မတရား မစွပ်စွဲနဲ့ သေနာကောင်"

"ကဲတယ် ... ကဲတယ်"

"အမယ်လေး ... သေပါပြီတော့"

"သေစမ်း ... သေစမ်း"

ယောက်ျားဖြစ်သူက မိန်းမဖြစ်သူအား အနီးမှာတွေ့သော အုတ်ခဲတစ်လုံး ကောက်ယူပြီး ခေါင်းကို ထုတော့သည်။



"အမယ်လေး ... လာကြပါအုံး၊ ဒီမှာ သတ်ကုန်ကြ... သေပါပြီ ... လာကြပါအုံး"

"ဟဲ့ ... ကောင်မ၊ တိတ်စမ်း ... နင်ပါ သေသွား ...ား"

"မေ့မောက် ... ငါ့မိန်းမကို ဆဲစရာမလိုဘူး၊ အလုပ် ...နီးရတဲ့အထဲ အေးအေးသက်သာ မနေရဘူး ... ကောင်"

"ဒီ ××××× မင်း ဘယ်လောက် သတ္တိရှိလဲ"

လင်မယားနှစ်ယောက် ရန်ဖြစ်ရာက ယောက်ျားနှစ်ယောက် ...ခွဲ ဖြစ်သွားသည်။

အုတ်ခဲကိုင်ထားသောလူက အုတ်ခဲနှင့်ထုရန် အပြေး ...သွားစဉ် ပုဆိုးစကို နင်းမိပြီး မှောက်လျက် လဲသွားသည်။ ...အခိုက်၌ ဝင်ပြောသောယောက်ျားက လက်ဦးမှုယူကာ အနီးမှ ...သ သံချောင်းပြတ်စနှင့် တစ်ချက်တည်း ရိုက်ချလိုက်တော့ ...သည်။

နောက်ဆုံးတော့ မယားဖြစ်သူက ခေါင်းကွဲကျကာ ...သက်ဆုံးသွားသလို ယောက်ျားဖြစ်သူလည်း သံတုတ်အရိုက် ...ပြီး အသက်ဆုံးသွားခဲ့သည်။

နိဂုံးမှာတော့ အိမ်ကြီးသော ...ဂဲ၍ တစ်နှစ်ခွဲထောင်ချတ်မှာ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးကို ဆက်မဆောက်တော့ဘဲ အရှုံးခံပစ်ထားလိုက်တော
သည်။

ပြီးအောင်ဆောက်ပြီးလျှင်လည်း ကျိုးရုံသူများစွာ လာခဲ့သေ
နာမည်ဆိုးရှိသည့် တိုက်ကြီးမှ တိုက်ခန်းများကို ဝယ်မည်
ရှိနိုင်မည် မထင်ချေ။

အလုပ်ရှင်သူဌေးလည်း တိုက်ကြီးဆက်ဆောက်ရန် အလေ
လေး စိတ်ကုန်သွားခဲ့ပြီ။ လူနေ၍ရရန် အချောထည်အတွက်
အတော်များများ ကုန်ရပေဦးမည်။

ထို့ကြောင့် မသေချာသော အလုပ်အတွက် ငွေ
မကုန်ချင်တော့။ လစ်လက်စတစ်ပိုင်းတစ်စနှင့် ပစ်ထားလိုက်တေ
သည်။

ကိုတင်မွေကလည်း ဆက်လုပ်ရန် တွန်းအားမပေးတေ

သက်မှူးခင်ကလည်း မိခင်၊ ဖခင်တို့ မသေခင်က စုဆော
ထားခဲ့သော ရွှေငွေရတနာများ၊ ဆိုင်ရောင်းရငွေများနှင့်ပင် ဦးလေ
တို့နှင့်အတူ နေလိုက်တော့သည်။

ဆောက်လက်စတိုက်ကြီးက သရဲများကို နှင်ထုတ်ရန်လည်
ကိုတင်မွေ မကြိုးစားတော့။

တိုက်ကြီးကို ကျုံးအတိုင်း ပစ်ထားလိုက်သဖြင့် သ



ကြောက်ခြင်း၊ လူသေခြင်းကတော့ ထပ်မဖြစ်တော့ပေ။

ဒါပေမဲ့ ကိုကျော်အေးတို့လင်မယား သေဆုံးပြီးနောက်ပိုင်း
လူလေးယောက် သေဆုံးခဲ့ရသော တိုက်ကြီးမှာ မခွာမလွှတ်သော
ဝိညာဉ်ခြောက်ကောင်ကတော့ ဆက်လက်နေထိုင်ကြမည်ကတော့ အသေ
အချာပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# သရဲမျက်လုံး

စိတ်ထဲမှာ ခွန်းကျုပ်နေရသော သုံးနာရီအချိန်ကို ကျော်လွန်သွားမှ မူမူသိန်းတစ်ယောက် အသက်ဝဝ ရှူနိုင်တော့သည်။

မင်္ဂလာဝတ်စုံကြီး တင်းတင်းကျပ်ကျပ်ဝတ်ပြီး သိသူရော မသိသူပါ ပြုံးပြုံးနှုတ်ဆက်နေရသည်။

ယခုမှပင် မူမူသိန်း၏ ခင်ပွန်းအသစ်စက်စက် ကိုသိန်းထွန်းလင်းနှင့်အတူ မင်္ဂလာခန်းမအတွင်းက ပြန်ထွက်နိုင်ခဲ့သည်။ လွတ်လပ်ပေါ့ပါးသွားသလို ခံစားရသည်။

မင်္ဂလာပွဲ ပြီးပြီးချင်း ဇနီးမောင်နှံနှစ်ယောက် ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။ မင်္ဂလာဆောင်နှင့် အတူနေရန် စီစဉ်ထားသည့်အိမ်သို့ တန်းမောင်းခဲ့သည်။



ကိုသိန်းထွန်းလင်းက အိမ်ထောင်ပြုပြီးလျှင် အတူနေရန် ...င်တိုက်လေးတစ်လုံး ငှားထားသည်။ ထိုအိမ်သစ်မှာ အိပ်ရာ ...နှင့်အနားလည်း အသင့်ပြင်ဆင်ထားပြီးပြီ။

ကားလမ်းကြော်မှုပြီး ရပ်ကွက်အတွင်း ဝင်မည့်လမ်းဆုံသို့ ...ရောက်၊ မီးပြိုင်း အရှိန်လျှော့ရပ်လိုက်သည်။ လမ်းထဲမှ ကား ...သီးက ထွက်လာနေသည်။

နောက်မှအရှိန်နှင့် လိုက်လာသောကားက ရှေ့ကကားရပ် ...သည်ကို မသိ၊ စကားတောင်ဖွဲ့ပြီး နောက်ပြောင်နေကြသည်။

“ဝုန်း”

ပြင်းထန်သောအရှိန်နှင့် ရှေ့ကကားကို ဝင်တိုက်ပစ်လိုက် ...သည်။

လမ်းကြားက ထွက်လာသော ကားနှင့်နောက်ကဝင် ...လာသောကားကြားမှာ မူမူသိန်းတို့ကားက ညပ်ကာ နောက်ပိုင်း ကြေမွသွားသည်။

သွေးပျက်စွယ် ကားတိုက်မှုကြောင့် လမ်းပေါ်မှာ သွေး ...ချင်းနီသွားသည်။

ကိုသိန်းထွန်းလင်းနှင့် နောက်ကားပေါ်မှ တစ်ယောက် ...ပြီး သေဆုံးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာ လိုက်ပါလာသော မူမူသိန်းတစ်ယော[က်] မျက်နှာမှာ သွေးချင်းချင်းနီပြီး အသက်မသေသော်လည်း သတိ[မေ့] နေသည်။

အနီးဝန်းကျင်ကလူများက အသက်မသေဘဲ ဒဏ်ရာ[ရ] သူများကို ဆေးရုံသို့ ပို့ပေးသည်။

ဆေးရုံရောက်တော့ ဆရာဝန်များက အရေးပေါ်စစ်ဆေ[း] ကြသည်။ ခေါင်းကို အနည်းငယ်သာထိခိုက်၍ ပေါက်ပြဲ[...] သွေးထွက်ခြင်းကြောင့် မျက်နှာတစ်ခုလုံး သွေးများပေကျံနေခြ[င်း] ဖြစ်သည်။ အန္တရာယ်မရှိဟု သိရသည်။

သို့ပေမဲ့ ညာဘက်မျက်လုံး မျက်ကြည်လွှာထိခိုက်သွား[း] သည်။ မျက်ကြည်လွှာအစားထိုးမှ ပြန်မြင်မည်ဟုဆိုသည်။

သို့ကြောင့် ဆေးရုံမှာ ခေါင်းမှဒဏ်ရာကိုကုပြီး နေ့ချ[င်း] မျက်စိ၊ နား၊ နှာခေါင်းဆေးရုံကြီးသို့ ပြောင်းပြီး ကုသရတော့သည်။

မိဘဆွေမျိုးများကလည်း မူမူသိန်းအတွက် မျက်လုံ[း] မကြာခင်ပြန်မြင်လာရေးအတွက် ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးကြ သည်။

သို့ကြောင့် မကြာခင်မှာပင် မျက်လုံးပြန်ကောင်းသွား[း] တော့သည်။ ဆေးရုံကဆင်းသည့်နေ့မှာ ဆရာဝန်က စူးရှသော



အလင်းကို ရှောင်ပြီး ရိုးရိုးအလင်းရောင်အောက်မှာ မှုံမှုန်ကြည့်ရှု ဖို့သာဖြစ်ကြောင်း ရှင်းပြသည်။

တစ်ရက် မူမူသိန်း ကားမောင်းပြီး မြို့ထဲကအပြန် မမေ့ နိုင်သောနေရာသို့ တစ်ခေါက်မျှ သွားကြည့်ရန် စိတ်ကူးပြီး ဆက် မောင်းခဲ့သည်။

ထိုနေရာကတော့ သူတို့နှစ်ယောက် မင်္ဂလာပွဲကအပြန် ကားတိုက်ခံရသောနေရာ "မောင်"သေဆုံးသွားသော နေရာဖြစ် သည်။

ထိုလမ်းဆုံက အမြဲဝင်ထွက်နေကျလမ်းမဟုတ်ပါ။ မင်္ဂလာ ခန်းမအပြန် အိမ်သို့နီးမည်ထင်သည့် ဖြတ်လမ်းမှ ဝင်ရန်အကြံနှင့် ကားရပ်လိုက်စဉ် အတိုက်ခံလိုက်ရခြင်းဖြစ်သည်။

မူမူသိန်းလည်း ရှေ့နောက် အသေအချာကြည့်ပြီးမှ လမ်းဘေး ချရပ်လိုက်သည်။ ကားတံခါးဖွင့်ပြီး အောက်သို့ ဆင်း ကြည့်မိသည်။

ချစ်သူအဖြစ်မှ လက်ထပ်သည်အထိ အဆင့်တက်ခဲ့ပြီးမှ သေကွဲကွဲရသူ ချစ်ဦးသူကို သတိရကာ မျက်ရည်များ ထိန်းမရအောင် စီးကျလာတော့သည်။

ထို့နောက် ကားပေါ်ပြန်တက်ပြီး ထွက်ခဲ့သည်။ ကား

www.burmeseclassic.com

www.burmeseclassic.com



မောင်း၍မှ မကြာခင် ကားနောက်ခန်းမှာ လူတစ်ယောက် ထိုင်
သည်ကို တွေ့သဖြင့် တအားဘရိတ်နင်းပြီး ရပ်လိုက်သည်။

"ရှင် ... ရှင် ... ဘယ်သူလဲ"

"ကျုပ်က ... လူတစ်ယောက်ပေါ့"

"လူတော့ဟုတ်တာပေါ့ ... ဘာကြောင့် ကားပေ
ပိုင်စိုးပိုင်နင်း တက်နေရတာလဲ ... စောစောက လမ်းပေါ်မှာ
ကားနားမှာပါ ဘယ်သူမှ မရှိပါဘူး"

"မရှိလို့ ရှိမှ မရှိတဲ့ ... အခုမှ ချက်ချင်းရောက်လာတ

"အခုဆင်း ... ကားပေါ်ကဆင်း"

"ဆင်းဖို့ ကားပေါ်တက်တာမှ မဟုတ်တာ ...
အိမ်ကို လိုက်မလို့ ကားပေါ်တက်ခဲ့တာ"

"အိမ်ကိုလိုက်ရအောင် ... ရှင့်ကိုမှ ကျွန်မ မသိ
ကျွန်မ အော်လိုက်မယ်နော် ... အခု ဆင်းဆိုဆင်း"

"မအော်ခင် ဒီစကားကိုနားထောင်ပါဦး၊ ဒါက
မင်းကိုသိတယ် ... သေသွားတဲ့မင်းယောက်ျား သိန်းထွန်း
ကိုလည်း သိတယ်"

"ဟင် ... ရှင်ဘယ်သူလဲ ... ရှင့်ကို မသိပါဘူ

"ဒီလား ... မင်းယောက်ျားလိုပဲ ... တမလွန်ရော



နေတဲ့ ဝိညာဉ်တစ်ကောင်ပဲ၊ မင်းယောက်ျားက သူ့မိန်းမကို
စိတ်မချလို့၊ ငါ့ကို မင်းအနားမှာ တစ်နှစ်တိတိ စောင့်ရှောက်ပေးဖို့
လွှတ်လိုက်တာ"

"ဟင် ... ရှင် ... ရှင်က ဝိညာဉ်တစ်ကောင်လား ...
ဒါဆို ... ကျွန်မယောက်ျားက ဘယ်မှာလဲ၊ သူကမလာဘဲ
ဘာကြောင့် ရှင့်ကို လွှတ်လိုက်ရတာလဲ"

"သူက ... တစ်နေရာကို ထွက်သွားရပြီ၊ မင်းဆီ
မလာနိုင်တော့ဘူး။ ငါက ဒီအနီးနားဝန်းကျင်မှာပဲ ရှိသေးလို့ ငါ့ကို
အကူအညီတောင်းပြီး လွှတ်လိုက်တာ"

"မလိုချင်ဘူး ... ယုံလည်းမယုံဘူး ... ဆင်းအခု"

ဖူးသိန်းက ကားကိုရပ်လိုက်ကာ နောက်တံခါးကို ဖွင့်ပေး
လိုက်သည်။

"ဆင်းပါ ... ရှင့်ကို ကျွန်မ မယုံဘူး ... ရှင်လည်း
လာစောင့်ရှောက်စရာ မလိုဘူး"

ထိုလူက စိတ်မပါ လက်မပါတန်နှင့် ကားပေါ်မှ ဆင်းပြီး
ပလက်ဖောင်းဘောင် ကားလမ်းဘေးခြေချပြီး ထိုင်လိုက်သည်။

"ဟူး"

ဖူးသိန်းကလည်း ကားမောင်းထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့ တံခါးဝမှာ ကားရပ်ပြီး ဟွန်း လိုက်သည်။ ခြံစောင့်ဦးလေးကြီးက တံခါးလာဖွင့်ပေးသည်။ သိန်းတစ်ယောက်တည်းသာရှိသော ကျွန်တော်တိုက်မှာ ခြံစောင့် လင်မယားက ဝိုင်းစောင့်ရှောက်ပေးနေသည်။

ခြံစောင့်ကြီး၏ဇနီးက ဈေးဝယ် ထမင်းဟင်းချက် တာဝန်ယူထားသည်။

"တင်"

"ရှင် ... ရှင် ... ဘယ်အချိန်က ကားပေါ် ရောက် တာလဲ"

"မင်း ... မသိလိုက်ခင်ကပေါ့"

"သင်း ... အခု"

"မင်းတွေ့ချင်ရင် နေပါ။ ငါ့ကို မင်းရဲ့ခြံစောင့်ကြီးက ရတာမဟုတ်ဘူး။ မင်းပဲ မြင်ရတာ။ ငါနဲ့ စကားပြောနေ မင်းကိုတွေ့ရင် ရူးသွားပြီ ထင်လိမ့်မယ်"

"စိတ်ညစ်ပါတယ်"

မူမူသိန်းက ကားမောင်းဝင်ခဲ့သည်။

"မင်း ... စိတ်ချယောက်ျားနေပါ။ ငါမင်းရဲ့ အိပ်ခန်း ဘယ်တော့မှ မလာဘူး။ အောက်ထပ်မှာပဲ နေမယ်။



မင်းကိုယ်မင်း မသိသေးတာရှိတယ်။ မင်းရဲ့မျက်လုံးနှစ်လုံး အခု ဆေးကုထားတဲ့ မျက်လုံးဟာ မင်းအတွက် ထူးခြားနေ မယ်။

မင်း ... ဆင်ဝင်အောက် ခဏရွှေ့ရပ်လိုက်၊ သွား ဟုတ်ပြီ၊ ဘယ်လက်နဲ့ ဘယ်ဘက်မျက်လုံးကို ပိတ်ပြီး ဘက်မျက်လုံးနဲ့ ခြံပြင်ကို လှမ်းကြည့်လိုက်"

မူမူသိန်းလည်း ဆင်ဝင်အောက်မှာရပ်ပြီး သူပြောသည့် တိုင်း လှမ်းကြည့်သည်။

"ဘာထူးခြားချက်တွေ့လဲ"

"မတွေ့ဘူး"

ဒါဆို မျက်လုံးနှစ်ဘက် ဖွင့်ကြည့်လိုက် ...

"တင်"

"ဟာထူးလဲ"

ညာဘက်မျက်လုံးတစ်လုံးထဲ ကြည့်တော့ လူနှစ်ယောက် မ်းလျှောက်တာ အိမ်ဝမှာ မြင်လိုက်တယ်။ မျက်လုံးနှစ်လုံး ပြီးကြည့်တော့ အဲဒီလူနှစ်ယောက်ကို မတွေ့တော့ဘူး"

"ညာမျက်လုံးပိတ်ပြီး ဘယ်မျက်လုံးနဲ့ ကြည့်လိုက်"

"မတွေ့ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်ကိုပိတ်ပြီး ညာကို ဖွင့်ကြည့်လိုက်"

"တွေ့တယ် ... မြဲတောင့်နေး ရောက်တော့မယ်"

"အဲဒါ ဗိညာဥ်နှစ်ကောင်ပဲ၊ သရဲဆိုလည်း ဟုတ်တ"

"အဲဒီ ဘယ်လိုဖြစ်တာလဲ"

"မင်းရဲ့ ညာဘက်မျက်လုံးက နာနာဘာဝဗိညာဥ်တွေ မြင်ရတဲ့ သရဲမျက်လုံးပေါ့"

"မမြင်ချင်ပါဘူး၊ ကြောက်တယ်"

"ကြောက်ရင်၊ နှစ်ဘက်လုံး တစ်ပြိုင်တည်း ဖွင့် ဒါဆို ဘယ်သရဲမှ မမြင်ရဘူး"

"[illegible] ရှိ မရှိ သိချင်ရင် ... ဘယ်မျက်လုံးမှိ ညာမျက်လုံးနဲ့ကြည့် ... သရဲကို တွေ့လိမ့်မယ်"

"အဖြင့် ရှင်းကိုကြည့်တော့ ဘာကြောင့် မြင်ရတာ"

"ဒါက ဒို့ကို မြင်ရပါစေ ဆိုထားလို့ မင်းမြင်နေရ"

"အမြဲတမ်း မြင်ရပါစေလို့ ဆိုပြီး နေလို့မရဘူး၊ ရတယ်။ ဒါကြောင့် ... ဒို့ကို အမြဲတမ်း အခုလို မင်းမြင် မဟုတ်ဘူး"

"ဒါပေမဲ့ ... မင်းဘယ်သွားသွား ... ဒို့လိုက် ဘယ်သူမှ ဒို့ကို မြင်ရမှာ မဟုတ်ဘူး။ မင်းက ဒို့ကို မြင်



မျက်လုံးနဲ့ကြည့် ... အဲ ... ဒို့အသံတော့ လူမမြင်ရလည်း ကြားနေရမှာပဲ"

"အဲဒီတော့ ... မလွန်ဘူးလား၊ ကျွန်မ လွတ်လပ်စွာနဲ့ နှမ သွားချင်ရာသွားမှာ ... ရှင်လိုက်စရာ မလိုဘူး"

"မင်းက မလိုပေမယ့် ... မင်းယောက်ျားက မင်းအတွက် ဘော်ဒီဂါတ်အဖြစ် ဒို့ကို လွှတ်လိုက်တာလေ"

"သူနဲ့ ကျွန်မ မဆိုင်တော့ဘူး"

"ဘာပြောတယ်၊ ယောက်ျားသေတာမှ နှစ်လမပြည့်သေး ဘာမှ မဆိုင်တော့ဘူးတဲ့လား။

သိန်းထွန်းလင်းရေ ... မင်းနဲ့သူ ဘာမှ မဆိုင်တော့ ဒါ ... မင်းအတွက် ရင်နာလိုက်တာ၊ မင်းက သေသွားတာ အသေမကြောင့်ဘဲ ဒို့ကို စောင့်ရှောက်ဖို့ လွှတ်လိုက်တာ ... ကွာ"

"ရှင် ... ပါးစပ်ပိတ်၊ ကျွန်မပြောတာ အဲဒီအဓိပ္ပာယ် တ်ဘူး"

"အတူတူပါပဲကွာ ... သိန်းထွန်းလင်းရေ ... ဒို့ကိုလည်း ရှိတော့ဘူးတဲ့"

"ကဲ ... ရှုပ်ပါးစပ်ပြိုကြီးနဲ့ အော်မနေနဲ့ ... [illegible]

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး။ ရှင့်ကို ကျွန်မ နှစ်မထုတ်တော့ဘူး။ သင့်တော်သလိုသ
နေရာတကာတော့ ဆရာကြီး ဝင်မလုပ်ပါနဲ့"

"စိတ်ချပါ၊ ငါ့ကို အခုအချိန်ကစပြီး မင်းမြင်ရတေ
မဟုတ်ဘူး၊ မြင်ချင်ရင် ညာဘက်မျက်လုံးနဲ့ကြည့်"

ထိုသို့ပြောပြီးသည်နှင့် မျက်စိအောက်က ဝိညာ
ပျောက်သွားသည်။

သို့ကြောင့် ဘယ်ဘက်မျက်လုံးမှိတ်ပြီး ညာဘက်မျ
နှင့်ကြည့်လိုက်ရာ ဆက်တီပေါ်မှာ အကျအနထိုင်နေသော အ
ချောကို မြင်လိုက်ရသည်။

သူက လက်မထောင်ပြီး ပြုံးပြသည်။

"အဝတ်အစားသွားလဲမလို့ အဲဒီမှာ ထိုင်နေခဲ့"

မှုမှုသိန်း အိပ်ခန်းထဲ ဝင်ခဲ့သည်။ အဝတ်အစား လဲ
သည်။ အခန်းပတ်ပတ်လည်ကို ညာဘက်မျက်လုံးဖြင့် လိုက်
သည်။ ဘယ်သူမှ မတွေ့။

ထို့နောက် အပြင်သို့ ပြန်ထွက်လာသည်။

"နောက်သုံးလေးရက်ဆိုရင် ဆိုင်ပြန်ထိုင်တော့မယ်
ရက်ကြရင် ရှင်က အိမ်စောင့်နေခဲ့ပေါ့"

"ငါ ... တစ်နှစ်တိတိ ကတိပေးထားတယ်။ မင်း



ရှိနေရမယ်။ အိမ်မှာနေလို့ မဖြစ်ဘူး"

"ကျွန်မက ရွှေဆိုင် သွားထိုင်ရမှာလေ၊ ဆိုင်မှာအရောင်း
ဝန်ထမ်းကလေးတွေက ငါးယောက်၊ ကျွန်မအဒေါ်အပျိုကြီးရယ်၊ ကျွန်မ
အမေရယ်၊ ကျွန်မရယ် ရှစ်ယောက်ရှိတယ်။ ရှင်က ဘယ်နား
သွားနေမှာလဲ"

"ငါက ဘယ်နေရာမဆို၊ နေလို့ရပါတယ်၊ ငါ့ကို သူတို့မှ
မမြင်ရဘဲ။ ဘယ်လိုနေနေပေါ့။ သူတို့နားလည်း ကပ်နေလို့
ရတာပဲ ... ခိုးထွက်တွေရှိရင်လည်း ထိုင်လို့ရတာပဲ။

မင်းရဲ့အရောင်းဝန်ထမ်းတွေကို တင်ပါးဆိတ်ဆွဲမှာ စိုးရိမ်
နေလား၊ အဲဒီလောက် အောက်တန်းမကျပါဘူးကွာ"

"ဖြီးရော ... ဖြီးမှ သရဲရှိတယ် ... အကောင်မမြင်
ရဲ ... တိုလာကိုင် ... နိလာကိုင် မကြားချင်ဘူးနော်"

"တဲ ... တဲ ... ငါမေ့နေတဲ့ စည်းလမ်းလေး ပြပေးတာ
ကျေးဇူးတင်ပါတယ် မိန်းကလေးရယ်"

"ကြည့် ... အခုကတည်းက ပါးစပ်အရသာခံတော့မယ်"

"တဲ ... တဲ ... တဲ"

"ကျွန်မဗိုက်ဆာပြီ၊ ထမင်းသွားစားအုံးမယ်၊ ငါ့ကောင်
အတွေ့ချက်ထားလဲ မသိဘူး၊ ရှင်ဘာလုပ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း စားမှာပေါ့ ... ဝိညာဉ်သရဲလည်း ပါးဝင်
ပါတာပဲ"

"အဲဒါ ရှင့်နာမည် မသိသေးဘူး"

"တက်ပုတဲ့"

"ကိုတက်ပုပေါ့ ဟုတ်လား"

"ဟုတ်ပါ့"

"ခဏနေရင်လိုက်ခဲ့ ဓါတ်တင်ကို ထမင်းဟင်းထည့်နိုင်းပြီး
မြန်လွှတ်လိုက်မယ်"

"အခု လိုက်ခဲ့မယ်"

"မလိုက်ခဲ့နဲ့ ... ငါးမိနစ်ကျော်မှ ဝင်ခဲ့"

မှုံမှုံသိန်းက ထမင်းစားခန်းအတွင်း ဝင်သွားသည်။ ငါးမိနစ်
ခန့်ကြာတော့ တက်ပုလိုက်ဝင်သွားသည်။ ထမင်းချက်အဒေါ်ကြီး
မရှိတော့။ မှုံသိန်း တက်ပုကိုမမြင်။ မှုံသိန်းသောမှ ထမင်းပန်းကန်
ကို ဆွဲယူပြီးစားမှ တက်ပု ရောက်လာမှန်းသိသွားသည်။

မကြာခင်မှာပင် တက်ပု ထမင်းစား၍ ပြီးသွားသည်
ရေတစ်ခွက်သောက်ပြီး အပြင်ထွက်ခဲ့သည်။

ခဏကြာတော့ မှုံသိန်းအပြင် ထွက်လာသည်။

××××××××××



မှုံမှုံသိန်း မနက်ရှစ်နာရီခွဲခန့် ရှေ့ဆိုင်သို့ ကားနှင့်ထွက်
သည်။ လမ်းမှာ ကားမောင်းရင်း ဘယ်မျက်လုံးမှိတ်၍ ညာဘက်
ကြည့်လိုက်သည်။

"ဟင် ... လမ်းပေါ်မှာ ဝိညာဉ်သရဲတွေ လျှောက်နေ
ပါလား"

လမ်းပေါ်လူတွေကြားထဲ လျှောက်နေသော ဝိညာဉ်သုံး
ကောင်ကို မြင်ရသည်။

သူတို့လည်း လူတွေနည်းတူ တက်သုတ်ရိုက်ပြီး သွားနေ
သည်။

ဘယ်မျက်လုံးဖွင့်လိုက်သည့်အခါမှာတော့ ဝိညာဉ်
သုံးများကို မမြင်ရတော့။ သွားလာနေကြသော လူများသာ
သည်။

"ကိုတက်ပု ဒီလိုမဲ ... လူတွေကြားထဲမှာ ဝိညာဉ်
သည်း သွားနေတာလား"

"ဒါပေါ့ ... ဈေးဝယ်မယ်အခွင့်နဲ့ သေသွားတဲ့လူဆို
ဲ အမြဲလာနေတာ။

ရုံးတက်လာရင်း သေတဲ့လူက ရုံးဖွင့်တဲ့နေ့ဆို ရုံးကို
နေတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရုံးမှာလုပ်နေရင်း၊ ဈေးရောင်းနေရင်း၊ ကားစီးနေ
ရောသွားကြတယ်ဆို ... မသေခင်လေးမှ ပြုမူခဲ့တဲ့အတိုင်း မ
မကြာ ပြုမူနေတတ်တယ်။ ကျွတ်လွတ်သွားရင်တော့ တစ်မျိုး

မကျွတ်လွတ်သေးတဲ့ ဝိညာဉ်တွေက သေနိမိတ်ပွဲ
ရာကို လိုက်လုပ်နေတော့တာပဲ"

"ဒါဆို ... မောင်က ကျွန်မနဲ့လည်း ချစ်သူတွေ
တယ်၊ မင်္ဂလာဆောင်ကာစ ကျွန်မအနားမှာ ရှိမနေသင့်ဘူး
အခုတော့ မောင်က ကျွန်မအနား ရောက်မလာဘူး"

"ဒါကတော့ သူ့မှာ ကောင်းမှုကုသိုလ်တွေ များ
သေတာနဲ့ အထက်ဘုံတွေက တစ်ခါတည်း ခေါ်သွားတာ ဖြစ်မှ

"အဲဒီ ... ကိုတက်ပုနဲ့ ဘယ်နေရာမှာတွေ့ပြီး ဘ
ပေးခဲ့တာလဲ ... ပြောစမ်းပါအုံး"

"အင်း ... အဲ ... ဟို ... တိုလေ သူသေ
လာခေါ်ကြတဲ့ တမန်တွေကို ခွင့်တောင်းပြီး ဝိုတို လာမှာသွား
ပြီးတာနဲ့ လိုက်သွားတာပဲ"

"အော် ... ဒီလိုကိုး"

"ဟွဲ ... တဲ့ ... ရှေ့မှာ ဝိညာဉ်သားအဝိ လမ်
ကူးနေတယ်"



"ဘျို"

"ကားမရပ်နဲ့လေ၊ နောက်ကကားတွေ ဝင်ဆောင့်မိတော့
မှာပဲ"

"ရပ်ပြောတော့ ဝိညာဉ်သားအဝိ လမ်းဖြတ်ကူးနေတယ်ဆို"

"ဝိညာဉ်ပဲ နှမ်ရဲ့ မသေပါဘူး ... ကားနဲ့တိုက်လည်း
သူတို့က ဘာမှ မဖြစ်ဘူး"

"အော် ... ဒီလိုလား၊ အဲဒါ ရှောက်ပြောမနေနဲ့တော့"

မကြာခင် ရွှေဆိုင်ရှေ့သို့ ကားရောက်လာသည်။

ကားရပ်ပြီး ... ဆိုင်ထဲဝင်ခဲ့သည်။

ကိုတက်ပု ... အသံကို မကြားသဖြင့် ဘယ်မျက်လုံး
မှိတ်ပြီး ညာမျက်လုံးနှင့် ကြည့်လိုက်သည်။

ကိုတက်ပုက ဈေးဝယ်သူတို့ထိုင်ရန် ချထားသော ခုံရှည်
တစ်ခုမှာ ထိုင်နေသည်။ ကိုတက်ပုအတွက် ထမင်းချိုင့်ကို ကားထဲ
မှာ ထားပေးသည်။

ကိုတက်ပုစားသောက်တော့မည်ဆိုလျှင် ကားထဲဝင်စားရန်
မှာထားသည်။ သို့ဖြင့် ရွှေဆိုင်မှာ တစ်နေ့လုံး ထိုင်ရောင်းဖြစ်သည်။

နောက်နေ့လည်း ပုံမှန်ဆိုင်လာထိုင်ဖြစ်သည်။

တစ်ရက်မှာ နေ့နှစ်နာရီခန့် အမျိုးသားတစ်ယောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတစ်ယောက်တို့ ရွေလာသယ်ကြသည်။

တစ်မျိုးပြီးတစ်မျိုး ပြိုင်းသည်။

အရောင်းစနစ်ထမ်း မိန်းကလေးက စိတ်ရှည်လက်ရှည်နှင့် ပြနေသည်။ မှုသိန်းက စားပွဲမှာထိုင်ပြီး အခြေအနေကြည့်နေသည်။

ဆို့နောက် ဆွဲကြိုးသေးသေးတစ်ကုံး ဝယ်ဖြစ်သည်။

ပိုက်ဆံရှင်းပြီး ပြန်ထွက်မည်အပြု ဈေးဝယ်ယောက်ျားအား

"ဖြောင်း"

ပြင်းသောရိုက်ချက် ဇက်ပိုးပေါ် ကျလာသည်။

အမျိုးသားပါးစပ်ထဲမှ လက်ဖွပ်တစ်ကွင်း ထွက်ကျလာသည်။

ထိုလူလည်း ဇက်ပိုးကို မည်သူက ရိုက်လိုက်မှန်းမသိနိုးထားသော ပစ္စည်းက လူပုံအလယ်မှာ အထင်းသား။

သူခိုးလူမိသွား၍ အဖမ်းမခံဘဲ ထွက်ပြေးရန် ကြိုးစားစဉ် ဆိုင်ပေါက်ဝမှ မည်သူက ခြေထိုးခံလိုက်သည်မသိ။ တစ်ကိုယ်လုံး ပစ်ကျသွားပြီး ပြန်မထနိုင်တော့။

ထိုသူလင်မယားအား ရဲလက်သို့အပ်လိုက်တော့သည်။

ညနေ အိမ်ပြန်လာတော့ မှုသိန်းက တက်ပုအား ဈေးရှုပ်တင်ကြောင်း ပြောသည်။



"ဒါကတော့ အသေးအမွှားပါ၊ ဘော်ဒီဂါတ်မှာ တာဝန်တယ်လေ"

ဤလိုမှတ်နေသွားရာ တစ်ရက် စားသောက်ဆိုင်တစ်ဆိုင်သို့ မှုသိန်းနှင့် လုပ်ဖော်ကိုင်ဖက် ရွှေဆိုင်ပိုင်ရှင် လင်မယားနှစ်ယောက်တို့ သွားကြသည်။

တက်ပုလည်း ပါလာသည်၊ ကားပေါ်က မဆင်းခင်

"ကိုတက်ပု ကားထဲက စောင့်နေလေ ... အပြန်ကျသယ်ဆွဲခဲ့မယ်"

"ပါသယ်ကတော့ ဆွဲခဲ့ ... လူကတော့ အခြေအနေအရပဲ ဝင်ကြည့်ကမယ်"

ဆိုင်ထဲရောက်တော့ အစားအသောက်များ မှာလိုက်ကြသည်။

အစားအသောက်များ ရောက်လာတော့ စားကြသောက်ကြရင်း ဈေးအကြောင်း၊ ရွှေအကြောင်း၊ လုပ်ငန်းအကြောင်း ပြောကြသည်။

ထိုသို့ စီးပွားရေးအကြောင်း ပြောဆိုနေကြစဉ် ယောက်ျားဆိုင်သူက မှုသိန်းအား သူ့ညီနှင့် လက်ထပ်ရန် စကားစလာသည်။ သူ့ညီက နိုင်ငံခြားမြို့ ရုံးတစ်ရုံးမှာ အရာရှိတစ်ယောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မှုရှာသီနီးက စကားမည်သို့လွဲလွဲ၊ ထိုစကားကိုပဲ ဆက်ခါ

ဆက်ခါ ပြောနေသည်။

တက်ပုနားကြားပြင်း ကပ်လာသဖြင့် ထိုလူအနား ရပ်နေ

ရာက တင်းချိုစပ်သောက်ရန် လက်အလှမ်း၊ မန်းကန်ကို သူ့လက်ကို

တိုက်မိအောင် လုပ်လိုက်သည်။

"အား"

"ပူတယ် ... ပူတယ်"

"အား ... အား"

ဟင်းချိုက အငွေ့တစ်ထောင်းထောင်းထအောင် မပူသော်

လည်း၊ အပူကတော့ ကောင်းစွာသိရှိသေးသည်။

"ရှင်ကလည်း ... တင်းချိုပန်းကန်မှောက်အောင် ခပ်ရ

တယ်လို့"

ထိုလူလည်း ရုပ်မျက်ခွင်းပျက်ဖြစ်ကာ ဆိုင်အတွင်းမှ

ထွက်သွားကြတော့သည်။

မှုရှာသိန်းကတော့ မထသေးဘဲ ဆက်စားနေလိုက်သည်။

တက်ပုကလည်း ထသွားသော လင်မယား မစားဖြစ်ခဲ့သော စားစရာ

များကို ဝင်စားနေလိုက်တော့သည်။

××××××××××



အချိန်က ညဆယ့်တစ်နာရီထိုးပြီ၊ သံတံခါးဝမှ လူလေး

ယောက် အပေါ်ခိုပြီး အိမ်ထဲဝင်နေကြသည်။

ခြစောင့်အဘိုးကြီးလင်မယား မအိပ်သေးသည်ကို တွေ့

သဖြင့် ဝင်ပြီး လင်မယားနှစ်ယောက်လုံး ပါးစပ်များ အဝတ်နှင့်

စည်းပြီး ကြိုးနှင့်ချည်ထားခဲ့သည်။

ထို့နောက် အိမ်ကြီးထဲဝင်ရန် ကြိုးစားတော့သည်။

အိမ်အပေါ်ဝရံတာလက်ရန်းကို ချိတ်နှင့်ကြိုးပစ်တင်ပြီး

တွယ်တက်ကြသည်။

တက်ပုက အိမ်ထဲသို့ အသာတကြည်ဝင်နိုင်ရန် တံခါး

ဖွင့်ပေးထားလိုက်သည်။

လူဆိုးတစ်ယောက်ပြီးတစ်ယောက် အပေါ်ရောက်လာကြ

သည်။ အပေါ်သို့ သုံးယောက် ရောက်လာသည်။

နောက်ဆုံးတစ်ယောက် ကြိုးကိုတွယ်တက်နေစဉ် အပေါ်မှ

တွန်းချပစ်လိုက်သည်။

ထိုလူအကျမကောင်း၍ အောက်သို့ပစ်ကျကာ တစ်ခါ

တည်း မေ့သွားတော့သည်။

အပေါ်ရောက်နေသူ သုံးယောက်က အတွင်းနန်းဝင်သော

တံခါးပွင့်နေသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကောင်းလိုက်တာ ပင်မင်ပန်းခန်း တံခါးဖွင့်စရာ
မလိုဘူးဘူး။ ဟဲ ... ဘုရားခန်းထဲ အရင်သွားမယ်။ ဒီအိမ်
မီးခံသေတ္တာနှစ်လုံးရှိတယ်။ ဘုရားခန်းမှာတစ်လုံး အိပ်ခန်းထဲမှ
တစ်လုံးရှိတယ်။

ဒီအိမ်မှာ အမျိုးသမီးတစ်ယောက်တည်း ရှိတယ်။ ဒီနေ့
တော့ ... ပစ္စည်းလည်းရ လူလည်းရပဲ။

အရင်ဆုံးဘုရားခန်းက မီးခံသေတ္တာကို ဖွင့်ကြမယ်"

သူတို့သုံးယောက် ဘုရားခန်းသို့ သွားကြသည်။

"မှတ်ဆိတ်လှကြိုင် ပါမလာဘူး။ ဒီကောင် တက်မရဘူးပဲ
ရှုတယ်။ ဘုရားစင်အောက်က ပန်းချီကားအောက်မှာ မီး
သေတ္တာရှိတယ်။ အေးဆေး မင်းကျွမ်းတယ်မဟုတ်လား၊ အမြန်ဖွ
ဖွင့်"

မီးခံသေတ္တာကို ပန်းချီကားအောက်မှာ တွေ့သဖြင့်
အေးဆေးက ဖွင့်နေသည်။

ထိုစဉ်မြလေးယောက်ထဲမှ တစ်ယောက်က အိမ်ကို အလှ
ဆင်ပေးသောအဖွဲ့နှင့် လိုက်ခဲ့ဖူးသည်။ မည်သည့်နေရာမှာ ဘာရှိ
သည်ကို သိထားသူဖြစ်သည်။

နှစ်ယောက်က ကြိုးစားဖွင့်နေစဉ် တစ်ယောက်က



မှတ်ဆိတ်လှကြိုင် အခေါ်ပါမလာ၍ သွားကြည့်စဉ် ...

"ဝုန်း"

အပေါ်မှ အောက်သို့ ငုံ့ကြည့်လိုက်စဉ် နောက်မှ အားကုန်
တွန်းချခြင်း ခံလိုက်ရပြီး အောက်ထပ်သို့ လိမ့်ကျသွားသည်။

"အား"

"ဘုန်း"

"မီးခံဖွင့်နေသူနှစ်ယောက်မှ တစ်ယောက်က ဘာကျသွားလဲ
မသိဘူး သွားကြည့်စမ်း"

"ဘယ်ကိုကျသွားလဲ အိမ်ရှင်တွေ နိုးကုန်မယ်၊ မီးခံသေတ္တာ
ကိုပဲ ရအောင်ဖွင့်မယ်"

သူတို့ ကြိုးစားပြီး မီးခံသေတ္တာကို ဖွင့်နေကြသည်။

တက်ပုက အနားမှာ ရပ်ကြည့်နေသည်။ အိမ်ပေါ်မှာ
ဘာဖြစ်ဖြစ် မှုသိမ်း မီးမလာစေရန် တက်ပုက စောင့်ကြပ်သည်။

မီးခံသေတ္တာဖွင့်သွားမှ လူဆိုးများကို လက်ပူးလက်ကြပ်
မိအောင်ဖမ်းရန် ရည်ရွယ်ထားသည်။

ခဏကြာတော့ မီးခံသေတ္တာ ပွင့်သွားသည်။

သူတို့ မီးခံသေတ္တာထဲမှာ ရတနာပစ္စည်း ဘာမှမတွေ့။
ဗိုက်ခေါက်ဆယ်သိန်းသာ တွေ့သည်။ အလှူအတန်းအတွက် ထည့်ထား

www.burmeseclassic.com

www.burmeseclassic.com



သော ပိုက်ဆံများသာ ဖြစ်သည်။

မီးခံသေတ္တာ ပွင့်သွားပြီဆိုတော့ တက်ပုဏ်တာဝန်

သွားသည်။ မီးခံသေတ္တာအနီးမှာရပ်ပြီး ပိုက်ဆံသိမ်းသည်။နေ

လူဆိုးကို နောက်က ဆောင့်တွန်းလိုက်သည်။

"ရှုပ်"

"အား"

တိုက်နံရံနှင့် ခေါင်းဆောင့်မိသွားပြီး မျောမွေကျကာ သ

မေ့သွားတော့သည်။

အရာမြစ်သူအား မည်သူက လုပ်လိုက်မှန်း မသိ။ နံ

စင်ဆောင့်ပြီး၊ မေ့လဲကျသွားသည်ကို တွေ့လိုက်သော ဓါးမြလ

ပတ်ဝန်းကျင်အနှံ့ ကြောက်လန့်စွာ ကြည့်လိုက်သည်။

မည်သူ့ကိုမှ မတွေ့ရ။

ထိုသူကို တက်ပုက နောက်မှ ဆောင့်တန်လိုက်ပြန်သ

"အား"

"ဖိုကို ဘယ်ကောင် ကန်တာလဲ"

တက်ပုက ထိုလူအား နာကျင်အောင် မလုပ်ဘဲ မိ

ချောက်ချားအောင်သာ မသိစာထိ လုပ်နေသည်။

ထိုအချိန် မှူးသိန်းက တံခါးဖွင့်ပြီး အမြန်ထွက်လာသ



မြင်က အခြေအနေကိုမြင်၍ အခြေအနေကို သိလိုက်သည်။

မှုတ်လုံးတစ်ခုတိုက်ပြီး ကြည့်လိုက်သည်။ လူဆိုးအနားမှာ

တက်ပုကို မြင်သဖြင့် ကြောက်လန့်ခြင်း မရှိတော့။

ဓါးကိုင်လူဆိုးက မှူးသိန်းကိုမြင်သဖြင့် ဖမ်းချုပ် အကျပ်

ကိုင်ရန်အကြံနှင့် လူနားအသွား ...

တက်ပုက ထေးကာဝင်တိုက်လိုက်သည်။

ဗျော့ကားထိပ်မှာ ဖင်လဲကျသွားပြီး လက်က ဓါးလွှတ်

သွားသည်။

"ဘယ်သူလဲ ... ဘယ်သူလုပ်နေတာလဲ"

"ဘယ်သူပဲဖြစ်ဖြစ် ... ရှင်တို့ ပြေးလို့မလွတ်တော့ဘူး"

မှူးသိန်းက အခန်းထဲပြန်ပြေးဝင်ပြီး အခန်းတံခါးပိတ်

လိုက်သည်။

အခန်းထဲမှနေ၍ ရဲစခန်းသို့ ဖုန်းဆက်တိုင်လိုက်သည်။

လူဆိုးလည်း လဲနေရာမှ ပြန်ထရန် ကြိုးစားသည်။

တက်ပုက လူဆိုး၏ခြေထောက်ကို ဗျော့ကားထိပ်အထိ

ဆွဲသွားသည်။ လူတိုမမြင်သဖြင့် ...

"အမယ်လေး ... သရဲ ... လွှတ် ... လွှ

ကြောက်ကြောက်လန့်လန့်နှင့် အော်သည်။

www.burmeseclassic.com

www.burmeseclassic.com



အာမှန်းဆဲသီးသောအရာက လေ့ကားထိပ်အရောက်၊ တံ
ဘားပေါ်ဆောက်ကို လွှတ်လိုက်သည်။

ထိုလူမှာ လှေကားထိပ်မှ ထရပ်ရန်လည်း မရဲ အကာ
ထရပ်လိုက်မိက အောက်ကို ထွန်းချမှာ စိုးရိမ်ရသည်။

ခဏကြာတော့ အိမ်အဝင်ဝအောက်သို့ ရဲသားများ ရော
လာကြသည်။

မှူးသိန်းလည်း အပေါ်ထပ်မှဆင်းပြီး တံခါးဖွင့်ပေးလို
သည်။ အပေါ်ထပ်သို့ ရဲသုံးယောက် တက်လာသည်။

လူဆိုးတစ်ယောက်က မီးရုံသေတ္တာအနီးမှာ မေ့လဲ
တစ်ယောက်က လှေကားထိပ်မှာ ထိုင်နေသည်။

အိမ်ပြင်မှာ နှစ်ယောက်ခြေကျိုးလက်ကျိုးနှင့် သတ
မရကြသေး။

ခြံစောင့်လင်မယားကိုလည်း ကြိုးချည်ထားသည်ကို ဖေ
ဖြည်ပေးလိုက်ကြသည်။

သူခိုးလေးယောက်ကို ရဲကားပေါ်တင်ပြီး ဖမ်းခေ
ကြသည်။

မှူးသိန်းလည်း ထိုကိစ္စနှင့် ရဲစခန်းသို့ နှစ်ခေါက်
လိုက်ရသည်။



တစ်နေ့ညဘက် အပေါ်ထပ်ဝရံတာမှာ ရပ်နေစဉ် မှုန်မှုန်
သည်နှင့် အမြင်သို့ ဘယ်ဘက်မျက်လုံးပိတ်ပြီး ညာဘက်မျက်လုံး
နှင့် ကြည့်နေသည်။

ဝိညာဉ်တွေ သွားလာနေသည်ကို တွေ့နေရသည်။ အိမ်
အနီးမှာ သစ်ပင်ကြီးကြီးမားမား မရှိ၊ သုံးခြံကျော်အိမ်ရှေ့မှာ
တောက်ပင်ကြီးရှိသည်။

ထိုအပင်ကြီးကို လှမ်းကြည့်မိသည်။ မှောင်နေ၍ ဝိညာဉ်
သဏ္ဌာန်ကို မမြင်ရသော်လည်း ဆေးလိပ်ကို ရဲခနဲ ရဲခနဲဖြစ်အောင်
ရှိုက်နေသည်ကို တွေ့ရသည်။

"အင်း ... မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်တွေ လူတွေ
အနီးမှာ အမြဲရှိနေတာပါပဲလား။

သူတို့လည်း သူတို့ကိစ္စနဲ့ သွားလာနေကြတာပဲ၊ လူတွေ
ကို ဘယ်သူမှ ရန်မပြုကြလို့ တော်သေးတယ်"

သူ့မျက်လုံးကို ပြန်ဖွင့်လိုက်သည်နှင့် ဘာမှ မမြင်ရတော့။
မိထဲပြန်ဝင်ပြီး တံခါးပိတ်လိုက်သည်။

ကိုတက်ပုအသံ မကြား၍ အိမ်အောက်သို့ ဆင်းခဲ့သည်။
အောက်မှာ နှစ်ယောက်သားထမင်းစားပြီး မှူးသိန်းက အပေါ်
တက်ခဲ့သည်။

www.burmeseclassic.com



ကိုတာက်ပုက ခံတက်တီပေါ် ထိုင်နေခဲ့သည်။

အိမ်အောက်ထပ်ရောက်တော့ ပစ္စည်းတွေ၊ လူမျ

တို့ရှိသည့်ရှေ့ ဖြစ်နေသဖြင့် ကိုတာက်ပု ဘာတွေများ လုပ်

သိချင်၍ မျက်လုံးမှိတ်ကြည့်လိုက်သည်။

"တင်"

"သ ... သရဲမကြီး ... အိမ်ထဲရောက်နေတယ်

ကိုတာက်ပု ... ကိုတာက်ပု

သူ့နေရာအနီး ရှုကြည့်တော့ ဆက်တီနောက်က ကြ

မှာ ကိုတာက်ပု ပျောက်နေသည်။

"တင် ... သရဲမကြီးက ကိုတာက်ပုကို နှိပ်

အိမ်ထဲ ဝင်လာတာပဲ"

"ဘယ်လို လုပ်ရမလဲ"

ဝိညာဉ်သရဲမကြီးက စားစရာများ ယူစားနေသည်။

စားခန်းထဲ ဝင်သွားမြန်သည်။ ရေခဲသေတ္တာဖွင့်ပြီး အသ

ယူစားချင်း မျက်နှာကြီးက ရှုံ့မဲ့နေသည်။

ခဏကြာတော့ တာက်ပုသတိရလာသည်။

ရဲမကိုတော့ ရဲတိုင်လို့မဖြစ်၊ ကိုတာက်ပု မည်

လုပ်ရမည်ကို ကြည့်နေရုံသာရှိသည်။

[redacted]



တာက်ပု မီးဖိုထဲ ဝင်သွားသည်။

ဂုန်း ... ဘုန်း

ဒိုင်း ... ဂွမ်း

မီးဖိုထဲမှာ သရဲမနှင့် သရဲတာက်ပုတို့ တိုက်ပွဲခဲ့နေတာ

ပ်မည်။

ခဏကြာတော့ တာက်ပု အပြင်ထွက်လာသည်။

"ဘာဖြစ်သွားပြီလဲ"

"ပြေးပြီ"

"အလယ်မှာ ခံလိုက်ရတယ်"

"သရဲကလည်း ... သရဲလုပ်တာ ခံရတာမဲလေး"

"ဒါကတော့ သရဲအချင်းချင်းတွေမဲ ... ဦးတွဲကောင်

နိုင်သူကြီးပေါ့ ... တောတောက ခုံမှာ ထိုင်နေတုန်း နောက်က

င်လာပြီး တွယ်သွားတာ။ ကောင်မကြီး တော်တော်လက်သံ

ပြောင်တယ်။

ရေခဲသေတ္တာထဲက အသားမှုန့်စပ်မှု သုံးဖူးတော့ ဒီ

ကောင်မကြီး ဖွင့်စားလို့ ပြောင်သွားပြီ"

"စားပါစေ၊ ကုန်သွားတော့လည်း ဖြန့်ဝယ်တည့်တာပဲ"

သို့ဖြင့် အချိန်ကာလ ... ပြောက်လကျော်၍ နှစ်လထဲ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ပြီ။

တစ်ရက် မှုမှုသိန်း ရေချိုးမှာ၍ အအေးပတ်ပြီး ဖျားရာ

အိမ်မှီးချင်းဆရာဝန်တစ်ယောက်အား အိမ်ခေါ်၍ ဆေးကုရာမှ မှ

သိန်းနှင့် ရင်းနှီးသွားခဲ့သည်။

ဖြစ်သွားဖြစ်လော အိမ်ရှေ့ခြံဝမှာ ဆရာဝန်၏ဆိုင်းဘုတ်

ချိတ်ထား၍ အိမ်နီးနားချင်းဆရာဝန်ရှိမှန်း သိခဲ့သည်။ ဆရာဝန်က

လူပျို အသက်(၃၃)နှစ်ဟု သိရပြီး မှုမှုသိန်းနှင့် ငါးနှစ်မျှကြီးသည်

မှုမှုသိန်းအဖျားမကျမချင်း သုံးခေါက်မျှ မခေါ်မပင့်ရဘ

ဂရုတစိုက် လာကြည့်ပေးသည်။ ဆေးကုခပေးသော်လည်း မယူ

ဆရာဝန်၏အပြုအမူ အပြောအဆိုတို့က မှုမှုသိန်းကို စိတ်ဝင်စ

နေမှန်း သိသာသည်။

တက်ပုကလည်း သိသည်။

တက်ပုကလည်း ဆရာဝန်၏ အခြေအနေကို ကြည့်

သည်။ ဆရာဝန်၏နောက်ကြောင်းကို စုံစမ်းသည်။ ရည်းစားမ

ဟုလည်း သိလိုက်သည်။

အနှောင့်အယှက်ပေးရန် မလိုသဖြင့် တက်ပုကလည်

မသိသလို နေခဲ့သည်။

တစ်ရက် ညနေပိုင်း ရှေ့ဆိုင်သိမ်းပြီး ပြန်လာသော မှုမှုသိ



ကြက်ဆီထမင်းစားချင်သည်ဆိုပြီး ကြက်ဆီထမင်းကောင်းသော

ကို သွားကြသည်။

ဆိုင်ထဲဝင်ပြီး စားစရာ မှာစားသည်။

တက်ပုက အေးမှာ ထိုင်နေသည်။

"ကြက်ဆီထမင်းအနံ့လေးက သင်းနေတာပဲ၊ စားချင်

က်တာ တစ်ပန်းကန်လောက် မှာပေးပါလား"

"ကိုတက်ပုကလည်း မဟုတ်တာတွေ လုပ်အုံးမယ်၊

ပိုင်းလိုပဲ ကားထဲရောက်မှ စားမျှော်"

"အခုမှ နှစ်ပန်းကန်မှာပြီး စားတယ်ဆိုရင် အစား

ကြီးတယ်လို့ ထင်ကြအုံးမယ်။

ဒါမှမဟုတ် ကိုတက်ပုကို မတွေ့ဘဲ စားစရာတွေ စားလို့

ကုန်သွားတာတွေ့ရင် မျက်လုံးပြူးပြီး လန့်ကုန်မှာပေါ့"

"စိတ်လျှော့လိုက်ပါပြီ၊ အနံ့လေး မွှေးနေလို့ စားချင်

တာပါ၊ ဒါပေမဲ့ ... အအေးတစ်ပုလင်းတော့ မှာပေး၊ မသိမသာ

သောက်မယ်"

"အင်း ... ပြောရဆိုရ တော်တော်ကြပ်တာပဲ"

မှုသိန်းက အအေးတစ်ပုလင်းကို ဒီဒီသောက်မည့်အ

နှင့် မှာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မှုံ့သိန်း စားသောက်ဆိုင်အတွင်း မျက်စိတစ်ဖက် မှိတ်ပြီး ငုံ့စမ်းသည့်အနေနှင့် ကြည့်မိသည်။

"တင် ... ဗိုလ်ညာဉ်သုံးကောင် ထိုင်သဲမှာ ထိုင်နေပါလား။ ဟိုတစ်ယောက်က သူ့များဗိုက်မှာ ဝင်စားနေပါလား"

မှုံ့သိန်းလည်း စားသောက်ပြီး၍ ပါဆယ်တစ်ထုပ်မှာကာ ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။

ကားပေါ်မှာ တက်မုက ပါဆယ်ထုပ်ကို ဖြည်ပြီး စား သည်။ အတော်လေးမောင်းခဲ့မိတော့ ... မတ်စန်းကျော်မှာ မီးပျက် နေသည်ကို သတိထားမိသည်။

အမှောင်ထုထဲ သိသာစွာ မမှောင်သေး၊ ခပ်လွှမ်းလွှမ် ထိတော့ သဲကွဲစွာ မြင်နေရသေးသည်။ ထိုစဉ်မှာပဲ သူ့ကာ ဆီပိတ်ပြီး ရပ်သွားသည်။

"ဟာ ... ဘယ်လိုဖြစ်တာလဲ"

"စက်ပျက်သွားပြီ ... ကိုတက်မုကားဖြင့်တတ်လား"

"ဗိုလ်ညာဉ်သရဲက ကားကို ဘယ်လိုပြုပြင်နိုင်မှာလဲ"

"မျက်တဲ့နေရာ ကောင်းမလို့ မနှိမ့်ဖက်လိုက်ပေ့"

"ဒါဆိုလောက်ဆထိတော့လည်း မရွှင်းသေးပါဘူး။ တ သောက်ပြီးရင် ဆင်းကြည့်ပေးပါ့မယ်"



ထိုစဉ် တက်မုတာ ရုတ်တရက် ..

"မှုံ့ ဘယ်မျက်လုံးကိုမှိတ်ပြီး ရှေ့ကို ကြည့်လိုက်စမ်း" ကိုတက်မု ခိုင်းသည့်အတိုင်း လုပ်ကြည့်လိုက်သည်။

သူ့ရှေ့မှာ ဗိုလ်ညာဉ်သရဲနှစ်ကောင်နှင့် အရပ်ဆယ်ပေခန့် ရှိပြီး ဆံပင်ဖားလျားချ၍ ထိုင်မသိမ်းအင်္ကျီ ထမီအနက် ဝတ် ထားသည့် သရဲမကြီးကို မြင်လိုက်သည်။

ထိုသရဲမကြီးက သရဲတစ်ကောင်၏နောက်ကျောကို ခြောင်း ၍ ပြည့်အောင် ရိုက်ဆည့်လိုက်သည်ကို တွေ့ရသည်။

အရိုက်ခံလိုက်ရသောသရဲ ပျောက်သွားသည်။

နောက်တစ်ကောင်က ထွက်ပြေးမည်ပြုသည်။

သရဲမကြီးက လှမ်းဖမ်း၍ ရှေ့သို့ ပြေးဆင်းသွားပြီး လက်ဝါး ကြီးနှင့် ခေါင်းတွင်ရိုက်ထုတ်လိုက်သည်။

အရိုက်ခံလိုက်ရသောသရဲ နောက်ပြန်လဲကျသွားသည်။

ထိုအခါ သရဲမကြီးက သရဲနှစ်ကောင်၏ လည်ကုပ်မှ ကိုင်ကာ သူတို့ရှေ့ရှိ အမှောင်ထဲ ဝင်ရောက်သွားသည်ကို သေချာ ရှင်းရှင်းသာသာလင်း မြင်လိုက်သည်။

"အဲ ... ဘာဖြစ်တာလဲ၊ အဲ့သရဲမကြီးက ဘာသူလဲ၊ ရပ်က အမြင့်ကြီး၊ ဆံပင်ကို ဖားလျားချထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သရဲတစ္ဆေတို့ရဲ့အချုပ် သရိုင်းတို့ရဲ့အရှင် မဖဲဝါဆိုတာပဲ
သွားလာနေကြတဲ့ သရဲတွေ၊ သစ်ပင်တွေမှာနေတဲ့ သရဲတွေ အများ
ကြီးရှိပေမဲ့ အဲဒီသရဲတွေထဲကမှ ဆိုးလွန်းလှတဲ့ သရဲတွေ
လူသားတွေကို နည်းအမျိုးမျိုး ဒုက္ခပေး ခြောက်လှန့်တတ်
သရဲတွေကို နှိမ်နင်းဆုံးမတတ်တဲ့ မဖဲဝါပဲ။

စောစောက မဖဲဝါနှိမ်နင်းခေါ်သွားတဲ့ သရဲမှစ်ကောင်
ဘယ်လောက်ဆိုး ဘယ်လောက်သောင်းကျန်းလည်း မသိဘူး
မဖဲဝါကို အသိပေးတိုင်ကြားလို့ သူကိုယ်တိုင် လိုက်လာပြီး ဆုံး
ခေါ်ဆောင်သွားတာပဲ"

"ဒါဆို မဖဲဝါက သရဲထိန်းပေါ့"

"ဒါပေါ့ ... အဲဒီလို ဆိုးမိုက်မင်း ထိန်းချုပ်နိုင်တဲ့ မဖဲ
ရှိနေလို့လည်း သရဲတွေ လူ့လောကထဲမှာ လုပ်ချင်တိုင်း မလု
ပ်တာပေါ့"

"ဒါဆို ... ကိုတက်ပုကို ဘယ်တော့ လာခေါ်မှာလဲ"

"တဲ ... တဲ ... ခေါ်မှုရဲ့အနားမှာ ကောင်းကော
နှိမ့်မှိန်နေသရွေ့ မဖဲဝါ လာမှာမဟုတ်ဘူး"

ထို့နောက် ကားကို ကိုတက်ပု ဆင်းကြည့်သည်။

"တဲ ... နီးကြည့်၊ ဘာမှ မဖြစ်ဘူး။ မလဲပ်ဘော်



ချင်ပြီး တစ်ချောင်းလွတ်နေလို့ စက်ရပ်သွားတာ"

"ကိုတက်ပုက ကားနဲ့ နီးစပ်သလိုပဲ ... လူ့ဘဝ
နှုံးက ကားပြင်တဲ့ ဝပ်ရှော့မှာ လုပ်ခဲ့တယ်နဲ့ တူတယ်"

"အဲဒီလောက် မရှိပါနဲ့ဗျာ၊ ကိုယ်ပိုင်ကားမောင်းခဲ့ဖူးလို့
မှာပါ"

မကြာခင် အိမ်သို့ပြန်ရောက်လာခဲ့သည်။ အိမ်ရောက်
ည်မှ မကြာ၊ ဆရာဝန်က ဖုန်းလှမ်းဆက်သည်။

အိမ်ရှေ့က ကားပြတ်သွားသည်ကို တွေ့လိုက်လို့ ဆက်
ည်ဟု ပြောသည်။

"အော် ... ဒီဆရာ ဘယ်အချိန်ထဲက ရောင်းနေလဲ
သိဘူး"

"ခင်ဗျားကရော ... ဆရာဝန်က လက်ထပ်ခွင့်တောင်းရင်
င်းညီတော်မှာလား"

"စဉ်းတော့ စဉ်းစားရမှာပဲ ... ကျွန်မတစ်ယောက်တည်း
ရတာ မလုံခြုံဘူး ... ကိုတက်ပုကလည်း တစ်နှစ်တည်း
မှာဆိုတော့ ရှေ့လာမယ့်နှစ်တွေမှာ"

"ခင်ဗျားက အိမ်ထောင်ပြုချင် ပြုချင်တယ်လို့၊ တိုး
လိုက်ပေါ့ ... တကာတည်း တော်ဒီဂါတ် ပြန်မ ကိစ္စ ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ထည့်နေရသေးတယ်”

“အခု ကိုတက်ပုအမြင်ပဲ မတှတ်လား။ မောင်သေတာ ဘယ်လောက်မှ မကြာသေးဘူး၊ ကျွန်မတစ်ယောက်တည်းမှ သိလို့ လူအမျိုးမျိုး ပုံစံအမျိုးမျိုးနဲ့ ချဉ်းကပ်လာကြတယ်။

အိမ်ကိုလည်း သူခိုး၊ ဓါးပြတွေ ကပ်တယ်၊ သွားသွာ လာလာ မလုံခြုံဘူးလေ”

“ဟုတ်ပါတယ်၊ ကျုပ်က စတာပါ။ ဒီအချိန်မှာ အားကို ရှာသင့်ပါတယ်။ ခင်ဗျားကို အနီးကပ် စောင့်ရှောက်ပေးမယ့်လူ ရှိသင့်တာ မှန်တယ်။

ဆရာဝန်က မဆိုးပါဘူး။ မူမူနဲ့ အတော်လေး လိုက်ဖက် ပါတယ်။ သူ့ဘက်က ချစ်ရေးဆိုလာရင် အမှမဟုတ် လက်ထပ်ခွင့် တောင်းလာရင် ... အလွတ်မခံနဲ့တော့ ... ဈေးမကိုင်နဲ့လို့ ပြောတာ”

“အမှန်က ... လက်ထပ်ခွင့်တောင်းတာထက် ချစ်သူ အဖြစ်ရောက်ပြီးမှ လက်ထပ်ကြရင် ဘယ်လောက်ကောင်းမယ် ပျော်စရာလည်း ကောင်းမယ်”

“အင်းပေါ့လေ ... ခင်ဗျားအရွယ်က စိတ်ကူးယဉ်ရမယ့် အရွယ် မဟုတ်တော့ဘူး။ ဈေးများနေလို့ မဖြစ်တော့ဘူး။ အ



ကြီးစာရင်းဝင်နေပြီ ... တိုဆရာဝန်က သုံးဆယ်ကျော် ... ခင်ဗျားက နှစ်ဆယ့်ရှစ်နှစ် ရည်းစားစကား အပြောစောင့်နေရင် ဘိုးဘွားရိပ်သာမှာ မင်္ဂလာပွဲ ကျင်းပကြရလိမ့်မယ်”

“အမယ် ... လူကိုများ အထင်သေးစကားပြောလို့”

“ကြည့်မယ်ဗျာ ... ကြည့်မယ်”

“ကြည့် ... ကြည့် ... ရှင်လည်း ဒီအိမ်က နောက် နှစ်လ သုံးလလောက်ဆို သွားရတော့မှာ”

×××××××××

တက်ပုတစ်ယောက် မူမူသိန်းတို့အိမ် ရောက်ခဲ့သည်မှာ ဆယ့်တစ်လထဲ ရောက်ခဲ့ပြီ။

တစ်ရက် မူမူသိန်းတို့ ခြံထဲသို့ ဆရာဝန်ကိုညွန့်ယု ဝင်လာသည်။ ဆရာဝန် ဝင်လာသည်ကို လှမ်းမြင်လိုက်သဖြင့် မူမူသိန်း မျက်လုံးတစ်ဖက် မှိတ်ကြည့်ရာ ရှေ့မှာ တက်ပုကို တွေ့လိုက်သဖြင့် သူ့လက်ချက်မှန်း သိလိုက်သည်။

ကိုတက်ပု ဘယ်လိုသွားခေါ်ခဲ့သည်မသိ၊ ဆေးသေတ္တာပါ ပါလာသည်။

“အော် ကိုညွန့်ယုပါလား။ ဆေးသေတ္တာကြီးနဲ့ ဘယ်က

www.burmeseclassic.com

www.burmeseclassic.com



လှည့်လာတာလဲ"

"ဒီကိုပဲ လာခဲ့တာ၊ မူမူ နေမကောင်းလို့ဆို"

"ဘယ်သူပြောလဲ ... မြင်တဲ့အတိုင်းပဲလေ"

"မသိပါဘူး၊ ကျွန်တော့်အသက်အရွယ်လောက်ပဲ ရှိမယ်

အရပ်ကတော့ ကျွန်တော့်ထက် နည်းနည်းပုတယ်။ သူ့နာမည်က

ကိုတက်ပုတဲ့ ... ဒီအိမ်က မမူမူသိန်း နေမကောင်းလို့ လာကြ

ပေးပါဆိုပြီး မှာသွားတယ်။

ဒါကြောင့် စိတ်ပူပြီး ချက်ချင်းလာခဲ့တာ"

"ဘယ်သူက နောက်သွားတာလဲ မသိဘူး၊ ကျွန်မအသ

ထဲမှာ ကိုတက်ပုဆိုတဲ့လူ မရှိပါဘူး"

ထိုအချိန် လက်မောင်းကို လိမ်ဆွဲလိုက်သည်ကို မူမူသိ

ခံစားသိလိုက်သည်။

"ဒီလောက် စိတ်ပူဖို့ မလိုပါဘူး ... ရှင်"

"လိုတာပေါ့ ... သူများတွေဖြစ်ရင် ဒီလောက် စိတ်မပူ

မူမူနေမကောင်းဘူးကြားတာနဲ့ နေမထိ ထိုင်မရလို့ ချက်ချ

ဆေးအိတ်ဆွဲပြီး ပြေးလာခဲ့တာ"

"စိုးရိမ်လို့လား"

"ကိုယ်တစ်ဖက်သတ် ချစ်နေတဲ့ မိန်းကလေးတစ်ယော



နေမကောင်းဘူးဆိုတော့ စိုးရိမ်တာပေါ့"

"နေ ... နေပါအုံး၊ တစ်ဖက်သတ်ချစ်တဲ့သူ ဟုတ်လား"

"ဟုတ်တယ် ... မူမူကို စတွေ့တဲ့နေ့ကတည်းက

ချွဲလမ်းလမ်း ချစ်သွားမိတာ။

မူမူတို့အိမ်ထောင်ရေးအဖြစ်ဆိုးကြီးကို ကြားလိုက်ပြီး

ကတည်းက သနားနေမိတာ ... အခွင့်အရေးမရလို့ နေနေရတာ"

"ကျွန်မက မုဆိုးမတစ်ယောက်နော်"

"တာ ... ကံမကောင်းလို့ မုဆိုးမဖြစ်တာ ကိုယ်သိ

ပါတယ် ... ဒါ ... ဘာမှ မဖြစ်ပါဘူး။ အချစ်က ဒါတွေကို

မမြင်လို့ မမြင်ပါဘူး"

"မူမူကရော ကိုယ့်ကို ချစ်လား"

မူမူဘာမှ မပြော ... ခေါင်းငုံ့ပြီး ငြိမ်နေသည်။

ကိုတက်ပုက ဘယ်ရောက်နေမှန်း မသိ၊ ဘာဖြေရမှန်း

လည်း မသိ။ ဒါပေမဲ့ ရင်ထဲမှာ တလှပ်လှပ်တော့ တုန်နေသည်။

ရင်ခုန်နေသည်။

သူ့ရဲ့စကားလေးတွေအပေါ် သာယာနေသည်။

ဒါအချစ်ပဲလို့တော့ ထင်သည်။ မူမူ ချက်ချင်းအဖြေတော့

ပေးနိုင်။

www.burmeseclassic.com

"မုမုဖြေပါအုံး ... ကိုယ့်ကိုချစ်လားလို့"

"မုမု ဖြေဖို့စောပါသေးတယ်"

"မုမုရယ် ... ဒီပိတော့ အချိန်မဆွဲပါနဲ့ ... နော

တစ်ခါလာရင် အဖြေပေးရမယ်"

"ဘယ်တော့လာမှာလဲ"

"မနက်ဖြန်"

"တင် ... မဖြစ်ဘူး ... မလာနဲ့ ... နောက်တစ်

ဒီလိုနေ့မှ"

"ဒီနေ့ ကြာသပတေး ... နောက်တစ်ပတ် ကြာ

ပတေးပေါ့"

"တာ ... မဖြစ်ဘူး ... မဖြစ်ဘူး ... ကြာတ

"ဒါဆို တနင်္ဂနွေနေ့ ... ဟုတ်လား"

"ကောင်းပြီ ... ထပ်ပြီး မပြောင်းရတော့ဘူး

မိုးလင်းကတည်းက လာခဲ့မယ်၊ ကဲ ... သွားမယ်"

ဒေါက်တာညွှန့်ထူး အပျော်များစွာနှင့် ခြံထဲက ထွက်

သည်။

မုမုသိန်းတစ်ယောက် ရပ်ပြီးကျန်ခဲ့သည်။

"ကဲ ... ခင်များ ကြားချင်တဲ့ ချစ်စကား ကြာ



မဟုတ်လား"

"နေပါအုံး ... ကျွန်မ နေကောင်းရက်နဲ့ ဘာကြောင့်

ညာဝါးပြီး သွားခေါ်ခဲ့ရတာလဲ"

"ကျေးရူးရှင်ကို မပင်မှာနဲ့နော် ... ခင်ဗျားဈေးမသွားဘဲ

အိမ်မှာ အားနေတဲ့အချိန် ဒေါက်တာလည်း အိမ်မှာရှိနေမှန်းသိလို့

တွေ့ရအောင် ဖန်တီးလိုက်တာ"

"ကဲ ... ဒီနေ့ အစားကောင်းကောင်း၊ ဆိုင်ကောင်း

ကောင်းက ဝယ်ပြီး ကျွေးသင့်ပြီ၊ မြားနတ်မောင် လုပ်ရကျိုး

နပ်ပြီထင်တယ်"

"ညစာကို သွားဝယ်ပြီး အိမ်မှာ စားကြတာပေါ့။ ဒီ

နေ့က်စာကတော့ ဒေါ်တင်ချက်ထားတာပဲ စားကြမယ်"

သို့ဖြင့် ညနေပိုင်းရောက်တော့ မုမုသိန်း စားသောက်စရာ

များ သွားဝယ်လာခဲ့သည်။

အိမ်မှာ မုမုသိန်းနှင့် တက်ပုတို့ မြိန်ယှက်စွာ စားဖြစ်

ကြသည်။

ညခြောက်နာရီခန့်ရှိပြီ၊ စားသောက်ပြီး အိမ်ရှေ့သို့ ထွက်

လာကြသည်။

မုမုသိန်းက အပေါ်ထပ်တက်သွားပြီး ဘုရားခန်းရှေ့

www.burmeseclassic.com



ညှော်ခန်းမှာ ထိုင်ပြီး တအုပ်တစ်အုပ် ဖတ်နေစဉ် …

ကိုတက်ပုက လူအဖြစ် ဖန်ဆင်းထားပြီး ပန်းစည်း တစ်စည်းယူလာသည်။

"အမယ် ပြောင်ပြောင်ရောင်ရောင်နဲ့ လူဖြစ်လာပါလား။ လက်ထဲက ပန်းစည်းက ဘာလဲ"

"ကြည့်ပါအုံး … ဘာပန်းတွေလဲဆိုတာ"

"ဟင် … ပန်းရောင်နှင်းဆီပန်းတွေပါလား"

"အချစ်ကပေးတဲ့ ဘယ်ပန်းဖြစ်ဖြစ် … လှနေတယ်"

"မွှေးနေတယ်"

"မင်းက အနံ့သင်းသင်းလေးမွှေးတဲ့ ပန်းနုနှင်းဆီမှ ကြိုက်တယ်ဆိုလို့လေ"

"အို"

"ဒီစကားက ကျွန်မနဲ့ မောင်တို့ပဲသိတဲ့ စကားလေ"

"အရှေ့နေဝင် … အနောက်ကနေထွက်မှ မင်းကို မုန်းမယ် သိလား။ သေရင်တောင် အချစ်နားမှာ ဝိညာဉ်အဖြစ်နဲ့ စောင့်မှာ"

"ဒီစကားတွေက မောင်နဲ့ချစ်စတုန်းက နှစ်ကိုယ်ကြား ပြောခဲ့ဟဲ့စကားတွေ"





"သေတာတောင် အချစ်နားမှာ ဝိညာဉ်အဖြစ်နဲ့ တွယ်ကပ် နေမယ်ဆိုတဲ့စကားကို မင်းမှတ်မိရင် တို့ဘယ်သူလဲဆိုတာ သိနိုင် လောက်ရောပေါ့"

"ဪ … ဒါဆို ကိုတက်ပုက မောင်ပေါ့။

ဒါများ မောင်အဖြစ် မောင့်ရုပ်အမှန်နဲ့ … ဘာကြောင့် နေတာလဲ"

"မောင့်ခန္ဓာကိုယ်နဲ့ အနားမှာနေမယ်ဆိုရင် အခုလိုလည်း ပေါင်ရောက်နိုင်မှာ မဟုတ်ဘူး။ တစ်ပြိုင်နဲ့တစ်ပြိုင် ရှိခဲ့ဖူးတဲ့ သံယောဇဉ် ကြောင့် မှုံ့မှာလည်း စိတ်အနှောင့်အယှက် ရှိနေမယ်။

အခုလို ကိုတက်ပုပုံစံမျိုးမှ စိတ်ချလက်ချ စောင့်ရှောက် တာလေ။

ဝိညာဉ်အဖြစ်နဲ့ … တစ်သက်လုံး မခွဲတဲ့ နေချင်ပေမယ့် ဟိုင်ရာဗိုင်ရာ အုပ်ချုပ်သူတွေက တစ်နှစ်ပဲ ခွင့်ပေးခဲ့တယ်မှုံ့။

ဒါကြောင့် တစ်နှစ်လည်းပြည့်ပြီ … မောင်လည်း မှုံ့ အနားက သွားရတော့မယ်။

မောင့်ကိုယ်စား ဆရာဝန်ရဲ့အချစ်ကို ခံယူလိုက်ပါ။ မောင် … မှုံ့ကို စိတ်ချသွားပါပြီ"

ထိုသို့ပြောပြီး အပြင်သို့ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကို သွားမှာလဲ မောင်။

အခု … အပြီး သွားတော့မှာမို့ နှုတ်ဆက်နေတာလား

"ဟုတ်တယ်"

ကိုတက်ပုတစ်ဖြစ်လဲ မောင်က ဘုရားခန်းရှေ့ ညှော်ခ…
လေသာဆောင်သို့ထွက်ပြီး ရပ်လိုက်သည်။

"နောက်နေ့အထိ နေခွင့်မရှိတော့ဘူး … ဘယ်အ…
ရောက်ရောက် ချစ်နေချင်သေးပေမဲ့၊ ဒီဘဝမှာတော့ ဆုံနိုင်ခွ…
မရှိတော့ဘူး။ ကိုယ်သွားရတော့မယ်။

ကိုယ်တို့နှစ်ယောက် ဘဝတစ်ခုမှာ ပြန်ဆုံတွေ့ရ…
ပူးတာမကုန်သေးရင် အတူတူနေရပါစေကြောင်း ကိုယ်ဆုတောင်…
ပါတယ်။

ကိုယ့်ကို သွားခွင့်ပြုပါတော့ မှုရယ်"

"မောင်ရယ် … မောင့်ကို ဒီနေ့အထိ ချစ်နေတုန်း…
မောင် မသွားဘဲ နေလို့ရရင် မသွားပါနဲ့လား။
ဒီအတိုင်းပဲ နေသွားကြမယ်လေ။
မှုလည်း ဆရာဝန်အချစ်ကို လက်မခံတော့ဘူး"

"မဖြစ်ဘူးမှု … မဖြစ်ဘူး … ကိုယ်မသွားရင် ဒ…
ခံရလိမ့်မယ်။



မှုအတွက် ဖိုးသိုက်သင်းလျော့တဲ့အချစ်တွေကို ပေးမယ့်
ဆရာဝန်ကြောင့် ကိုယ်စိတ်ချသွားပါပြီ။

ဒါနဲ့မှု မဏလေး"

ဝိညာဉ်ကိုတက်ပုအဖြစ်လဲ မောင်က မှုမှုသိန်းအား အနား
သို့ ခေါ်လိုက်သည်။

သူ့ခါးလက်တစ်ဖက်နှင့် မှုမှုသိန်း၏ညာဘက်မျက်လုံးကို
ဖိထားသည်။

နှစ်မိနစ် သုံးမိနစ်ခန့်ကြာတော့ လက်ကို ဖွာလိုက်သည်။

"မှုရဲ့ သရဲတွေမြင်ရတဲ့ ညာဘက်မျက်လုံး ဒီအချိန်က
စပြီး မမြင်ရတော့ဘူး"

"သာမန်လူသားတွေရဲ့ မျက်လုံးအတိုင်း ဖြစ်သွားပြီ"

"ကဲ … ကိုသွားပြီ မှု"

မောင်လည်း … မှုအား နှုတ်ဆက်ပြီးသည်နှင့် တစ်ကိုယ်
လုံး အလင်းရောင်လို ဖြာထွက်နေပြီးမှ တဖြည်းဖြည်း အလင်း
ရောင် အားပျော့လာကာ … မှုန်ဝါးဝါး ပျောက်ကွယ်သွားတော့
သည်။

အခန်းက ရုတ်တရက် ပျောက်ခွာပျောက်ကွယ်သွားသော
မောင်တစ်ယောက် ရောက်ရာ ရောက်ရာဘဝမှာ ပျော်ရွှင်ပါစေ

www.burmeseclassic.com



နေနိုင်ပါစေလို့ ဆုတောင်းပေးရင်း မျက်ရည်စက်လက်နှင့် ကျန်
ခဲ့ပါတော့သည်။

# ဝမ်းတွင်းပါတိုက်မြွေ

အချိန်က ညဆယ့်တစ်နာရီရှိပြီ၊ ကိုဘမြင့်အိမ်ပြင်သို့ ထွက်ခဲ့သည်။ စိတ်ထဲမှာ အန္တရာယ်အငွေ့အသက်ကို သိရှိခံစားနေရသလို ဖြစ်ခြင်းကြောင့် ကိုင်းခုတ်ဓါးရှည်တစ်ချောင်းကိုင်ပြီး ထွက်ခဲ့သည်။

အမှောင်ထဲမှာ မြွေဟုထင်သဖြင့် ကိုင်းခုတ်ဓါးနှင့် အားကုန်ခုတ်ချပစ်လိုက်သည်။

ဓါးက အောက်ကပျဉ်မှာ သွားစိုက်နေသည်။

သက္ကဝါတစ်ကောင်ကို ပိုင်းဖြတ်လိုက်မှန်းတော့ သိလိုက်သည်။

ကိုဘမြင့် အိမ်ထဲပြန်ပြေးဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စောစောက ဓါတ်မီးကိုရှာရာ၊ မတွေ့သဖြင့် မရှာတော့ဘဲ ဓါးဆွဲပြီး လွှက်ခဲ့ခြင်းဖြစ်သည်။

ယခုတော့ ဓါတ်မီးကို ပြန်ရှာရာ သိပ်မရှာလိုက်ရ။ စာကြည့်စားပွဲပေါ်မှာ ဓါတ်မီးကို တွေ့လိုက်သည်။

ဓါတ်မီးယူပြီး စောစောကနေရာသို့ ပြန်လာခဲ့သည်။ မီးထိုးကြည့်လိုက်သည်။

"ဟင်"

သူတွေ့လိုက်ရသည်က ... အန္တရာယ်ပြုမည့် သတ္တဝါတစ်ကောင် မဟုတ်ဘဲ အုန်းဆံကြိုးတစ်ချောင်း ဖြစ်နေသည်။

ကြိုး၏အလယ်ပိုင်းကို ဓါးက ပိုင်းဖြတ်ထားသည်။

စပြီးခုတ်လိုက်စဉ်က ကြိုးတစ်ချောင်းကို ခုတ်သလိုမျိုး မဟုတ်။

သက်ရှိတစ်ကောင်ကို ခုတ်လိုက်ရသလိုမျိုးဖြစ်သည်။

ဓါးခုတ်မိ၍ ရုန်းကန်လှုပ်ရှားနေသည့် ခံစားချက်မျိုး ဖြစ်သည်။

ယခုတော့ မီးရောင်အောက်မှာ သတ္တဝါတစ်ကောင် မဟုတ်ဘဲ ကြိုးတစ်ချောင်းဖြစ်နေသည်။

ကိုဘမြင့်တစ်ယောက် မကျေမနပ် ဖြစ်နေသည်။



အောက်လမ်းသည်မ လက်ချက်မှန်းသိသည်။

တိုက်စစ်ဖွင့်လာသော အောက်လမ်းသည်မ၏ တိုက်ကွက်ကို လက်ဦးမှုယူကာ ဖျက်ထုတ်လိုက်နိုင်သည့်အတွက် အစိုင်းမသိ ဝမ်းသာနေသည်။

အောက်လမ်းသည်မ ဒေါ်မိနှင့် ဇနီးဖြစ်သူတို့ ငြိုးခဲ့သောလက လှုသိရှင်ကြား စကားများကြသည်။

ငွေရေးကြေးရေးနှင့် စကားများခြင်းဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက် ရိုက်မောင်းပုတ်မောင်း လုပ်သည်အထိ ရုန်းရင်းဆန်ခတ်ဖြစ်သွား၍ ကိုဘမြင့်က ဇနီးဖြစ်သူကို အတင်းဝင်ဆွဲမှ ရန်ပွဲရပ်သွားသည်။

အောက်လမ်းသည်မက ခင်းတို့မိသားစု တစ်နေ့တွေ့မယ် ဆိုပြီး ကြိမ်းဝါးသွားသည်။

ထိုသို့ ကြိမ်းဝါးပြောဆိုသွားသည့်နောက်ပိုင်း မြွေများ တွေ့လာရသည်။

ဇနီးဖြစ်သူက ကိုယ်ဝန်ခုနစ်လကျော်ပြီ။ မကြာခင် မွေးတော့မည်။

တစ်ရက် ကိုဘမြင့် အိမ်ရှေ့ပန်းခြံအတွင်း ပေါင်းမြက်ရှင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇနီးဖြစ်သူက အိမ်ပေါ်ဝရံတာမှာရပ်ပြီး ကြည့်နေသည်

မြက်များကို ကိုင်းခုတ်ဓါးနှင့် ရှင်းနေသည်။

ထိုစဉ် မြက်တောအတွင်း လှုပ်ရှားနေသော အရာတစ်ခု

မလှရိ မြင်သွားသည်။

"အစ်ကို ... အစ်ကို၊ ရှေ့မှာ မြွေ ... မြွေ"

"ဘယ်မှာလဲ မြွေ"

"ရှက်လှပန်းအိုးနားမှာ"

"ဟိုမှာ ... ခန်းပင်တွေကြား ဝင်တော့မယ်"

"တွေ့ပြီ"

"ဗွစ်"

မြွေကို ခေါင်းနားကပ်၍ တစ်ချက်တည်း ခုတ်ချလိုက်

သည်။

မြွေကို ဓါးချက်ဖြတ်သွားသည်နှင့် မြွေကနေ အုန်းဆံကြိုး

ဖြစ်သွားသည်ကို တွေ့လိုက်သည်။

"ဟဲ ... မလှရိ တွေ့တယ်မဟုတ်လား"

"ဒီသောက် ... ကဝေမ ငါတို့ကို မြွေနဲ့တိုက်နေတာ

တွေ့မယ်"

ထိုအချိန်ကစပြီး ကိုဘမြင့်တစ်ယောက် အချိန်နှင့်အ



ဒေါ်မိကို ချောင်းမြောင်းနေတော့သည်။

ဒေါ်မိကလည်း သူတို့လင်မယားကို သတ်ရမှ စိတ်ချမ်းသာ

မည်ဟု ဆုံးဖြတ်ထားသူဖြစ်သည်။

သို့ကြောင့် ဒေါ်မိလည်း မိမိအသက်နှင့် အလောင်းအစား

လုပ်၍ ကိုဘမြင့်တို့လင်မယားကို အသေသတ်ရန် တိုက်မြွေ

လွှတ်လိုက်သည်။

ထိုတိုက်မြွေက ဓါတ်ိုင်းလွှတ်နေကျ တိုက်မြွေလိုမျိုး မဟုတ်၊

မိမိအသက်ဝိညာဉ်ကိုထည့်ပြီး မြွေအဖြစ် လွှတ်လိုက်ခြင်းပင်။

ထိုတိုက်မြွေ ရန်သူလက်ချက်နှင့် သေလျှင် အိမ်မှာ ကျန်ရစ်

ခဲ့သော မိမိလည်း သေမည်။

ဓါတ်ိုင်း အစီအရင်တို့ဖြင့် မန်းမှုတ်လွှတ်ခဲ့သမျှ တိုက်မြွေ

တို့လည်း ကံကောင်းနေသော ကိုဘမြင့်တို့လင်မယားကို အန္တရာယ်

မပေးနိုင်ဘဲ ကိုင်းခုတ်ဓါးချက်နှင့်သာ သူ့ဇာတိအကြိုးအစည်တို့ ပျက်ပြ

သည်။

ယခု ယခင်ကလို အမှားမခံနိုင်တော့။

သူသေကိုယ်သေ နွဲရမည့်ပွဲဖြစ်သည်။

အပြီးအဆာတကြီးမားသော ကဝေအောက်လမ်းသည်မ

၏ နောက်ဆုံးလက်နက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဘမြင့်က တိုက်မြွေများ မကြာခဏတွေ့ပြီး နောက်ပိုင်း ကိုင်းခုတ်ဓါးကို အမြဲဆောင်ထားသည်။

ညပိုင်းအိပ်မည်ဟု မီးခွက်မှုတ်လိုက်စဉ် အိပ်ခန်းအတွင်း ဝင်လာသော ကွမ်းသီးလုံးအရွယ်ခန့်ရှိ ရဲရဲနီနေသည့် မျက်လုံး နှစ်လုံး တရွေ့ရွေ့ အထဲဝင်လာသည်ကို တွေ့လိုက်သည်။

မလှရီက ခြင်ထောင်အတွင်း ရောက်နေပြီ။

ကိုဘမြင့်သေးမှာ အသင့်ရှိနေသော ကိုင်းခုတ်ဓါးကို ဆွဲယူ၍ အားကုန်လွှဲခုတ်ပစ်လိုက်သည်။

မြွေကြီးခေါင်းပြတ်သွားသည်။

မြွေခေါင်းအစွယ်က ဇာခြင်ထောင်မှာ သွားချိတ်နေသည်။

မြွေက ကြိုးအဖြစ် ပြန်မပြောင်းတော့ဘဲ အမိုးအငွေ့အဖြစ် ပြောင်းပြီး ပျောက်ကွယ်သွားသည်။

ဒေါ်မိတစ်ယောက် ဝိုက်ကွက်ရှုံးသွားပြီ။

"ငါ့ကို နင်က လက်ဦးသွားတာပေါ့။ ငါသေသလို နင့် မိန်းမလည်း သေရမယ်။ နင့်သမီးမွေးရင် ဘယ်တော့မှ စိတ်မချမ်းသာပါစေနဲ့။ မြွေနဲ့အတူ မွေးပါစေ"

ကျိန်စာတွေရွတ်ရင်း ဒေါ်မိတစ်ယောက် အသက်ထွက်သွားသည်



ဒေါ်မိသေဆုံးသွားပြီ ... မကြာခင်လပိုင်းအတွင်း မလှရီ သမီးမိန်းကလေး မွေးသည်။

မီးထွက်သည့်နေ့မှာ မြွေပေါက်ခံလိုက်ရပြီး မလှရီသေဆုံး သွားသည်။

ကိုဘမြင့်လည်း ဒေါ်မိသေဆုံးသွားပြီဖြစ်၍ စိတ်ချလက်ချနှင့် မလှရီအနီးမှာ စောင့်မနေခဲ့ ...

ကျိန်စာက ... မကုန်သေးကြောင်း မလှရီသေမှ သဘော ပေါက်မိသည်။

ထို့ကြောင့် ကျိန်စာဆိုး သမီးလေးပေါ် မကျရောက်စေရန် ကိုဘမြင့် ဂရုစိုက် ရှိခဲ့သည်။

မိခင်အသက်ပေး၍ မွေးခဲ့သော သမီးလေးကို ကိုဘမြင့် သည်းသည်းလှုပ်မျှ ချစ်မိသည်။

သမီးလေးမွေးပြီးနောက်ပိုင်း စီးပွားရေးကလည်း တက် လာသည်။ သမီးလေးကို ပြုစုစောင့်ရှောက်ရန် ကိုဘမြင့်က မိဘ များနှင့်နေသော ညီမအပျိုကြီးကို အိမ်ခေါ်ထားသည်။

သမီးလေးမွေးစဉ်က အသက်သုံးဆယ်ငါးသာ ရှိသေးသည့် ကိုဘမြင့်မှာ ယခု အသက်ငါးဆယ်နီးပါး ရှိခဲ့ပြီ။

သမီးလေးကို မိုးသီတာဟု အမည်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တကြိုးစား၍ တစ်နှစ်တစ်တန်း အောင်ခဲ့သည်။

တတိယတန်း အတန်းတင်စာမေးပွဲ ဖြေမည့်ရက် အိပ်ရာထဲမှ မထနိုင်အောင် ဖျားခဲ့သည့်အတွက် ထိုနှစ်က စာမေးပွဲ မဖြေခဲ့ရ။ ယခု အသက်ဆယ့်ခြောက်နှစ် ကိုးတန်းမှာ စာသင်နေပြီဖြစ်သည်။

ဦးဘမြင့်လည်း သမီးကိုပြုစုထိန်းကျောင်းရင်း အိမ်ထောင်မပြုတော့။ သမီးကိစ္စ၊ အိမ်မှုကိစ္စတို့ကို ညီမဖြစ်သူက ထိန်းသိမ်းကြပ်မတ်ပေးနေသဖြင့် သူလည်း လယ်ယာကို စိတ်ချလက်ချ လုပ်ကိုင်ခွင့် ရခဲ့သည်။

××××××××××

မြွန်တန်ဆာမြို့အပိုင် ကမာဖရုံရွာကြီးက ရဲနွယ်ချောင်းအောက်မှနေ၍ အတွင်းဘက် မိုင်ဝက်ခန့်မှာ တည်ရှိသည်။

ရွာက တောင်မြောက်တန်းနေသော ရွာတန်းရှည်ရွာဖြစ်သည်။

ရွာမြောက်ဘက်မှာ သက်ရင့်ခရေပင်ကြီးလေးပင် စီတန်းပေါက်နေသည်။

မိုးသီတာတို့ခြံနှင့်ဆိုလျှင် ခရေပင်များက သိပ်မဝေး၊ ထို





ပင်မှ ကြွေကျသော ခရေပွင့်များကို မိုးသီတာ အမြဲကောက်နေကျ။

ကလေးအရွယ်မှသည် အပျိုဖော်ဝင်သည်အထိ အိမ်နှင့်ဝေးလှသော ခရေပင်အောက်မှာ ခရေပန်း အမြဲကောက်နေကျဖြစ်သည်။

ကောက်၍ရသော ခရေပွင့်များကို တစ်ဝက်ခွဲပြီး ဘုရားတင်သည်။ ကျန်တစ်ဝက်ကို ကြိုးနှင့်သီကာ ခေါင်းမှာ ပန်သည်။

မိုးသီတာက မြွန်တန်ဆာမြို့ တွဲဖက်အထက်တန်းကျောင်းမှာ နဝမတန်း ရောက်နေပြီဖြစ်သည်။

မိုးသီတာကဲ့သို့ပင် ကျော့်သီတာလည်း ခရေပန်း ပုံမှန်ကောက်သည်။

ကျော့်သီတာက ခရေပင်အောက်မှာထိုင်ရင်း ပန်းကုံးတစ်ကုံးအောင် အမြဲသီလေ့ရှိသည်။

သူသီကုံးထားသောပန်းက မိုးသီတာလာလျှင် ပေးရန်ဖြစ်သည်။

ပန်းကုံးတစ်ကုံးရလျှင် မိုးသီတာအလာကို စောင့်သည်။

ကျော့်သီတာက မိုးသီတာ့ထက် တစ်တန်းပိုကြီးသည်။ ဒသမတန်းမှာ တက်ရောက်သင်ကြားနေသည်။

ကျော့်သီတာ ပန်းကုံးတစ်ကုံး ပြည့်တာနှင့်မှာ မိုးသီတာ



www.burmeseclassic.com

www.burmeseclassic.com



ခရေပင်အောက်သို့ ရောက်လာသည်။

"ကိုကျော် ဘယ်အချိန်တည်းက ရောက်နေတာလဲ"

"မနက်ငါးနာရီလောက်ကတည်းက ထလာခဲ့တာ"

"စာရော ဖတ်ဖြစ်ရဲ့လား"

"ဘာဖြစ်လို့လဲ မိုးရဲ့"

"အော် ... မိုးမှ မလင်းသေးဘူး ... ပန်းပင်အောက် ရောက်နေလို့"

"ချစ်ရသူအတွက် ပန်းကောက်ပေးချင်တဲ့စိတ်ကြောင့်ပေါ့ မိုးရဲ့။"

ကဲ ... ဒီမှာ မိုးအတွက် ပန်းတစ်ကုံး ရပြီးပြီ"

"ဒါဆို ဘုရားတင်ဖို့ ကောက်လိုက်အုံးမယ်"

"ကိုယ်လည်း ဝိုင်းကောက်ပေးမယ်"

သို့ဖြင့် နှစ်ယောက်သား ဘုရားတင်ရန် ပန်းကောက် ကြသည်။

မကြာခင်မှာပင် ပန်းကောက်ခြင်းကို ရပ်လိုက်သည်။

"သွားတော့မယ်နော် ... ဒေါ်လေးက မြန်မြန်ကောက်ပြီး မြန်မြန်ပြန်ခဲ့ဖို့ မှာလိုက်တယ်"

"အချိန်ရပါသေးတယ် ... ခဏလောက် စကားထိုင်ပြော





ချင်သေးတယ်၊ ထိုင်ပါအုံးလား"

"မဖြစ်ဘူး ကိုကျော်ရယ် ... နေ့တိုင်းလည်း တွေ့နေ ရတာ၊ ကျောင်းမှာလည်း တွေ့လို့ရတာပဲ။ လူကြီးတွေ သိတုန်းရင် ခုလိုတောင် တွေ့ခွင့်ရတော့မှာ မဟုတ်ဘူး"

"ကဲ ... ကဲ ... အဲဒီလောက် အရှည်ကြီး တွေးမနေနဲ့၊ ပြန်မယ်ဆိုရင်လည်း ပြန်ပေတော့ ကလေးမ"

"ကြည့် ... သူ စိတ်ဆိုးသွားပြီ မဟုတ်လား"

"မဆိုးပါဘူး ... စိတ်နည်းနည်း ကောက်သွားတာ"

"ဟွန်း ... ဝိုကို ဝိုတယ်"

"ချစ်လို့ ... ဝိုတယ်၊ ကလေးမရဲ့"

မိုးသီတာက ပန်းကုံးနှင့် ပန်းထုပ်ကို တယုတယကိုင်ရင်း ခရေပင်အောက်မှာ ပြေးထွက်သွားသည်။

ကျော်သီဟက သစ်ပင်အောက်မှာ ရပ်ရင်း ကျန်ခဲ့သည်။

xxxxxxxxx

ပန်းလေးများကောက်လိုက်၊ ပန်းသီလိုက်၊ ချစ်သူကို ပေးလိုက်နှင့် ရက်တွေပြောင်း၊ လတွေလည်း ပြောင်းသွားခဲ့သည်။

ကျော်သီဟက ဆယ်တန်းနှစ်ဘာသာဂုဏ်ထူးဖြင့် အောင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

မိုးသီတာက အသယမတန်း ရောက်ခဲ့ပြီ။

သူတို့နှစ်ယောက် ချစ်ကြိုက်နေသည်ကို မိုးသီတာ၏

ဖခင်က အများပြောစကားကြောင့် သိလားပြီးပြီ။

သမီးဖြစ်သူ ဆယ်တန်းနှစ် ရောက်နေသဖြင့် ဆူဆူပူပူ

မလုပ်ခဲ့။ အချစ်ရေးဦးစားမပေးရန်တော့ အရိပ်အမြွက် ပြောထား

သည်။

ကျော်သီဟနှင့်တော့ သမီးကို သဘောမတူနိုင်ပါ။

ကျော်သီဟက ရိုးသားကြိုးစားသည်ကို သိသော်လည်း

သူ၏သူငယ်ချင်း ရွှေကုန်သည်၊ ရွှေဆိုင်ပိုင်ရှင် မြန်တန်ဆာမြို့၏

မျက်နှာဖုံးဖြစ်သူ ဦးထွန်းကြည်၏သားနှင့် ပြီးခဲ့သောနှစ်ကတည်းက

လူကြီးများ စကားဆိုထားသည်။

သမီးဆယ်တန်းစာမေးပွဲ ပြီးပါက ပေးစားမည်ဟု က

ရှိထားသည်။

ထို့ကြောင့် ဦးထွန်းကြည်သားနှင့် ကျော်သီဟ ယှဉ်လို

ပါက ဘယ်လိုမှ ကျော်သီဟကို အသာမပေးနိုင်။

သို့ဖြင့် ဆယ်တန်းဖြေပြီး ဓါမဝင်ခင် လက်ဦးမှုယူ

သမီး၏ အိမ်ထောင်ချပေးမည်ဟု ဦးဘမြင့် ဆုံးဖြတ်လိုက်သည်





ထိုကိစ္စကို မိုးသီတာရော၊ ကျော်သီဟပါ မသိ။

ကျော်သီဟက ဆယ်တန်းအောင်ပြီးသည်နှင့် တက္ကသိုလ်ဆက်မတက်နိုင်။ ထို့ကြောင့် ကျောင်းဆရာလုပ်ရန် ဆုံးဖြတ်ပြီး ရန်ကုန်မြို့ ရန်ကင်းကောလိပ်သို့ တက်ခဲ့သည်။

ဆရာအဖြစ် အောင်လက်မှတ်ရခဲ့ပါက ကျောင်းဆရာအဖြစ်သာ လုပ်ငန်းခွင်ဝင်ရန် စိတ်ကူးထားသည်။

သို့ကြောင့် မိုးသီတာကို အသေအချာ နားဝင်အောင် ရှင်းပြရင်း ရန်ကင်းကောလိပ်သို့ တက်ခဲ့သည်။

မိုးသီတာက ကျော်သီဟမိသားစု၏ ငွေကြေးအင်အား တောင့်တင်းမှု မရှိသည်ကို သိထားသည့်အတွက် စိတ်ထဲက ဘွဲ့တစ်ခုခုရအောင် တက်စေချင်သော်လည်း ချစ်သူစိတ်မကောင်းဖြစ်မှာစိုး၍ အတင်းအကျပ် မတိုက်တွန်းခဲ့ပါ။

မိုးသီတာကတော့ ဆယ်တန်းအောင်ပြီးရင် ကျောင်းဆက်မတက်တော့ဟုဆိုသည်။

အဝေးသင်တက္ကသိုလ်တက်ရင်း မိဘအား ဝိုင်းကူကာ အိမ်မှာ နေတော့မည်ဟုဆိုသည်။

ချစ်သူနှစ်ယောက် အစီအစဉ်ချထားသည့်အတိုင်း ဖြစ်လာပါ။ မိုးသီတာ ဆယ်တန်းစာမေးပွဲ ဖြေပြီးသည်နှင့် ဖခင်ဖြစ်သူက



www.burmeseclassic.com

www.burmeseclassic.com



သူ၏အစီအစဉ်များကို ပြောပြပါတော့သည်။

အသက်(၁၇)နှစ်သာ ရှိသေးသော မိတဆိုးလေးကို စိတ်ချ ရအောင် မြို့ပေါ်က သူဌေးသားနှင့် ပေးစားမည်ဟုဆိုကာ အတင်း အကျပ် စီစဉ်ပါတော့သည်။

အစပိုင်းမှာ မိုးသီတာ မျက်ရည်ခံထိုး၍ အိမ်ထောင် မပြုချင်သေးဟု ငြင်းသည်။ ဖခင်က လက်မခံ။

မချစ်မနှစ်သက်သူဖြစ်၍ လက်မထပ်ချင်ကြောင်း ပြောဆို သော်လည်း စကားလွန်ပြီးပြီဟုဆိုသည်။

မိုးသီတာလည်း ဖခင်၏စီစဉ်မှုကို ဘယ်သို့မှ ငြင်းဆို၍ မရတော့သဖြင့် အချစ်မပါသော လက်ထပ်ပွဲကို ဆင်နွှဲရပေတော့ မည်။ ကျော်သီဟကို လာခိုးလှည့်ပါဟုလည်း မပြောချင်။

မပြေလည်သည့်ကြားက ကျောင်းတက်နေသော ချစ်ရ သူကိုလည်း မိမိကြောင့် ကျောင်းတစ်ပိုင်းတစ်စ မဖြစ်စေချင်။

သို့ကြောင့် နောက်ဆုံးမှာတော့ ဖခင်၏စကားကို မငြင်းရ တော့ဘဲ ခေါင်းညိတ်လိုက်တော့သည်။

မိုးသီတာက ခေါင်းညိတ်လက်ခံလိုက်သည်နှင့် ဦးထွန်းကြည် ၏သား ဇော်သိန်းနှင့် လက်ထပ်ပွဲ ဆင်နွှဲပေးခဲ့သည်။

မြွန်တန်ဆာမြို့ပေါ်ရှိ ယောက်ျားလေးအိမ်မှာ မင်္ဂလာပွဲ





ကျင်းပသည်။

ရွှေကုန်သည်၏သားဖြစ်သဖြင့် အလွန်ပဲ စည်ကားလှသည်။

မိုးသီတာရဲ့ ရင်ထဲမှာတော့ ငိုချင်နေသည်။

စိတ်ထဲ ချုပ်တည်းထားသမျှ လွှတ်လပ်ပေါ့ပါးသွားအောင် အားရပါးရ ငိုချလိုက်ချင်မိသည်။

ဤလိုအချိန်မှာ ချစ်ရသူနှင့်သာ လက်ထပ်ပွဲ ဆင်နွှဲခွင့် ရရှိမည် ဆိုပါက ပျော်စရာအတိ ဖြစ်ပေလိမ့်မည်။ မင်္ဂလာပွဲမှာ အသက်မပါသော ပြုံးပြရီပြနေရသူ သူ့အတွက် ပင်ပန်းလွန်းလှ သည်။

စိုက်ပင်ပန်းဆင်းရဲခြင်းကြီးစွာနှင့်ပင် မင်္ဂလာပွဲ ပြီးခဲ့သည်။

ဇော်သိန်း၏ မိဘများက သူတို့ဇနီးမောင်နှံကို ပန်းထိမ် လုပ်ငန်းကို လွှဲပေးသည်။

မိုးသီတာကို ရွှေဆိုင်မှာ ထိုင်ခိုင်းမည်ဟုဆိုသည်။

မိုးသီတာတစ်ယောက် တစ်နေ့တာ မင်္ဂလာကိစ္စများဖြင့် လှုပ်ရှားသွားလာနေရသည့်အတွက် ပင်ပန်းလွန်းလှသည်။

အနားယူချင်နေပြီ။

ဇော်သိန်းတစ်ယောက် သူငယ်ချင်းများက အသောက် အစားပွဲလေး စီစဉ်ခိုင်းသဖြင့် ကျူနပ်အောင် စီစဉ်ပေးရင်း သူ

www.burmeseclassic.com

www.burmeseclassic.com



ထင် ရှဲနေခဲ့သည်။

အချိန်ကြာလာသည်နှင့်အမျှ ဇော်သိန်း လှုပ်မှန်းသူမှန်း မသိအောင် မူးနေပြီ။

မိုးသီတာလည်း ပင်ပန်းလွန်းလှ၍ ရှစ်နာရီကျော်ကတည်းက အိပ်ပျော်နေခဲ့ပြီ။

ဇော်သိန်းတစ်ယောက် သူငယ်ချင်းများနှင့် လမ်းခွဲတော့ ညတစ်နာရီကျော်ပြီ။ အမူးလွန်ပြီး မထနိုင်သဖြင့် အိပ်ခန်းထဲသို့ သူငယ်ချင်းများက တွဲပို့ပေးရသည်။

အိပ်ရာပေါ်ရောက်သည်နှင့် ချက်ချင်း အိပ်ပျော်သွားတော့ သည်။

အချိန်က မနက်ခြောက်နာရီခန့်ရှိပြီ။ အပြင်လောကမှာ လင်းထိန်နေသည်။

မိုးသီတာ တရေးထဲ အိပ်ပျော်သွားရာက နိုးလာသည်။

အိပ်ရာက နိုးလာသည်နှင့် မိမိကိုယ်မိမိ ပြန်သုံးသ လိုက်သည်။ အခြေအနေ ထူးခြားမှု မရှိ။

တစ်ဖက်ကို ကြည့်လိုက်သည်။

"အမယ်လေး"

မိုးသီတာ လန့်ပြီးအော်လိုက်သည်။



သူမမြင်လိုက်ရသည်က ပါးစပ်က အမြှုပ်များ ထွက်ကျ နေပြီး တစ်ကိုယ်လုံး မည်းနက်နေသော ဇော်သိန်းကို မြင်လိုက် သည်။

"အမေ ... အမေ ... လာပါအုံး ... ဒီ ... ဒီမှာ"

မိုးသီတာက ဇော်သိန်း၏ မိခင်ဖခင်တို့အား အမေနှင့် အဖေဟုပင် ခေါ်ခဲ့သည်။

"ဘာ ... ဘာဖြစ်လို့လဲသမီး"

"ကိုမှာ ... ကိုမှာ ... ဘာဖြစ်မှန်း မသိဘူး"

"အမယ်လေး ... သားရယ်၊ ဖြစ်မှဖြစ်ရလေ"

"ဒီကောင်တွေ ညတစ်နာရီ လူစုကွဲသွားတာ၊ ငါတစ်ရေး နိုးလို့ လှစ်ခဲ့နိုင်းလိုက်ရတာ၊ အေးသိန်းနဲ့ တင်ဝင်း သူ့ကိုတွဲပြီး အခန်းထဲ ပို့သွားတုန်းက အကောင်းသားပါ"

"ဘယ်လိုများ ... ဖြစ်ရတာလဲကွာ"

"ဒီကောင်တွေ ... ဘာဖြစ်တာလဲ၊ အရက်သောက်ရုံ နဲ့တော့ အခုလို မဖြစ်နိုင်ပါဘူး။ မူးယစ်ဆေးဝါးများ သုံးထား လို့လား"

"ကိုထွန်းကြည် ဘာတွေ လျှောက်ပြောနေတာလဲ၊ ရှိသား ဒီမှာ အသက်မရှိတော့ဘူး။ ... ပ်လို လုပ်ကြမလဲတော့ ...

www.burmeseclassic.com

www.burmeseclassic.com



တီး ... တီး ... တီ"

ထိုစဉ် ဇော်သိန်းပုဆိုးက နှုးအောက်မှ လန်နေသည်

ဦးထွန်းကြည် တွေ့လိုက်သည်။

"ဟာ ... ဒီမှာ ဘာလဲ မသိဘူး"

အစွယ်ရာများလား ... သွေးစို့နေတဲ့ ဒဏ်ရာလေးချ

တွေ့ရတယ် ... သွေးတွေက ခြောက်နေပြီ"

"မောင်ကြည် ... မောင်ကြည်"

"ဗျာ ... ဦးလေး"

"ဆရာဝန် သွားခေါ်ခဲ့ ... မြန်မြန်"

မောင်ကြည်က ဆရာဝန်ခေါ်ရန် ထွက်သွားသည်။

ဦးထွန်းကြည်က ဒဏ်ရာကို အသေအချာကြည့်သ

"ဒါ မြွေဆိုးတစ်ကောင် ကိုက်သွားတာဖြစ်မယ်။ အိပ်

ထဲမှာ မြွေက ဘယ်လို ကိုက်လိုက်တာလဲ။

ဒီကောင်တွေ အရက်သောက်ရင်း ညဘက် ပန်းခြံ

ထွက်ပြီး အပေါ့အပါးသွားကြသေးလား မသိဘူး"

"အင်း ... ဖြစ်နိုင်တယ်၊ မူးနေတော့ ပန်းခြံထဲ

မြွေကိုက်လိုက်တာ မသိဘဲ၊ အိပ်ရာထဲဝင်အိပ်ရော သေသွား

ဖြစ်မယ်"



မိခင်၊ ဖခင်၊ အစ်ကိုတို့ ထင်ရာမြင်ရာ ပြောဆိုဝေဖန်

နေစဉ် မောင်ကြည် ဆရာဝန်ကို ပင့်၍ အိမ်ပြန်ရောက်လာသည်။

"ဆရာ သားလေးကို စစ်ဆေးကြည့်ပါအုံး"

ဆရာဝန်က သွားရာများနှင့် အခြေအနေကို စစ်ဆေး

ကြည့်သည်။

"ဒါ အဆိပ်ပြင်းတဲ့ မြွေတစ်ကောင် အကိုက်ခံလိုက်ရတာ

ပဲ၊ မြွေက ဘယ်မှာလဲ မတွေ့ဘူးလား"

ထိုအခါမှ ဦးထွန်းကြည်က ရှင်းပြသည်။

"ဦးထွန်းကြည်သား ပန်းခြံထဲဆင်းရင်း မြွေကိုက်ခံလိုက်

ရတာပဲ"

ဆရာဝန်က ထိုမျှသာ မှတ်ချက်ပေးပြီး ပြန်သွားသည်။

သို့ဖြင့် ပထမရက်က မင်္ဂလာပွဲ။

ဒုတိယရက်မှာတော့ နာရေးဖြစ်ခဲ့သည်။

ဇော်သိန်း၏နာရေးရက်လည်ပြီးတော့ လင်မယားဘဝ

တစ်ရက်တည်းနှင့် မုဆိုးမဖြစ်ခဲ့ရသည့် မိုးသီတာ ယောက္ခမအိမ်မှာ

မနေတော့ဘဲ မိဘအိမ်သို့ ပြန်လာခဲ့သည်။

မိုးသီတာလည်း အိမ်ထဲမှ အိမ်ပြင်မထွက်တော့ ဆယ်တန်း

စာမေးပွဲ အောင်စာရင်း ထွက်လာသည်။

www.burmeseclassic.com

မိုးသီတာ စာမေးပွဲအောင်ခဲ့သည်။ ဂုဏ်ထူးက တစ်ဘာသာမှ မပါခဲ့။

ထို့နောက်တော့ အဝေးသင်ယူရင်း စာကိုသာ ကြိုးစားခဲ့သည်။

ကျော်သီဟလည်း မိုးသီတာ၏သတင်းကို ကြားသည်။

စိတ်မကောင်းဖြစ်ရုံကလွဲပြီး သူဘာမှ မတတ်နိုင်။ သူ ကျောင်းပိတ်၍ ပြန်လာသည့်ရက် ခရေပင်အောက်မှာ တစ်ခါဆုံမိကြသည်။

အားပေးစကား ပြောပါသည်။ သူ့အချစ်တွေက ဘယ်အချိန် ဘယ်နေရာ ဘယ်လိုပဲဖြစ်ဖြစ် လျော့ပါးသွားမှာ မဟုတ်ဘူးဟူ၍ မိုးသီတာကို ရင်ဖွင့်ခဲ့ပါသည်။

မည်သို့ပင် ကျော်သီဟက အားပေးစကားပြောပေမယ့် မိုးသီတာက သူ့ကို မုန်းလိုက်မေ့လိုက်ပါတော့ ငိုယိုရင်း ပြောနေသည်။

မိုးသီတာမျက်နှာများ၍ ဖြစ်ခဲ့ရခြင်း မဟုတ်၊ ဖခင်၏ စီမံမှုကို မလွန်ဆန်နိုင်ခြင်းကြောင့် ယခုကဲ့သို့ အိမ်ထောင်ကျ အိမ်ထောင်ပျက်ခဲ့ရခြင်းဖြစ်သည်။

ကျော်သီဟ ခွင့်သွတ်ပြီး ချစ်ဆဲပါ။ ကျောင်းပြီးရန် တစ်နှစ်ခွဲ ကျန်သေးသည်။ ကျောင်းပြီး၍ အလုပ်ခွင် ဝင်သည်နှင့် လက်ထပ်



ယူမည်ဟု အားပေးခဲ့သည်။

××××××××××

ကျော်သီဟ ရန်ကင်းဆရာဖြစ်သင်ကောလိပ်မှာ ဒုတိယနှစ် တက်ရောက် သင်ကြားနေသည်။

ဦးဘမြင့်ကလည်း သမီးအိမ်ထောင်ပျက်ပြီး (၉)လအကြာမှာ ဒုတိယအကြိမ် အိမ်ထောင်ချရန် ကြိုးစားပြန်သည်။

ဖခင်ဖြစ်သူက ဦးစွာကြိုးစားခြင်းမဟုတ်။ ယောကျ်ားလေးဘက်မှ မိုးသီတာကို သဘောကျ၍ လာတောင်းခြင်းဖြစ်သည်။

ရွှေကုန်သည်ဦးထွန်းကြည်သားနှင့် အိမ်ထောင်ကျသည်ကိုလည်း သိသည်။

ထိုညမှာပင် သတို့သားအား မြွေကိုက်၍ သေသွားသည်ကိုလည်း သိသည်။

ပြွန်တန်ဆာမြို့ မီးရထား ဒုရုံပိုင်သားနှင့် လူကြီးများက စေ့စပ်ကြခြင်းဖြစ်သည်။

မိုးသီတာ ဘယ်လိုပဲ ငြင်းပေမယ့် ဖခင်က လက်မခံ။ အိမ်ထောင်ပျက်မုဆိုးမဟူ၍ နာမည်ဆိုးခဲ့သူ သမီးအား စုံမက်နှစ်သက်သူရှိတုန်း တစ်ခါတည်း ပေးစားချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးက မီးရထားစက်မောင်း၊ ဘွဲ့ရဆိုသေ
ဂုဏ်ပုဒ်ကလည်း ဦးဘမြင့် မပြောင်းနိုင် ဖြစ်ရသည်။

နောက်ဆုံး နေကောင်းရက်သာ ရွေးပြီး စေ့စပ်ကြသည်

တပို့တွဲလမှာ မင်္ဂလာပွဲ ကျင်းပဖြစ်သည်။ ခန်းမငှား
မင်္ဂလာပွဲ ဆင်နွဲသည်။

မင်္ဂလာပွဲဆင်နွဲအပြီး ထုံးစံအတိုင်း သူငယ်ချင်းအသ
မိတ်ဆွေများနှင့် သတို့သားက အချိန်ကုန်နေသည်။

အိပ်ခန်းထဲရောက်တော့ ဆယ့်နှစ်နာရီ ထိုးနေပြီ၊ မိုးသိတ
က ကိုးနာရီခန့်ကတည်းက အိပ်ပျော်နေပြီ။

သတို့သားက ယခင်က အရက်မသောက်၊ ဘီယာကိုသ
အနည်းအကျဉ်း သောက်သည်။

ယခု သူငယ်ချင်းများက အရက်ကို အတင်းတိုက်လိုဝ
သဖြင့် ခေါင်းမဖော်နိုင်အောင် မူးနေသည်။

အိပ်ရာပေါ်ရောက်တော့ မျက်လုံးထဲမှာ သတို့သမီးမ
မမြင်နိုင်သည်အထိ ရီဝေနေသည်။

သို့ကြောင့် အိပ်ရာပေါ် ပစ်လှဲချလိုက်သည်နှင့် အိပ်ပျေ
သွားတော့သည်။

မနက်မိုးလင်းတော့ ခြောက်နာရီခန့် မိုးသိတာနိုးလာသည်



သူ့ဘေးမှာ ခြေကားယား လက်ကားယားဖြင့် အိပ်ပျော်
နေသော သတို့သားကို ကြည့်လိုက်သည်။

"ဟင် ... မည်းချိတ်နေပြန်ပြီ"

သေသေချာချာ ကြည့်လိုက်သည်။

လှုပ်ရှားမှုမရှိ၊ တောင့်တောင့်ကြီး ဖြစ်နေသည်။

သူလက်နှင့် စမ်းကြည့်လိုက်သည်။ အေးစက်နေသည်။

သေနေပြီ။

"အား"

ထိတ်လန့်မှုနှင့် အားကုန်အော်ဟစ်လိုက်သည်။

"ဟဲ့ ... ဟဲ့ ... အိပ်ခန်းထဲက ဘာဖြစ်တာလဲ"

"လာ ... လာ ... လာကြပါအုံး"

အပြင်ကလူကြီးလူရွယ် မိဘများ အိပ်ခန်းထဲ ဝင်လာ
ကြသည်။

"ဟဲ့ ... ဘာဖြစ်လို့လဲ"

"ဟိုမှာ ... ဟိုမှာ ... အိပ်ရာပေါ်မှာ"

မိခင်နှင့်ဖခင်ဖြစ်သူတို့က အိပ်ရာပေါ်မှ သားဖြစ်သူကို
သွားကြည့်သည်။

"အမယ်လေး ... အဖြစ်ဆိုးလိုက်တာ သားရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူက

"နေဝမ်း ... ဘာဖြစ်တာလဲ ကြည့်ပါအုံး"

သေသူ၏ညီမက အဏ်ရာကို မြင်လိုက်သည်။

"ဟိုမှာ ... အဖေ၊ ဒူးအထက်မှာ အပေါက်ရာလေးရှ"

"ဒါဆို ... တစ်ခါကလည်း ဒီကောင်မနဲ့ ယူပြီး ရွှေဆိုင်ပိုင်ရှင်သား တစ်ညတည်းနဲ့ မြွေကိုက်ခံလိုက်ရတယ်။ အခု ဖိုးသားလည်း မြွေကိုက်ခံလိုက်ရပြန်ပြီ။

တစ်ခါဆိုထား၊ နှစ်ခါဆိုတော့ တိုက်ဆိုင်မှု မဖြစ်နိုင်တော့ဘူး ဒီကောင်မ စုန်းမဖြစ်မယ်"

"ဒီကောင်မကို အိမ်မှာ တစ်နာရီတောင် မထားနဲ့"

"ဒီကိစ္စ ကျွန်မ ဘာမှ မသိဘူး"

"ကျွန်မ ညဦးပိုင်းကတည်းက အိပ်ပျော်နေတာပါ"

"နင် စုန်းမဖြစ်တာ နင် ဝန်ခံမှာလား"

"ကျွန်မ ... စုန်းမ မဟုတ်ဘူး"

"အဖြင့် ဖိုးသားက ဘာကြောင့် သေရတာလဲ နင်မြွေ ဖြစ်သွားပြီး ဖိုးသားကို ပေါက်သတ်လိုက်တာ မဟုတ်လား"

"မဟုတ်ဘူး ... မဟုတ်ဘူး။

ကျွန်မ ... မသိဘူး၊ ဘာမြွေမှလည်း မမှန်ဆင်းတတ်ဘူး





သေသူ၏ အစ်မကြီးက မိုးသီတာ၏ ဆံပင်ကိုဆွဲ၍

"ဟဲ့ ... စုန်းမ၊ အခု အိမ်ပေါ်ကဆင်းသွား၊ နင်က လင်ယူပြီး လူသတ်နေတဲ့ကောင်မ"

"မတရား မပြောနဲ့"

ဆံပင်ဆွဲထားရာက ဆောင့်ဆွဲလှဲလိုက်သဖြင့် မိုးသီတာ ပစ်လဲကျသွားသည်။

"ဟဲ့ကောင်မ ... နင်ဝတ်ထားတဲ့ ပစ္စည်းတွေ အကုန် ချွတ်ထားခဲ့၊ ဖိုးသား သေသွားတဲ့အတွက် နင်ဘာမှ ရလိမ့်မယ် မထင်နဲ့"

"သွား ... အခု ဆင်းသွား"

အပြင်ထွက်ပြီး ဆရာဝန်ဆီ ဖုန်းဆက်နေသော ဖခင်ဖြစ်သူ အိမ်ထဲ ဝင်လာသည်။

"နင်တို့ ဘာဖြစ်နေကြတာလဲ ... နေဝမ်းပါအုံး၊ ရဲစခန်း ရော ... ဆရာဝန်ရော ... သွားခေါ်ခိုင်းထားတယ်"

"ဒီကောင်မကို ရဲလက်အပ်လိုက်"

"ဟဲ့ ... မစန်းညွန့်၊ နင့်သမီးကို အပြင်ခေါ်သွားစမ်း"

မကြာခင် ရဲအုပ်နှင့် ရဲသားတစ်ယောက်၊ ဆရာဝန်တစ် ယောက်တို့ ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သေမှုသေခင်း စစ်ပြီးသည်နှင့် မြွေဆိုးတစ်ကောင် အကိုက်ခံရ၍ သေဆုံးကြောင်း ဆုံးဖြတ်ချက်ပေးသည်။

မြွေက ... ဘာကြောင့် အိပ်ရာထဲမှာ ကိုက်ခံရသည်ကို စဉ်းစား မရကြ။ အိပ်ရာထဲ မဝင်မီက အကိုက်ခံရ၍ သေဆုံးနိုင်သည်ဟုလည်း မှတ်ချက်ပေးသည်။

အကြောင်းက ဆရာဝန်၏ မှတ်ချက်ကြောင့် ဖြစ်သည်။ သေဆုံးသည့်အချိန်က သန်းခေါင်ယံကျော်ခန့် ဖြစ်သည်တဲ့။ အပြင်မှာ အကိုက်ခံရပြီး အိပ်ရာထဲဝင်အိပ်မှ သေဆုံးသွားသည်လည်း ဖြစ်နိုင်သည်တဲ့။

ဘယ်လိုပဲ ပြောပါစေ၊ မိုးသီတာတစ်ယောက် မုဆိုးမ နှစ်ထပ်ကွမ်းနာမည်နှင့် ရွာပြန်ရောက်လာတော့သည်။

ဖခင်ဖြစ်သူ ဦးဘမြင့်လည်း သမီးအတွက် စိတ်မကောင်း။ မိဘများ ပယောဂက သမီးဖြစ်သူမှာ လာထိခိုက်နေသည်။

မိခင်ဖြစ်သူလည်း သမီးကိုမွေးပြီး မြွေကိုက်၍သေသွားသည်။ တစ်ကြိမ် သမက်လောင်းမြွေကိုက်ခံရ၍ သေသွားသည်။ သိလျက်နှင့် အောက်လမ်းသည်မ၏ ကျိန်စာကို သက်ရောက်စေ သည်။

သမီးလေး လင်ကောင်းသားကောင်းရပြီး ချမ်းသာစေချ





သော မိဘမေတ္တာက သမီးကို အကောင်းဘက်သို့ မပို့ဘဲ၊ လှုပ်အလယ် မျက်နှာမပြဝံ့တော့သည့်အဖြစ်သို့ တွန်းပို့လိုက်သလို ဖြစ်ခဲ့ရပြီ။

သမီး၏ခင်ပွန်းလောင်းများ မြွေကိုက်ခံရပြီး သေဆုံးသွားခြင်းသည် တိုက်ဆိုင်မှုတော့ မဖြစ်နိုင်။

သူမသေခင် ကျိန်စာတိုက်သွားခဲ့သည်။

သူ့ဘဝတစ်လျှောက်လုံး ရွာသူရွာသားများကို မြွေဆိုးများနှင့်သာ အသေသတ်ခဲ့သည်။

သူ့လက်စွဲတော် တိုက်မြွေများကြောင့် ရွာသားအတော်များများ သေဆုံးခဲ့သည်။

မြွေနှင့်အတူ မွေးပါစေဟု ကျိန်စာတိုက်ခဲ့ပေမယ့် သမီးကို မွေးတော့ မြွေနှင့်တူတာဆို၍ ဘာမှပါမလာ၊ မြွေကိုလည်း မမွေးခဲ့။

ယခု သမီးလေးနှင့်အတူ မြွေတစ်ကောင် မွေးခဲ့သည်လား။

ဦးဘမြင့် စဉ်းစား၍ မရ၊ ဘာအကြောင်းပြချက်မှ မပေးနိုင်။ မြွေကတော့ လူနှစ်ယောက်ကို ကိုက်သတ်သွားပြီ။

ထိုတိုက်မြွေကို ဦးဘမြင့် ကိုင်းခုတ်ဓါးဖြင့် ကောင်းကောင်း ခုတ်သတ်ချင်နေသည်။

အိမ်မယ်ပဲ ... သမီးသာ အိမ်ပေါ် ပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မြွေနှင့်တူတာဆို၍ ဘာကောင်မှမတွေ့။ ဖခင်ဖြစ်သူနှင့် ဒေါ်လေး
ဖြစ်သူတို့က မိုးသီတာအား စိတ်ချမ်းသာအောင်ထားရင်း အချိန်တို့
တဖြည်းဖြည်း ကုန်လာခဲ့သည်။

×××××××××

ကျော်သီဟတစ်ယောက် လက်တွေ့ခြောက်လ ကွင်းဆင်း
သင်ကြားပြီးလျှင် သင်တန်းကာလ ပြီးဆုံးမည်ဖြစ်သည်။

မှုလတန်းကျောင်းမှာ တာဝန်ချပေးပြီး လက်တွေ့ခြောက်လ
ကွင်းဆင်းကြရသည်။

ထို့နောက်တော့ အားလုံးသင်ယူတတ်မြောက်ပြီဖြစ်၍
အလုပ်တာဝန် ချပေးတော့သည်။

ကျော်သီဟ ကံကောင်းသည်။ မြို့နှင့်တန်ဆာမြို့အပို
ကတုတ်ရွာ မှုလတန်းကျောင်းမှာ တာဝန်ကျသည်။

ကမာပရွာမှ စက်ဘီးနှင့် အေးအေးသက်သာ တစ်နာရီခန့်
နင်းသွားလျှင် ကတုတ်ရွာသို့ ရောက်သည်။

သို့ဖြင့် နေ့စဉ် ရွာမှနေ၍ စက်ဘီးတစ်စီးနှင့် လုပ်ငန်း
ခွင်သို့ သွားခဲ့သည်။

စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက် ရောက်သည်နှင့်



မိုးသီတာထံသွား၍ အားပေးစကား ပြောသည်။

မိုးသီတာ၏ဖခင် ဦးဘမြင့်ကလည်း သမီးနှင့်ကျော်သီဟတို့
ယခင်ကတည်းက ချစ်သူများ ဖြစ်ခဲ့သည်ကို သိသဖြင့် ကန့်ကွက်
ပြောဆိုခြင်း မရှိ။ မသိသလို နေခဲ့သည်။

ဖြစ်ခဲ့ပြီးသောကိစ္စများအတွက် ကျော်သီဟအပေါ် တစ်ဖက်
သတ်ဆက်ဆံမိခဲ့ခြင်းအတွက် အားနာမှုများပင် ဖြစ်နေမိသည်။

ကျော်သီဟကတော့ ဦးဘမြင့်အပေါ် မည်သည့်စိတ်မှ
မရှိ။ မိုးသီတာကို ယခင်ကကဲ့သို့ပင် အခေါ်အပြောမပျက်၊ အချစ်
မလျော့ခဲ့။

မိုးသီတာက သူ့ရဲ့အမည်းစက်ကြောင့် ကျော်သီဟအား
ပွင့်လင်းရဲဝံ့စွာ မဆက်ဆံဝံ့။ မုဆိုးမ နှစ်ခါ ဖြစ်ခဲ့ရသော သူမလည်း
ချစ်ရသူကို အသေမခံနိုင်တော့။

သူ့ကို မချစ်ပါနှင့်၊ မမျှော်လင့်ပါနှင့်ဟုသာ ခါးခါးသီးသီး
ငြင်းဆိုခဲ့သည်။

ဒါပေမဲ့ ကျော်သီဟက လုံးဝလက်မခံ။ အခွင့်သာသည်နှင့်
လက်ထပ်ယူမည်ဟုသာ အခိုင်အမာ ပြောခဲ့သည်။ ထိုသို့ပြောပြီး၍
မိုးသီတာက အိမ်ကို အလာမခံတော့။ မိုးသီတာ ဘယ်လောက်ပဲ
ငြင်းပါစေ ... လုံးဝလက်လျှော့ရန် စိတ်ကူးမရှိ။ မိုးသီတာနှင့်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကိုယ်တူတွေ့ရန်သာ ကြိုးစားနေသည်။

×××××××××

သည်နေ့ ကျောင်းပိတ်သည်။

ခရေပင်ကြီးပေါ်မှ ခရေပွင့်များ တဖြုတ်ဖြုတ် ကြွေ[illegible] နေသည်။

မိုးသီတာကလည်း ကျော်သီဟနှင့် မတွေ့ချင်၍ ခရေ[illegible] ကောက်သည့် ဝတ္တရားကိုပင် ရှောင်ခဲ့သည်။

ယယ်စဉ်ကတည်းက မြက်မြတ်နိုးနိုး ဘုရားတင်၊ ခေါင်း[illegible] ပန်ဆင်နေခဲ့သူတစ်ယောက်က ယတိပြတ်ပြတ်ရန်ဖြင့် မလွယ်[illegible]

သို့ကြောင့် သုံးလေးရက်မျှ ခရေပင်အောက် ခြေဦးမလှ[illegible] ခဲ့သော မိုးသီတာ ခရေပင်အောက် ရောက်ခဲ့သည်။

ခရေပွင့်ကြွေလေးများကို ဆန်ခါကုံးလေးအတွင်း[illegible] တစ်ပွင့်ချင်း ကောက်ထည့်နေသည်။

"မိုး"

"တင်"

နောက်က ကျော်သီဟ၏ လေးတွဲ့တွဲ့ခေါ်သံကြော[illegible] ပန်းကောက်နေရာမှ လှည့်ကြည့်လိုက်သည်။



"ပန်းတွေ ဘာကြောင့် လာမကောက်တာလဲ၊ ကိုယ့်ကို မတွေ့ချင်လို့လား"

"ဟုတ်တယ် ... မတွေ့သင့်တော့ဘူး"

"မိုးက ဘယ်လိုပဲ ငြင်းနေ ငြင်းနေ ... ကိုယ်ကတော့ မိုးကို ချစ်ဆဲပဲ။ အခုလည်း ချစ်တယ်၊ နောက်လည်း ချစ်မယ် ... မိုးနဲ့ပဲ လက်ထပ်မယ်"

"မိုး ဒီတစ်သက် ဘယ်သူနဲ့မှ လက်မထပ်တော့ဘူး"

"ကိုယ်ကတော့ မိုးကိုပဲ လက်ထပ်မယ်"

"မိုးကို ... မကြောက်ဘူးလား"

"မကြောက်ပါဘူး"

"မိုးက လူမဟုတ်ဘူး ... မြွေမ"

"ဟာ ... မဟုတ်တာ၊ မဖြစ်နိုင်တာတွေ မပြောပါနဲ့"

"မိုးနဲ့ အိမ်ထောင်ပြုပေးတဲ့ ယောကျ်ားတွေ မိုးကြောင့် သေကုန်ပြီလေ"

"ကိုယ်က ... မိုးရဲ့ချစ်သူလေ"

"မိုးလို မြွေတောက်မတစ်ကောင်နဲ့ လက်မထပ်ရဘူး"

မိုးသီတာက အကြောက်အကန် ငြင်းဆိုနေသဖြင့် ကျော်သီဟလည်း မိုးသီတာလက်ကိုဆွဲလိုက်ပြီး ... ကိုယ်လုံးလေးကို

www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

"အို"

မိုးသီတာကို လွှတ်ထွက်မသွားအောင် တင်းတင်းဖက်ထား လိုက်သည်။

မိုးသီတာအား စတင်ဖက်လိုက်စဉ်က ... လူ့ခန္ဓာကိုယ် နွေးနွေးအိအိလေးကို ထိတွေ့မိသည်။

ခဏအတွင်းမှာပင် အေးစက်ကြမ်းတမ်းသော အထိအတွေ့ ကြောင့် ကြည့်လိုက်စဉ် ...

အောက်ပိုင်းတစ်ခုလုံး နက်မှောင်ပြောင်လက်သော မြွေ ဟောက်ကြီးတစ်ကောင် ဖြစ်နေသည်။

တဖြည်းဖြည်း အပေါ်ပိုင်းပါ မြွေတစ်ကောင်အဖြစ် ပြောင်း သွားသည်။

ကျော်သီဟလည်း မိုးသီတာခန္ဓာကိုယ်အား ပွေ့ဖက်ထား ရာမှ လက်ကို ရုတ်တရက် ကြောက်လန့်တကြား လွှတ်လိုက်သည်။

"ဟင်"

"မြွေ ... မြွေကြီး"

"အား ... မြွေကြီး ... မြွေကြီး"

မြွေကြီးက ကျော်သီဟအား ပါးပျဉ်းကြီးခွက်ပြီး အား



အရ ပေါက်ချလိုက်သည်။

"အား"

"ဟဲ့ကောင် ... ကျော်သီဟ ဘာဖြစ်လို့ ထအော်တာလဲ"

"ဗျာ ... ကျွန်တော် ... ကျွန်တော် ... ဘာ ... ဘာမှ မဖြစ်ဘူး ... ဟုတ်လား"

"ဘာလဲကွ ... မင်းဟာက"

"ဟို ... ဟို ... မြွေ ... မြွေဟောက်ကြီး"

"ဘယ်မှာလဲကွ ... မြွေ၊ မင်းဟာက ဘာတွေ ပြောလို့ ပြောမှန်းမသိဘူး ... မင်းအိပ်နေတာလေ"

"ဟင် ... ကျွန် ... ကျွန်တော် ... အိပ်မက် မက် နေတာလား ... အိပ်မက်ထဲမှာ ... မြွေနဲ့တိုးနေလို့ ... အော်လိုက်ရတာ"

"မင်းဟာက ... ဘာမှန်းမသိဘူး၊ ဘာလဲ ... ကို ... ကိုဘမြင့် သမီးကို အိပ်မက် မက်နေတာလား ... မင်း အိမ်မိန်းကလေးကို စွဲလမ်းနေတဲ့စိတ်ကို ဖျောက်လိုက်စမ်း။

မင်းဟာ အိပ်မက်ထဲအထိတောင် ပါလာပြီ။ မင်းသွား တော့သက်ရင် မင်းလည်း ရွှေ့ကနှစ်ယောက်လို သေလိမ့်မယ်"

"ဟာ ... အဖေကလည်း ရွှေ့နှစ်ယောက်ဖြစ်ပေမဲ့

www.burmeseclassic.com



ကျွန်တော့်ကို မဖြစ်နိုင်ပါဘူး"

"မင်းက အချစ်စိတ်၊ မစိတ်မှန်နေတဲ့ကောင် ဘယ်လို ပြောပြော နားဝင်မယ့်ကောင် မဟုတ်ဘူး"

"အဖေတလည်း ကျွန်တော်တို့က ငယ်ငယ်လေးကတ ချစ်သူဖြစ်ခဲ့တာ"

"တဲ ... အရင်ကပဲဖြစ်ဖြစ်၊ အခုပဲဖြစ်ဖြစ်၊ မင်းသူ့ကို မယူရတော့ဘူး။ ငါလည်း သဘောမတူဘူး။

မင်း ... ပြန်အိပ်လိုက်အုံး၊ အစောကြီး ရှိသေးတယ်"

ဖခင်ဖြစ်သူက ဆူဆူပူပူပြောပြီး အိပ်ခန်းထဲက ထွက်သွား ပါသည်။

နေ့ခင်းက မိုးသီတာတစ်ယောက် ကျော်သီဟအား အဖြစ် ပြောလိုက်သဖြင့် စိတ်စွဲကာ အိပ်မက်ပင် မက်ခဲ့သည်။

အိပ်မက်တ ... သူ့အတွက် မကောင်းလှ။

ကျော်သီဟကလည်း ဘာအကြောင်းမှ မတွေးတော့ဘဲ အိပ်ပျော်အောင် အိပ်လိုက်တော့သည်။

xxxxxxxxx

ကတုတ်ရွာအတွင်းမှ ဆရာလေးကျော်သီဟနှင့် ဆရာ



ကိုမြင့်ဇော်တို့ စက်ဘီးတွန်းပြီး စကားပြောလာကြသည်။

ကျောင်းလွှတ်လိုက်သည်နှင့် တစ်ခါတည်း မပြန်သေးဘဲ စကားကောင်းနေကြသည်။

ရွာအထွက်ရောက်မှ တစ်ယောက်တစ်လမ်း ခွဲပြီး ကိုယ့်ရွာကိုယ်ပြန်ကြမည်ဖြစ်သည်။

"ဗျို့ ... အစ်ကိုလှသန်းနဲ့ အစ်မဝတို့ သုတ်သုတ် မြာမြာနဲ့ ဘယ်သွားကြမလို့လဲ"

"ဆရာတို့တော့ သိမှာ မဟုတ်ဘူး၊ အစ်ကိုလှသန်းရဲ့ တူမကို ရွာသူမြုစားထားလို့ ပယောဂကုတဲ့ဆရာကြီးတစ်ယောက် ပင့်ပြီး ဒီညနေကုလိမ့်မယ်။

ကျုပ်တို့လင်မယား အဲဒီအိမ်ကို သွားမလို့"

"တာ ... ကျွန်တော်လည်း လိုက်ကြည့်လို့ရမလား"

"ဆရာ ... ဝါသနာပါလို့လား၊ လိုက်လို့ရတာပေါ့"

"ဘယ်အထိ ... သွားမှာလဲ ... ဝေးလား"

"ဆရာတို့ကျောင်းရဲ့ အနောက်လမ်းမှာ ... သိပ်မဝေး ပါဘူး"

"ဆရာကိုမြင့်ဇော် ... ကျွန်တော် လိုက်သွားအုံးမယ်"

"သွား ... သွား၊ ကျွန်တော်ပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မနက်မှ ဆုံကြမယ်"

ဆရာကျော်သီတလည်း ကိုလှသန်း၊ မပုတို့နှင့်အတူ စကားပြောရင်း လိုက်သွားသည်။

သူစာသင်နေသော ဒုတိယတန်းမှ ကျောင်းသူမညွန့်ရီ၏ မိဘများဖြစ်သဖြင့် ဆရာနှင့်သိနေခြင်းဖြစ်သည်၊

မကြာခင်မှာပင် ပယောဂကုမည့်အိမ်သို့ ရောက်သွားသည်။

အိမ်ပေါ်မှာ ချောင်တစောင်း၊ ပုဝါအညိုပေါင်းထားသော အသက်ငါးဆယ်ကျော် ဆရာကြီးတစ်ယောက်ကို တွေ့ရသည်။

ဆရာကြီးဆေးတုသနေသည်ကို လာရောက်ကြည့်ရှုနေသူ ဆယ်ယောက်ခန့်ရှိသည်။

ဆရာကျော်သီဟနှင့် ကိုလှသန်းတို့ကို မြင်သဖြင့် ထိုင်နေသူများ နေရာပေးကြသည်။

"နေပါစေ ... ထိုင်နေကြပါ ... ကျွန်တော်ဒီနားမှာပဲ ထိုင်ပါ့မယ်"

ဆရာက တိုးတိုးပြောပြီး ဝင်ထိုင်လိုက်သည်။

ဆရာကြီးက ကုသမှုစနေပြီဖြစ်သည်။

"တဲ ... အခုအချိန်တစပြီး ... ဒီမိန်းကလေးမှာ ဝင်ရောက်ပူးကပ် နှောင့်ယှက်နေတဲ့ အစွဲရှင် အခုအမြန်ဝင်စမ်း"



ဆရာကြီးက အသံနေအသံထားနှင့် အမိန့်ပေး စေခိုင်းနေသည်။

"တဲ ... အသာတကြည် ဝင်နိုင်းနေတုန်း ဝင်နော်။ ဆေးငါးမန္တန်နဲ့ တွေ့ချင်လား ... ဆေးကြိမ်လုံးနဲ့ တွေ့ချင်လား။

ငါ့အကြောင်း သိတယ်ဆိုရင် ... အမြန်ဝင်စမ်း"

ထိုသို့ ပြောလိုက်သည်၊ ဆရာကြီး၏ရှေ့မှာ ထိုင်နေသော မိန်းကလေးတစ်ကိုယ်လုံး ရှေ့နောက်ယိမ်းထိုးနေသည်။

ဆရာကြီးက ဆေးကြိမ်လုံးနှင့် မန္တန်ဟုပြောလိုက်သည်နှင့် ပူးကပ်ဝင်လာပုံထောက်လျှင် ဆရာကြီး၏ အဆင့်ပါဝါ အတော် အသင့်ရှိကြောင်း အကဲခတ်မိလိုက်သည်။

"တဲ ... ရောက်ပြီလား"

"ရောက်ပါပြီ"

"တဲ ... ဘာကြောင့်၊ မိန်းကလေးကို အခုလို အရှက်တကွဲဖြစ်အောင် လုပ်ထားရတာလည်း ပြောစမ်း"

"လယ်ကွင်းထဲမှာ သူ့နွားတွေ စိုက်ခင်းဝင်စားနေလို့ လာမောင်းဖို့ ပြောတာ၊ မရှေမင်ပြောတယ်။

လူကြီးကို လူကြီးမှန်း မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



နင်ပဲဆောပြောပြီး ရန်တွေ့တယ်။

ထမီတိုတိုဝတ်ပြီး နပန်းလုံးမယ်၊ သတ္တိရှိရင် လာခဲ့ဆိုပြီး စိန်ခေါ်တယ်။

လယ်နီးနားချင်းတွေရှေ့မှာ မိုက်ရိုင်းလွန်းလို့ မခံနိုင်လွန်းတာနဲ့ လုပ်ပစ်လိုက်တာ။

အသေလုပ်တာ မဟုတ်ပါဘူး၊ နောင်မှတ်သွားအောင် လုပ်တာပါ"

"အေး ... ငယ်တဲ့သူက မသိလို့ မိုက်ရိုင်းတာ၊ ကြီးတဲ့သူက ခွင့်လွှတ်နိုင်ရမှာပေါ့၊ သူ့ရဲ့အုပ်ထိန်းသူတွေကို လာတိုင်ပြောဆိုလို့ ရတာပဲ၊ အခုလိုမျိုး မလုပ်သင့်ဘူး"

"ဒီမိန်းကလေးက မိဘဆိုဆုံးမစကား နားထောင်တာ မဟုတ်ဘူး၊ သူ့မိဘတွေကလည်း အပြောအဆို မိုက်ရိုင်းလို့ လွှတ်ထားတာ တစ်ရွာလုံးသိတယ်"

"နောက်ကို အခုလို ... ရိုင်းရိုင်းစိုင်းစိုင်း မပြောမဆိုအောင် ဆရာကြီးလည်း ပြောဆိုပါ့မယ်။ မင်းကလည်း ခွင့်လွှတ်ပြီး ပြုစား အပင်းသွင်းထားတာတွေ မှန်သမျှ ... အကုန်ပြန်ထုတ်ပေးပါ"

"ကျွန်မက ရွာထဲက ဘယ်သူ့ကိုမှ အောက်လမ်းပညာနဲ့



မလုပ်ခဲ့ပါဘူး။

အခု တော်တော်လေး စိတ်မကောင်း ဖြစ်ရပြီး အရှက်ရခဲ့လို့ ဆုံးမလိုက်တာပါ။ ပညာကို ပြန်နုတ်ပေးပါ့မယ်"

ထိုရွာသူ၏ ပြုစားနှောင့်ယှက်မှုကြောင့် မိန်းကလေးမှာ အိမ်ထဲမှာ ခုန်ပေါက်နေခြင်း၊ ရွာထဲသို့ ပြေးထွက်ခြင်း၊ တစ်နေကုန် ငိုလိုက် ရယ်လိုက် သီချင်းဆိုလိုက် အမျိုးစုံ ပြုလုပ်နေသည်။

အငြိမ်မနေသဖြင့် ထမိပင်မကပ်တော့သည့်အဖြစ်မျိုးကြောင့် မိခင်ဖြစ်သူက ကြိုးဖြင့်ချည်ပေးထားရသည်။

မိဘတွေကိုလည်း အမြဲရန်လုပ်နေသည်။ အစားအသောက်လည်း မမှန်၊ ပုံမှန်မဟုတ်သော အခြေအနေများကြောင့် ပြုစားခံထားရသည်ဟု လူကြီးများက ပြောကြသည်။

သို့ကြောင့် ပယောဂကုရာမှာ အစွမ်းထက်နာမည်ကြီး သည့်ဆရာကြီးကိုပင့်ပြီး ကုသစေခြင်းဖြစ်သည်။

မကြာခင်မှာပင် ရွာသူအောက်လမ်းပညာသည်က သူပြုစားထားသော အပင်းများကို ပြန်နုတ်ပေးလိုက်သည်။

အားလုံး၏ရှေ့မှာ ... ပါးစပ်ထဲမှ အပင်းသွင်းထားသော အရာများ အန်ထုတ်လိုက်ပြီး မကြာခင်မှာပင် အကောင်းပကတိ ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ထိုမိန်းကလေးအား မိဘဆွေမျိုး လူကြီးများနှင့် ရပ်ထဲရွာထဲက မည်သူ့ကိုမဆို အပြောအဆို ဆင်ခြင်ရန် ဆုံးမသည်။

ရွာသူပညာသည်က အသာတကြည် ပညာပြန်နှုတ်ပေးသဖြင့် ဆရာကြီးလည်း ပညာသည်ကို ရွာရှိလူများအား မပြုစား မနှောင့်ယှက်ရန် ကတိတောင်းသည်။

သူ့စကား နားမထောင်ပါက အောက်လမ်းပညာကိုပါ မက အသက်ကိုပါ နှုတ်ပစ်မည်ဟု ကြိမ်းဝါးပြောဆို သတိပေးလိုက်သည်။

ကာယကံရှင်မိဘများက ဆရာကြီးကို ကန်တော့ကြသည်။

ဆရာလေးကျော်သီဟက ဆရာကြီးကုသသည်ကို လိုက်ကြည့်ခြင်းမှာ အကြောင်းရှိသည်။

သူ၏အခက်အခဲကို တင်ပြပြီး ဆရာကြီးထံမှ အကူအညီတောင်းမည့်အကြံဖြစ်သည်။

အားလုံးကိစ္စပြီးတော့ ကျော်သီဟ ဆရာကြီးနားသို့ ရောက်သွားသည်။

ပြီး ... သူ့ကိုယ်သူ ဆရာကြီးကို မိတ်ဆက်လိုက်သည်။

"ဆရာကြီး ... ကျွန်တော်က ဒီရွာမူလတန်းကျောင်းက





ဆရာဖြစ်ပါတယ်။ ဆရာကြီးကုသနေတာကိုမြင်ပြီး အကူအညီတောင်းချင်စိတ် ဖြစ်ပေါ်လာပါတယ်"

"ဘာအကူအညီများလည်း ဆရာလေး"

"ဆရာကြီးကုသမှုကို လက်တွေ့သိမြင်ရပြီး ကျွန်တော်စဉ်းစားတွေးတော အကြံမရတဲ့ ကိစ္စတစ်ခုကို မေးမြန်းချင်လို့ပါ။ ဆရာကြီး အချိန်ရပါသေးလား"

"ဆရာလေးမှာ ဘာအကြောင်းကိစ္စတွေ ရှိလို့လဲ။ ဆရာကြီး အချိန်ရပါတယ်။ အကြောင်းကိစ္စရှိရင် ပြောပါ ... မေးစရာရှိရင် မေးပါ"

"ကျွန်တော်ရဲ့ ချစ်သူအကြောင်း၊ သူ့အပေါ် မိစ္ဆာကျူးကျော်နေတဲ့ မမြင်ရတဲ့ အန္တရာယ်အကြောင်းပါ"

ဆရာကျော်သီဟလည်း မိုးသီတာမိဘများနှင့် အောက်လမ်းသည်မ ရန်ကြွေးကို ပြောပြသည်။

မိုးသီတာ အိမ်ထောင်နှစ်ဆက်လုံး မင်္ဂလာဦးညမှာ မြွေပေါက်ခံရပြီး သေဆုံးသွားရသည့်အကြောင်း အကျဉ်းချုံး၍ ပြောပြလိုက်သည်။

ထိုမြွေက ဘယ်ကလာ၍ ဘယ်လိုပျောက်သွားမှန်း မသိတာ ပြောပြပြီး မိုးသီတာအား သူလက်ထပ်မည့်အကြောင်း၊ အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ကို ကာကွယ်ပေးပါမည့်အကြောင်းများကို ပြောပြလိုက်သည်။

ဆရာကြီးက မျက်လုံးမှိတ်ပြီး စဉ်းစားတွေးတောနေသည်။

"ဆရာရဲ့မိန်းကလေးမှာ မွေးရာပါ တိုက်မြွေပါလာတယ်။ မြွေပါလာတာကို သူလည်း မသိဘူး၊ သူ့မိဘတွေလည်း မသိဘူးကွယ့်။

တိုဝမ်းတွင်း စုန်းတွေလိုပေါ့ ဆရာလေး"

"စုန်းပညာမသင်ပါဘဲ မွေးလာကတည်းက ပညာစဉ်ပါလာတာ၊ သူကိုယ်တိုင်က မသိဘူး၊ ရန်ဖြစ်မှ သူတစ်ပါးကို မကျေမနပ်ပြောမိမှ တစ်ဖက်လူခံရတာကို ကရုပြုမိပြီး ဝမ်းတွင်းစုန်းပညာပါကြောင်း သိကြတာ။

အခုဆရာလေးရဲ့ ရည်းစားမှာလည်း အဲဒီနည်းတူပဲ။ သူကိုယ်တိုင်က မြွေပါလာမှန်း မသိဘူး။ သူ့အိမ်ထောင်ဖြူမှ သူ့ခန္ဓာကိုယ်မှာ ကပ်နေတဲ့ ဖွားဖက်တော်မြွေက ရှင်သန်လာပြီး ယောကျ်ားသားတွေကို ပေါက်သတ်ပစ်တာ။

ပေါက်သတ်ပြီးတာနဲ့ ပျောက်သွားရောပဲ။

ဘယ်လိုမှ ရှာတွေ့မှာ မဟုတ်ဘူး၊ ကာယကံရှင်လည်း သိမှာ မဟုတ်ဘူး။

အဲဒီ ... တိုက်မြွေ၊ ဝမ်းတွင်းပါတိုက်မြွေ။



"ဆရာလေးက ... မိန်းကလေးကို တကယ်ပဲ လက်ထပ်ချင်လား"

"ဟုတ်ကဲ့ ဆရာကြီး။ [illegible] အိမ်ထောင်ကျပြီးပါစေ၊ အခု [illegible] စိတ်ဆင်းရဲနေတဲ့အတွက် အမြဲကပ် [illegible] ကျွန်တော့်ကို လက်ထပ်ချင်ပါတယ်"

"အေး ... ဆရာကြီး [illegible] မိန်းကလေးကို မင်းသတ်ပါအောင် နားသွင်း၊ [illegible] အဲဒီ [illegible] မမြင်ရမှာမဟုတ်ဘူး၊ သူ့ကို လက်ထပ်ပါလို့ပြော [illegible] သူ [illegible] မင်းကို လက်ထပ်မှ [illegible] ဖြစ်ရမှာလို့ ပြောမှာကွယ့်"

"ဟုတ်ကဲ့ [illegible] ဆရာကြီး ကျွန်တော် နားထောင်နေပါတယ်"

[illegible] ရှိလိုက်ကွယ် ...

xxxxxxxxx

[illegible] ကျွန်တော် [illegible] ဆရာ [illegible] သိမှုန်း [illegible] သိတာတို့ [illegible] ဖြစ်လာသည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com

သတို့သား၊ သတို့သမီးတို့က တစ်ရွာတည်းသားတွေ
ဖြစ်သဖြင့်လည်း စည်ကားရခြင်းဖြစ်သည်။

ထို့ပြင် မိုးသီတာကြောင့်လည်း ပိုပြီး စည်ကားခြ
ဖြစ်သည်။ ဒီညကို သတို့သားကျော်ဖြတ်နိုင်ပါ့မလားဟု မင်္ဂလာ
လာသူတိုင်း စိတ်ဝင်စားနေကြသည်။

ရွာသူရွာသားတို့ စိတ်ဝင်တစား ရှိနေကြပေမဲ့ ကျော်
သီဟနှင့် မိုးသီတာတို့က အပူအပင်မရှိ၊ ယုံကြည်မှု အပြည့်အ
ရှိနေကြသည်။

စိတ်အေးလက်အေး အပြုံးမပျက် ညှော်ခံနေသ ၌။

စပီကာကြီးနှစ်လုံးမှ တွံတေး-ဒိန်းတန်၏ မင်္ဂလာတေ
သီချင်းကလည်း ပျံ့လွင့်နေသည်။

မကြာခင်မှာ မင်္ဂလာပွဲပြီးဆုံးသွားသည်။

မင်္ဂလာပွဲက မိုးသီတာတို့အိမ်မှာ ပြုလုပ်ခြင်းဖြစ်သ
ကျော်သီဟကလည်း မင်္ဂလာပွဲပြီးပါက မိုးသီတာတို့အိမ်မှာ နေရ
ဖြစ်သည်။

သို့ဖြင့် ညဘက်သို့ ရောက်လာသည်။

"မိုး ... ကိုယ့်ကို မစောင့်နဲ့၊ စိတ်ချလက်ချ အိပ်လိုက်
နော် ... ကိုယ်တာမှ မဖြစ်စေရဘူး။ အိပ်ပျော်အောင်သာ အိပ်လိုက်



မိုးမအိပ်ခင် ဖျော်ရည်တစ်ခွက်သောက်လိုက်၊ ကိုယ်ဖျော်လာခဲ့တယ်"

"ကိုရော မသောက်ဘူးလား"

"တို့မှာ ကိုယ့်အတွက် တစ်ခွက်လေ၊ အိမ်အတွက်
ယူလာမေးတာ"

ကျော်သီဟက သံပုရာရည်တစ်ခွက် ဖျော်တိုက်သည်။
ထိုခွက်ထဲမှာ အိပ်ဆေးနည်းနည်း ထည့်ထားသည်။ မိုးသီတာ
နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေရန်ဖြစ်သည်။

ဖျော်ရည်သောက်ပြီး မကြာခင်မှာပင် မိုးသီတာအိပ်ပျော်
သွားခဲ့သည်။

ညဆယ့်တစ်နာရီခန့်ရှိတော့ လူတစ်ရပ်မီးပါး ငှက်ပျောတုံး
ပင်စည်ကို စောင်နှင့်ပတ်ပြီး အိပ်ရာထဲသို့ ကျော်သီဟယူခဲ့သည်။

သူ့ကိုယ် စောင်နှင့်ပတ်ပြီး ငှက်ပျောတုံးနှင့်အတူ မိုးသီတာ
၏ဘေးမှာ ဝင်အိပ်လိုက်သည်။ ထို့နောက် စောင်ကိုအသာအယာ
မပြီး ဘေးသို့ ဖြည်းဖြည်းချင်း လှိမ့်ချလိုက်သည်။

မိုးသီတာ၏ဘေးမှာ ငှက်ပျောတုံးကို စောင်ခြုံပေးထားသော
ကျော်သီဟအတုက ရှိနေသည်။

ကျော်သီဟကတော့ အခန်းထောင့်ကနောက်မှာ ငြိမ်နေပြီး
လက်နက်ကိုရိယာအပြည့်အစုံနှင့် အခြေအနေကို စောင့်ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ဆယ်တစ်နာရီခွဲလည်း မထူးခြား၊ ဆယ့်နှစ်နာရီထိုးလည်း မထူးခြားသေး။

တစ်နာရီကျော်ကျော်ခန့် ငြိမ်ပြီး ရပ်နေရသူအတွက် တစ်မိနစ်ပြီး တစ်မိနစ်အချိန်တို့က ကြာလွန်းလှသည်။

တစ်ချက်တစ်ချက်မှင် အိပ်ငိုက်သွားမိသည်။

ထိုစဉ် ထူးခြားမှုတစ်ခုကို တွေ့လိုက်သဖြင့် ကျော်သီဟ၏ ငိုက်နေသောမျက်လုံး အနည်းငယ် ကျယ်သွားသည်။

"တင် ... ဘာပါလိမ့်"

မိုးသီတာ၏ခြေဖျားနားအထိ ဖုံးနေသောထမီက တဖြည်းဖြည်း လန်တက်လာသည်။

နှစ်ဖက်လုံးကား မဟုတ်၊ ညာဘက်ခြေထောက်အပေါ်ထမီက ပို၍ လိမ်တက်လာသည်။

ဒူးအထက်ပင် ရောက်လာသည်။

ပေါင်အလယ်ထိပင် ထမီက လန်တက်နေသည်။ ပေါင်အလယ်တွာသာအရောက်၊ ထမီလန်တက်နေမှု ရပ်တန့်သွားသည်။

ထို့နောက် ဆိုပေါင်အလယ်ဆီမှ မည်းမည်းအရာတစ်ခု လှုပ်ရှားလာသည်ကို တွေ့နေရသည်။



ထိုမည်းမည်းအရာက အရှည်တစ်မိုက်ခန့်နီးပါး ရှည်ထွက်လာသည်။

ထို့နောက် တစ်ထွာခန့်မှ တစ်တောင်ခန့်ပင် ရှည်လာနေသည်ကို တွေ့ရသလို လူးလွန့်လှုပ်ရှား၍ပင်နေသည်။

အလုံးအရွယ်က စမြင်ရစဉ် လက်မအရွယ်ဖြစ်သည်။ ထို့နောက် တဖြည်းဖြည်း ခြေမအရွယ်ခန့်ရှိ တုတ်တုတ်ခိုင်ခိုင် မည်းမည်းပြောင်ပြောင် လှုပ်ရှားနေသည့် မြွေဟောက်တစ်ကောင်အဖြစ် ပြောင်းလဲနေသည်ကို မြင်ရသည်။

မြွေဟောက်တစ်ကောင်အဖြစ် ပြောင်းလဲသွားပြီးသည်နှင့် မိုးသီတာ၏ တစ်ဖက်မှာရှိသော လူသဏ္ဌာန်ဖုတ်မျောတုံးကို ပါးပျဉ်းထောင်ပြီး အားပါးတရ ပေါက်ချလိုက်သည်။ မြွေခွယ်နှင့် ဖုတ်မျောတုံး ငြိနေသဖြင့် အစွယ်ကို ပြန်နုတ်၍မရ၊ လူးလွန့်ရုန်းကန်နေသည်။

မိုးသီတာက အိပ်ဆေးကြောင့် မြွေရုန်းကန် လှုပ်ရှားနေသော်လည်း နိုးမလာခဲ့။

ကျော်သီဟကလည်း မြွေမြင်၍ ကြောက်လန့်မိသော်လည်း အားတင်းပြီး မြွေဦးခေါင်းကို မလှုပ်ရှားနိုင်ရန် ညှပ်ဖြင့် ညှပ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အယ်လက်က မြွေခေါင်းကို ညှပ်ထားသော ညှပ်အား မလျှော့ရှားနိုင်အောင် တင်းတင်းကိုင်ထားပြီး ညာလက်က ပေါင်အရင်းရှိ မြွေအမြီးပိုင်းနေရာကို ညှပ်ပစ်လိုက်သည်။

မြွေကို ညှပ်ပစ်လိုက်သော ပေါင်အရင်းရှိ ဒဏ်ရာမှ သွေးထွက်လာသဖြင့် ဆရာကြီးပေးထားသည့် ဆေးတစ်မျိုးဖြင့် ဖိသိပ်လိုက်သည်။

သွေးမထွက်တော့။

အမြီးပိုင်းနေရာကို ဖြတ်ပစ်လိုက်သည်နှင့် မြွေကလက်ထဲမှာပင် အမှုန့်ဖြစ်ပြီး ပျောက်ကွယ်သွားသည်။

ပေါင်အသားစိမှ ဒဏ်ရာကို ဆေးဖြင့် အသေအချာ ဖိသိပ်ပြီး ခဏစောင့်ကြည့်နေသည်။

သွေးမထွက်တော့တာ သေချာမှ ထမိကို ပြန်ဝတ်ပေးလိုက်ပြီ။ ငုတ်ပျောတုံးကြီးကို ကုတင်ပေါ်မှသူတာ အခန်းထောင့်မှာ ထောင်ထားလိုက်သည်။

ထို့နောက် မိုးသီတာ၏ဘေးဝင်ပြီး ကုတင်ပေါ်မှာ စိတ်ချလက်ချ အိပ်လိုက်တော့သည်။

မနက်လင်းတော့ အိပ်ဆေးမြုပ်နေပြီဖြစ်သည့် မိုးသီတာ နိုးလာသည်။



ရုတ်တရက် သူသတိရပြီး ဘေးမှ ကျော်သီဟကို ကြည့်လိုက်သည်။

ကျော်သီဟက ဘာမှမဖြစ်သည့်ပုံ အားရပါးရ အသက်ရှူ ... က အိပ်ပျော်နေသည်ကို တွေ့လိုက်မှ ရင်ကို ဖိမိသွားရသည်။

ကျော်သီဟပြောခဲ့သလိုပင် သူ့ကိုယ်ရန် သူ့မှာ သေကောင်းသမားကောင်း ရှိသည်တဲ့။

မိုးသီတာ ခန္ဓာကိုယ်မှာ ခိုကပ်နေသည့် မမြင်ရတဲ့မြွေကို နှိမ်နင်းပေးမည့်အကြောင်း ပြောလာခဲ့က မယုံခဲ့သော်လည်း အချိန်နှင့် မဝေးလှသဖြင့် ခေါင်းညိတ်ခဲ့ရသည်။

သူကိုယ်တိုင် လူကြီးတွေကို ယုံကြည်အောင် ပြောခဲ့ပြီး သဘောတူညီချက်ယူကာ အသက်နှင့်လောင်းကြေးထပ်၍ လက်ထပ်ယူခဲ့သူဖြစ်သည်။

ယခုတော့ ပြောသည့်အတိုင်း မိမိလည်း ဘာမှ မဖြစ်တော့။ ကျော်သီဟက စိတ်ချလက်ချ အိပ်ပျော်နေသည်။

မိုးသီတာ အနားတိုးပြီး ကျော်သီဟပါးနား ကပ်လိုက်သည်။

"တင်"

www.burmeseclassic.com

www.burmeseclassic.com



ကျော်သီဟာ နိုးသွားပြီး မျက်လုံးဖွင့်ကြည့်သည်။

"နိုးပြီလား"

"ပါးစပ်မှာ ပူခနဲ ဖြစ်သွားလို့ လန့်နိုးလာတာ။

ပါးကို မြွေပွေးလေး ပေါက်သွားပြီလားလို့"

"ကြည့် ... နိုးနေရက်နဲ့ ငြိမ်နေတယ်၊ တကယ် မြွေ

ပေါက်ရင် ... အခုလိုတောင် ပြောနိုင်မှာ မဟုတ်ဘူး။

ကဲ ... ထပါဦး၊ မိုး သိချင်နေတယ်၊ ညက ဘာတွေ

ဖြစ်ခဲ့လဲဆိုတာ"

"မျက်နှာသစ်ပါရစေဦး မိုးရယ်"

"မရဘူး ... နောက်မှသစ် ... အခုပြော"

ကျော်သီဟ ထထိုင်လိုက်သည်။

မိုးသီတာက ခြေပေါက်ပြီး ထိုင်နေသဖြင့် ကျော်သီဟ

ခြေထောက်နှစ်ချောင်းကိုကိုင်ပြီး ရုတ်တရက် ဆွဲထုန့်လိုက်သည်။

"ဘာလုပ်အုံးမလို့လဲ မနက်ပိုင်းကြီး"

"အမယ် ... ဘာလဲ့တွေးနေမြန်ပြီ"

ကျော်သီဟက ခြေသင်းတိုင်ရက် အနေအထားရှိနေသော

မိုးသီတာ၏ ညာဘက်အခြမ်းထမိကို မပြောမဆို ဆွဲလှန်သဖြင့်

မိုးသီတာလက်နှင့် အတင်းလိုက်ဖိသည်။



"ဘယ်လိုဖြစ်နေတာလဲ ... မနက်အစောကြီး ကောင်း

ပါဘူး၊ ညတုန်းက အိပ်နေပြီး"

"ဟာ ... မိန်းကလေး ... လိုရာဆွဲတွေးနေမြန်ပြီ"

"လုပ်ပုံကဖြင့် ခြေထောက်ဆွဲဆန့်၊ ထမိဆွဲလှန်နဲ့ အတင်း

ဘာလုပ်မှာရ မြူမလို့လား"

"ကဲ ... ကဲ၊ ကြွေမှ ဖြစ်တော့မယ်၊ ခင်ဗျားလေးရဲ့

ညာဘက်ပေါင်ထဲမှာ ကျွန်တော်မျိုးညက တစ်ကြိမ်နဲ့ ညပ်ဖြတ်

ပြီး သတ်မှတ်လိုက်တဲ့ ဒဏ်ရာရှိတယ်။

အဲဒီဒဏ်ရာကို မင်းကို ပြမလို့"

"ဟင် ... ပေါင်လယ်မှာ ဒဏ်ရာ၊ ဘာဒဏ်ရာလဲ"

မိုးသီတာက ထိုအခါမှ လန့်လန့်ဖြတ်ဖြတ်နှင့် ထမိကို

ပေါင်လည် ဆွဲလှန်ပစ်လိုက်သည်။

"အင်း ... တို့မှတ်တာကိုယ် လှန်မှာပဲ ... ပေါ်တင်ဖြစ်

တော့တယ် ... ထဲ ... တဲ"

"ဒီမှာ ကြောက်ရတဲ့အထဲ နောက်နေနိုင်သေးတယ်၊

ဘယ် ... ဘယ်မှာလဲ၊ ဒီ ... ဒီ ... အရင်လိုပဲ မရှိ

ပါဘူး။ ဒီနေရာမှာ အရင်က မှဲ့နီအဝုလေးပဲရှိတာ"

"အေး ... အဲဒီ မှဲ့နီအဝုမဟုတ်ဘူး ရွှေရောင်မွှေးချင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဖော်လေးရှိတဲ့နေရာ။

အဲဒီ မှဲ့နီအစုလေးက ခင်များလင်ယူလိုက်တာနဲ့ ည သန်းခေါင်မှာ တိုက်မြွေအဖြစ် အသက်ဝင်လာပြီး သူတို့ဘားတွေကို ပေါက်သတ်နေတာ။

ပေါက်သတ်ပြီးတာနဲ့ နဂိုအတိုင်း ပြန်ပြီး မှဲ့အဖြစ် ပြောင်းသွားလို့ ဘယ်သူမှ မသိတာ။

ညက ကျွန်တော်မျိုး ခင်များလေးကို ဖျော်ရည်ထဲ အိပ် ဆေးထည့်လိုက်လို့ မြွေရန်းကန်လှုပ်ရှားတာရော၊ ကျွန်တော်မျိုး မြွေကို ညှပ်နဲ့ဖြတ်လိုက်တာရော ခင်များလေး မသိတာ"

"ဒီကြောင့် ဖျော်ရည်တိုက်တာ တို့အချစ်က သိပ်အလိုက် သိတာပဲလို့ စိတ်ထဲမှာ အမှတ်ပေးနေတာ၊ သူက အကြံနဲ့ တိုက်တာကိုး"

"ကိုယ့်အသက်ကို ငှက်ပျောတုံးနဲ့ ဆရာကြီးက ကယ် လိုက်တာပဲ"

"အဲဒီမြွေရော ... အဲဒီမြွေ ဘယ်မှာလဲ"

"ညှပ်နဲ့ ညှပ်ထားရင်း လက်ထဲမှာပဲ အခိုးအငွေ့ဖြစ်ပြီး ပျောက်သွားတယ်။

ဒီအဏ်ရာကိုတော့ ဆရာကြီးပေးတဲ့ဆေးနဲ့ သိပ်ပေးထား



တယ်၊ ဒီအဏ်ရာက နှစ်ရက်သုံးရက်လောက် ဆေးလိမ်းပေးရင် နဂိုအသား အတိုင်း ပြန်ဖြစ်သွားမယ်တဲ့"

"ကော်တော် ... ထူးဆန်းတယ်နော်"

"အင်း ... အခုတော့၊ မိဘတွေလက်ထက်က ကျိန်စာ တိုက်ထားခဲ့တဲ့ တိုက်မြွေလည်း မရှိတော့ဘူး။

အချစ်နဲ့ကိုယ် အတူနေခွင့်ရဖို့ လူနှစ်ယောက်ရှေ့က စတေးပေးခဲ့ရတယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

"သူတို့ သေသွားလို့လည်း ချစ်ရဲ့ခန္ဓာကိုယ်မှာ ကပ်ပါ လာတဲ့ တိုက်မြွေအကြောင်း ကိုယ်စုံစမ်းလို့ သိရှိခဲ့ရတာ။

ကိုယ်နဲ့ချစ် အရင်ဆုံး လက်ထပ်မိရင် ပထမဆုံး ကိုယ် သေပြီး ချစ်လည်း လင်ကောင်းသားကောင်းရတော့မှာ မဟုတ်ဘူး။

မဆိုးမ ဘယ်ဆက်မြောက်ဖြစ်ရင် ဖြစ်သွားမှာ"

"ကြည့် ... စကားကို အကောင်းမပြောဘူး၊ သွား ... မျက်နှာသွားသစ်"

"ခင်များလေးလည်း မျက်နှာထွက်သစ်။

အပြင်က ရွာသားတွေလည်း တော့်သီလည်ရဲ့အခြောင်း တောက်ဖို့ ပြင်ဆင်နေကြပြီ ထင်ပါရဲ့ ... သူတို့ကို ငှက်ပျော

www.burmeseclassic.com

www.burmeseclassic.com



တုံးကြီး ထွက်ပေးလိုက်မယ်"

ကျော်သီတလည်း ပြောပြောဆိုဆို ငှက်ပျောတုံးကြီး ထမ်းပြီး အိမ်ခန်းအပြင်သို့ ထွက်ခဲ့သည်။

×××××××××

ကျော်သီတနှင့် မိုးသီတာတို့လည်း သူတို့၏ အခက်အခဲကို ကူညီလမ်းညွှန်ပေးလိုက်သော ဆရာကြီးအား ... သွားရောက် ကန်တော့ကြသည်။

"အေး ... ရှုံ့ကိုရှုံ့ခြင်း မတို့နှင်းမိပါစေနှင့်၊ မေတ္တာ နဲ့ နေနိုင်အောင်သာ ကြိုးစားကြကွယ့် ..."

ဆရာကြီးက ဆုံးမသြဝါဒပေးသည်။

"ဟုတ်ကဲ့ ... ဆရာကြီး၊ ကျွန်တော်တို့ တစ်သက် မှတ်ယူသွားပါမယ်"

ဆရာကြီးကို ကန်တော့ပြီး ဆရာကြီး၏အိမ်မှ နှစ်ယောက် သား ပြန်လာခဲ့ကြတော့သည်။

**ကျော်မင်း**

www.burmeseclassic.com